www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

●

အဖုံးဒီဇိုင်း
ငွေစင်ကြယ်

●

တန်[illegible])ကျပ်

●

ထုတ်ဝေသူ
ဦးသန်းထွဋ်အောင် (မြဲ ၀၃၉၆၇)
အမှတ်–၂၇၃၊ လမ်း(၄၀)အထက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

●

အဖုံး/အတွင်း ပုံနှိပ်သူ
ဦးဝင်းအောင် (Main ပုံနှိပ်တိုက်) (မြဲ ၀၁၁၁၉)
အမှတ်–၁၉၁၊ ၃၉–လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း (CIP)

| | |
|---|---|
| မင်းပုည | 395.83 |
| သရဲဂို/မင်းပုည–ရန်ကုန်။ | |
| ဖိုးရာဇာစာပေ၊ ၂၀၁၆၊ ရန်ကုန်။ | |
| ၁၆၀–စာ၊ ၁၂ x ၁၈ စင်တီ။ | |
| (၁) သရဲဂို | |

www.burmeseclassic.com

www.burmeseclassic.com

# သရဲပိုင်

## မင်းယုည

*

ဖြန့်ချိရေး
ဗိုးရာဇာ စာအုပ်တိုက်
အမှတ်-၂၇၃၊ လမ်း (၄၀) အထက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၄၃၀၆၇၈၉၆

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဘုံသားများနဲ့ ကခုန်ခြင်း | ၉ |
| ၂။ | သစ်ခြောက်ကုန်း | ၁၆ |
| ၃။ | မှော်ဆရာမ | ၁၉ |
| ၄။ | နာနာဘာဝလော . . . လူလော . . . | ၂၄ |
| ၅။ | အရည်ပျော်သတ္တိ | ၂၇ |
| ၆။ | တိုက်ဆိုင်သည်လား ဝိုးတဝါး | ၃၁ |
| ၇။ | အိပ်မက်ဆိုး | ၃၄ |
| ၈။ | ဖိုးခွားက တော်ပါသေး | ၄၀ |
| ၉။ | လက်မည်းကြီး | ၄၄ |
| ၁၀။ | ဒုက္ခကို ဓားနဲ့ခုတ်မယ် | ၄၇ |
| ၁၁။ | ပွဲလန့်တုန်း ဖျာခင်းသူ | ၅၀ |
| ၁၂။ | နတ်ဆရာ ကွဲတဲ့ခေါင်း | ၅၃ |
| ၁၃။ | နတ်ကို ခုတုံးလုပ် | ၅၇ |
| ၁၄။ | အပိုင်စားပေးခြင်း | ၆၃ |
| ၁၅။ | သရဲရှိလို့လား | ၆၇ |
| ၁၆။ | အတိတ်က ဆွေစဉ်မျိုးဆက် | ၇၇ |
| ၁၇။ | မစိုးရိမ်ပါနဲ့ သက်ထားရယ် | ၈၃ |
| ၁၈။ | သရဲနှင့် ထုတ်စီးတိုး | ၈၈ |
| ၁၉။ | အခွင့်အရေး ကောင်းနေဆဲ | ၉၁ |
| ၂၀။ | အရက်ဆိုင်က ရန်ပွဲ | ၉၆ |
| ၂၁။ | အံ့သြကုန်သည် | ၁၀၂ |
| ၂၂။ | တောင်းတဲ့ဆုနဲ့ပြည့်စေသား | ၁၀၆ |


www.burmeseclassic.com

www.burmeseclassic.com

၂၃။ အရက်ဆိုင်မှာ သရဲ ၁၁၁
၂၄။ ဘုရားပေးတဲ့ဆေး ၁၂၃
၂၅။ ကြောင်မရှိတော့ ကြွက်သောင်းကျန်း ၁၃၁
၂၆။ သရဲနှင့်ရင်ဆိုင် ၁၃၆
၂၇။ အိမ်ရှေ့က 'ဝ'များ ၁၃၉
၂၈။ ဆရာအိမ်ပေါ်က သရဲ ၁၄၁
၂၉။ သရဲဖမ်းပွဲ ၁၄၄
၃၀။ သရဲငို ၁၄၈
၃၁။ သရဲပြေးတဲ့နေ့ ၁၅၈

www.burmeseclassic.com

www.burmeseclassic.com

ဦးစိုးခင်ဆိုတဲ့လူကြီးက
သရဲကြီးကို ခိုင်းနိုင်တဲ့ စွမ်းအားတွေရှိတယ်။
သူ့ကို စိတ်ဆိုးအောင် လုပ်သူတွေကို
သရဲကြီးနဲ့ ရိုက်ခိုင်းတယ်။
အဲဒီအကောင်ကြီးကလည်း ...

www.burmeseclassic.com

www.burmeseclassic.com

သရဲ့လက်ထဲက လူယူလာတဲ့
ဘုရက်က ပိုပြီးမူးတယ်။
အဲဒီအရက်ကို သောက်တဲ့လူဟာ
မကောင်းဆိုးဝါးတွေကို မြင်နိုင်တယ်။
လွင့်ပျံ့နေတာတွေလည်း တွေ့ရတယ်။
အဲဒီအရက်သောက်ပြီးရင်တော့ ....

www.burmeseclassic.com

www.burmeseclassic.com

အောင်စိုးကြီးတဲ့ ...။
ဘယ်လိုအရာကိုမှ လက်ပိုက်
ကြည့်မနေဘူး။
သရဲကြီးနဲ့ အပေါင်းအပါတွေကို
တုတ်နဲ့ရှင်းပစ်ရမယ်။
မယုံရင်စမ်းကြည့်...
ငါ့အကြောင်း သိစေရမယ် ...
တစ်ခုတော့ ပြောမယ်....

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com 

## အခန်း-(၁)
## ဘုံသားများနဲ့ ကစုန်ခြင်း

တိတ်ဆိတ် ခြောက်ခြားစရာကောင်းတဲ့ 'အ'ကာလညမှာ လူငယ်လေး တစ်ယောက် ခြေဦးတည့်ရာကို ပြေးနေသည်။

ဆူညံစွာထွက်ပေါ်လာတဲ့ ခွေးဟောင်သံများက လူ့အသက်ကို သေစေနိုင်တဲ့ စွမ်းအားများစွာရှိသည်။

လူငယ်လေးသည် ရှေးဟောင်းရဲတိုက်ကြီးများကြားက ပြေးနေသည်။ ၎င်းအနောက်တွင် လူကိုသေစေနိုင်တဲ့ လက်နက်များကိုကိုင်ဆောင်ပြီး ထွက်ပါလာတဲ့ ရဲမက်အင်အားက ထောင်ပေါင်းများစွာ. . .

အသက်ဘေးက လွတ်မြောက်အောင်ပြေးရင်းက သုသာန်ဟောင်းကြီး တစ်ခုအတွင်းကို ရောက်ရှိသွားသည်။

လူငယ်သည် အုတ်ဂူကြီးတစ်ခုဘေးတွင် ပုန်းအောင်းနေသည်။

"ဝုန်း"

"ဟား"

"အမလေး"

အုတ်ဂူကြီးသည် အက်ကွဲပွင့်ထွက်သွား၏။

ဖြူဖွေးတဲ့ဆံပင်များဖြင့် အကောင်ကြီးတစ်ကောင်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်အခြားအုတ်ဂူအတွင်းမှ အကောင်ပေါင်းများစွာ ထွက်လာကြသည်။ ၎င်းအကောင်များသည် လွန်စွာကြောက်စရာကောင်းနေသည်။

ပုန်းနေတဲ့လူငယ်လေးရှိရာကို ဦးတည်လာနေကြသည်။ အကောင်များသည် မီးဟုန်းဟုန်းတောက်လောင်တဲ့အကြည့်များဖြင့် ကြည့်နေကြသည်။

ကျားရဲတိရစ္ဆာန်များက သားငယ်တစ်ကောင်ကို စားသောက်ရန် ဟန်ပြင်နေတဲ့ ပုံစံမျိုးဖြစ်နေကြသည်။

"ဟာ. . . ငါဘယ်လိုပုံစံနဲ့ ထွက်ပြေးရပါမလဲ"

"သူတို့ငါ့ကို တကယ်စားကြမှာလား၊ ငါဘာလုပ်ရမလဲ"

"စဉ်းစားစမ်း. . . စဉ်းစားစမ်း"

အချိန်သည် မိနစ်ပိုင်းမျှသာကျန်ရှိပေသည်။

ထွက်ပြေးလျှင် လွတ်ဖို့ဆိုတာမလွယ်ရှာအောင် ဖြစ်နေသည်။ တဖြည်းဖြည်းအနားကို နီးကပ်စွာရောက်ရှိလာကြသည်။

"ဝုန်း"

"ဟာ. . . အမလေး"

အုတ်ဂူကြီးတစ်ခုနှစ်ခြမ်း ကွဲထွက်သွားသည်။ အုတ်ဂူကြီးအတွင်းမှ အကောင်ကြီးတစ်ခုထွက်ပေါ်လာသည်။ ရဲရဲနီနေတဲ့ဆံပင်များက မျက်နှာကို မြင်တွေ့ရခြင်းမရှိအောင်ဖုံးလွှမ်းနေသည်။

လက်ကျန်အုတ်ဂူများကွဲအက်ပွင့်ထွက်လာသည်။

အတွင်းထဲမှအကောင်များ ထွက်လာကြသည်။ နီရဲတဲ့မျက်လုံးများဖြင့် ကြည့်နေကြသည်။

လူငယ်လေးကို အငမ်းမရစားသောက်ချင်တဲ့စိတ်များဖြင့် ဦးတည် နေကြသည်။ များပြားလှတဲ့အကောင်များ တဖြည်းဖြည်းနီးကပ်လာကြသည်။

လက်များက ဆန့်တန်းလာသည်။ လူငယ်လေးကို သူထက်ငါအပြိုင်

www.burmeseclassic.com

www.burmeseclassic.com


ဆွဲရန် ကြိုးစားနေကြသည်။

လူငယ်လေးသည် ထွက်ပေါ်လာတဲ့ အကြွက်ချက်ချင်းအကောင်အထည် ဖော်လိုက်သည်။ လူငယ်လေးသည် လက်နှစ်ဖက်ကို အပေါ်ကိုမြှင့်တင်ပြီး ခြေထောက်များကို ရှတ်တရက်စုလိုက်သည်။

လက်ခုတ်ကို အချက်ပေါင်းများစွာ တီးလိုက်သည်။

ရောက်ရှိလာတဲ့အကောင်ပေါင်းများစွာ အံ့သြစွာဖြင့်လူငယ်လေးကို ကြည့်နေသည်။ ၎င်းသည် အနောက်တိုင်းအကများကို စတင်,ကနေသည်။ မွှေးကြွတဲ့အကများဖြစ်နေ၍ ၎င်းများပါ,ကနေကြပေ၏။

"အ"ကာလ ညအမှောင်မှာပျော်ရွှင်စရာပွဲလေးတစ်ခု ဖြစ်နေသည်။ အချိန်ကြာမြင့်စွာ 'အုတ်ဂူအတွင်းမှာ နေခဲ့ကြသူတွေအတွက် ထိုနေ့ဟာ ပျော်ရွှင်ဆုံးနေ့တစ်နေ့ဟု ထင်မှတ်နေကြပေ၏။

မိနစ်ပေါင်းများစွာ "က"ခုန်နေရတဲ့ လူငယ်လေးသည် အားအင် ကုန်ခန်းပြီး မောပန်းလာသည်။ ဆက်လက်"က"ခုန်နိုင်စွမ်းမရှိ၍ ခြေဦးတည့်ရာ ထွက်ပြေးနေသည်။ အကောင်ပေါင်းများ အနောက်က လိုက်နေကြသည်။

"အဲဒါ ငါသိတယ် ဇော်ဝင်း"

"မင်းက ဘာသိတာလဲ တင်မောင်"

"ငါလည်းသိတယ်"

တစ်ယောက်တစ်မျိုးအသိချင်းပြိုင်နေကြသည်။ လူငယ်များသည် တစ်နေ့တာ ပင်ပန်းတာကိုအနားယူကြရင်း တွေ့ကြုံခဲ့ရတဲ့စိတ်ဝင်စားမှု များကိုပြောနေကြသည်။

"အဲဒါမိုက်ကယ်ဂျက်ဆင်ရဲ့ သီချင်းထဲကအကြောင်းအရာတွေပဲကွာ"

"မင်းကရော ဘာသိလို့လဲ" "ရှိတာပေါ့ကွာ"

♛♛♛♛♛

www.burmeseclassic.com

အခန်း-(၂)

## သစ်ခြောက်ကုန်း

တောရွာလေးနှင့် မလှမ်းမကမ်းတွင် တောင်ကုန်းကြီးတစ်ခု ရှိသည်။ တောင်ကုန်းထိပ်တွင် သစ်ခြောက်ပင်ကြီးတစ်ပင်ရှိသည်။ ကျေးလက်နေသူများက ထိုကုန်းကိုသွားရမှာ စိုးရွံ့ထိတ်လန့်နေကြ၏။ ထိုနေရာကို မရဏနေရာဟု ထင်မှတ်နေကြသည်။

သစ်ခြောက်ပင်ကြီးသည် လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကရှိနေတဲ့ အပင်ကြီးဖြစ်သည်။ ရာသီတွေဘယ်လိုပြောင်းပေမယ့် အရွက်အသီးအပွင့်မရှိ ထူးဆန်းတာက သစ်ခြောက်ပင်ကြီးသည် ချောရည်များနှင့်ပြည့်နှက်နေ သည်။ ထိုချောရည်များကို ကိုင်မိလျှင်သွေးညှီနံ့များနံ့သလို လွန်စွာ ရွံစရာကောင်းနေသည်။

ရွာသားမဟုတ်သူများသည် သစ်ခြောက်ကုန်းအနားကိုရောက်လျှင် မည်သူက လာရောက်သတ်သွားမှန်းမသိ ထိုနေရာ၌သာသေဆုံးသွားသည်။ အဆိုးဆုံးကတော့ လကွယ်ညဖြစ်သည်။

လကွယ်ည ၁၀နာရီတွင် သစ်ခြောက်ပင်ကြီးအောက်က မြင်းခွာ အသံ ကျယ်လောင်စွာ ကြားရသည်။ ထိုအသံကြားလျှင် ရွာသား အတွက် ...သိုးမိုး...ကျပြီဟု ထင်မှတ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com 

မြင်းဟီသံကြောင့် ရွာသားများတုန်လှုပ်ကုန်ကြသည်။

ရွာသားတစ်ယောက်ရဲ့အသက်ဆုံးရှုံးရတော့မယ်ဆိုတာ သိကြပေမယ့် ဘယ်သူ့ရဲ့အသက်ပျောက်ကွယ်သွားမည်ဆိုတာ ဘယ်သူမှကြိုတင်မသိရသည်ကာ စိုးရိမ်စရာဖြစ်နေသည်။

ရွာသားများသည် နေထိုင်ရာအိမ်များကို လုံခြုံစွာပိတ်ဆို့ပြီး မိသားစုများစုပုံပြီး စည်းလုံးစွာနေထိုင်နေကြသည်။

ထိုအချိန်တွင် ဆူညံတဲ့မြင်းခွာသံကြီးတစ်ခု ထွက်ပေါ်လာသည်။

မြင်းနက်ကြီးသည် သစ်ခြောက်ပင်ကြီးအောက် ဂူကြီးအတွင်းက ထွက်လာပြီး ရွာရှိရာကို ဦးတည်လာသည်။ မြင်းပေါ်တွင် လူတစ်ယောက် ထိုင်ပါလာသည်။

ရွာအတွင်းကို ဝင်ရောက်လာသည်။ ရွာလယ်လမ်းမအတိုင်း ဦးတည်နေသည်။ ကြီးမားတဲ့အိမ်ကြီးအတွင်းကို ဝင်ရောက်သွားသည်။

မြင်းနက်ကြီးနှင့်လူကို ခိုင်းနေတဲ့သူက ရွာဦးထိပ်က မိန်းမအိုကြီး ဖြစ်သည်။ မိန်းမအိုကြီးသည် အရာတစ်ခုကိုတုတ်ဖြင့် ရိုက်နေသည်။ ပါးစပ်ကလည်း ရွတ်ဆိုနေသည်။

မြင်းပေါ်ကလူသည် အိမ်ပေါ်ကိုတက်သွားသည်။ အခန်းတစ်ခုအတွင်းကို ဝင်ရောက်သွားသည်။ အခန်းတွင်းမှာ အသက်ခြောက်ဆယ်ကျော် လူကြီး တစ်ယောက်ရှိနေသည်။

"မင်း. . . မင်းဘယ်သူလဲ"

"ကျုပ်ရဲ့ခေါင်းကိုလာတောင်းတာ၊ ကျုပ်ခေါင်းကိုပြန်ပေးပါ"

"မင်းရဲ့ခေါင်း ငါ့မှာမရှိဘူး၊ ငါမယူဘူး"

"အဲဒါငါ့ခေါင်းပဲ"

လက်ညှိုးထိုးပြောလိုက်သည်။ အခန်းထဲကလူသည် ထိုလူစကားကို

www.burmeseclassic.com

www.burmeseclassic.com

လွှန့်စွာတုန်လှုပ်အံ့သြနေသည်။

အခန်းထဲကလူ ရှင်းပြရန်ကြိုးစားနေသည်၊ မြင်းပေါ်ကလူသည် ထိုအခန်းတွင်းကလူကိုသတ်ပြီးယူကာ အခန်းတွင်းက ထွက်သွားပေ၏။

"အဲဒါကြောက်စရာကောင်းတဲ့အရာပဲ . . . ဆက်မပြောနဲ့တော့ ခင်သိန်းရာ"

"မင်းကသိနေလို့လား စိန်လှ"

"သိတာပေါ့ကွာ၊ အဲဒီဇာတ်ကားကို ငါကြည့်ဖူးတယ်"

"ခေါင်းတောင်းတဲ့ကားကိုပြောတာ မဟုတ်လား"

"သိပ်မှန်တာပေါ့ကွာ"

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com 

## အခန်း-(၃)

## မှော်ဆရာမ

လူငယ် [illegible] ၎င်းတို့ကြည့်ခဲ့ရတဲ့ဇာတ်ကားများအကြောင်း တွေ့ကြုံခဲ့ရတဲ့ဖြစ်ရပ်များအကြောင်းကို ပြောနေကြသည်။

"ဘာပဲပြောပြော ငါကတော့. . . ဇာတ်ကားကိုကြိုက်တယ်ကွာ"

"မင်းတို့ပြောတာကို ငါစဉ်းစားနေတာကွာ"

"ဘာများလဲ"

"တို့နိုင်ငံက သရဲအကြောင်းကိုပြောဆို ယုံကြည်တာတော့ မှန်ပါ တယ်။ နိုင်ငံခြားက ဘာလို့သရဲအကြောင်းကိုယုံကြည်နေကြတာလဲ။ နိုင်ငံကတော့ သရဲဟာရှိတယ်လို့လည်း မပြောဘူး။ မရှိဘူးလို့လည်း ငြင်းဆိုကြဘူး"

"ဒါဆိုနိုင်ငံခြားက သရဲရှိတယ်ဆိုတာ လက်ခံတဲ့သဘောပေါ့ ပေါက်လား။ မြင့်လွင်"

"ဟုတ်တယ်ကွာ"

မြင့်လွင်သည် တက္ကသိုလ်မှာ ဘွဲ့ရကျောင်းသားတစ်ယောက်ဖြစ်ပြီး အတော်လွန်းသူတစ်ယောက် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ဗဟုသုတစုံသူတစ်ယောက်ဖြစ်သည်။

လက်ရှိကမ္ဘာအကြောင်းများကို စိတ်ဝင်စားအောင်ပြောတတ်သူ တစ်ယောက်လည်း ဖြစ်သည်။

"မင်းတို့ရှင်းအောင်ငါပြောပြမယ်။ တလောကမြန်မာနိုင်ငံထုတ် ဂျာနယ်တစ်စောင်မှာ 'ပရလောကသားများကို ဆက်သွယ်နိုင်သူနှင့်အင်တာ ဗျူး' ဆိုတဲ့ ဆောင်းပါးတစ်ပုဒ်ကို ငါဖတ်လိုက်ရတယ်။ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့က ကလေးသုံးယောက်မိခင် မစ္စဒမ်ဘီမာလုံးလို့ခေါ်တယ်။ သူ့ကို နိုင်ငံမှာက မှော်ဆရာမလို့တင်စားပြီး ခေါ်တယ်။ အခုသူ့အသက်က ငါး ကျော်ရုံပဲ ရှိသေးတယ်။

သူကပြောတယ်. . . သေဆုံးသွားပြီတဲ့ လူတွေကိုမြင်ကွေ့ရတယ် လို့ ပြောတယ်ကွာ"

"ဟာ. . . ဟုတ်ရဲ့လား"

"စိတ်ကူးယဉ်သက်သက်လားကွာ"

"ဒါကတော့ ယုံရခက်တဲ့ကိစ္စပဲ"

ဇော်ဝင်းတို့အဖွဲ့ အံ့ဩကုန်ကြသည်။

နားမလည်တဲ့အကြည့်များဖြင့် ကြည့်နေကြသည်။ မြင့်လွင်ကအေး အေးဆေးစွာ ထိုင်နေသည်။ ဆေးပေါလိပ်ကို တစ်ချက်ချင်း ဖွာရှိုက်နေ သည်။

သူငယ်ချင်းတွေရဲ့ စိတ်တွေဘယ်လိုပင်ဖြစ်ပါစေ မြင့်လွင်ကအေး အေးဆေးနေသည်။

လူသားတွေ အင်တာနက်ကိုနေ့စဉ်ကြည့်ရှုလေ့လာတတ်ကြပေမဲ့ စာပေကိုလေ့လာသူတွေထက် ကြုံတွေ့လိုက်လျှင် မှတ်သားစရာအနည်း အများနောက်ကျတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြင့်လွင်သည် အင်တာနက်နှင့်အတူ စာပေကိုပါလေ့လာတတ်သည်။ အများနှင့်တွေ့ကြုံတဲ့အခါ ၎င်းကပို၍သာလွန်နေသည်။ သူငယ်ချင်းအားပြောစကားများထက် မြင့်လွင်စကားကို ပိုစိတ်ဝင်စားတတ်ကြ၏။

"ဟော့ကောင့် . . . မြင့်လွင် ပြောအုံးလေကွာ"

"အေးပါကွာ ပြောမှာပေါ့"

"အဲဒီလိုမြင်တွေ့ရတာများလာတော့ အဲဒီဟာတွေကို ဓာတ်ပုံရိုက်ဖို့ စိတ်ကူးမိလာတယ်။ အဲဒီစိတ်ကူးအတိုင်းပဲ ဓာတ်ပုံရိုက်ကူးခဲ့တယ်ကွာ"

"ဓာတ်ပုံရိုက်တော့ ဘာထူးခြားလဲ မြင့်လွင်"

"ဓာတ်ပုံရိုက်တော့ အပြင်မှာတွေ့နေရတာနဲ့ အများကြီးကွာခြားတယ်။ ဓာတ်ပုံမှာ အဖြူရောင်ဆင်းကြောင်းတွေကလွဲပြီး ဘာမှမရှိဘူး။ အထဲကွဲကွဲ မမြင်တွေ့ရဘူးလို့ပြောတယ်"

"ဓာတ်ပုံမရိုက်ခင်ကရော"

"မစ္စဒမ်ဘီးမာလုံး ပြောစကားအရ သူတို့ဟာလူတွေကြောင့် စိတ်လန့်တဲ့ ပုံစံမရှိဘူးတဲ့ နာမည်ကြီး WHO မဂ္ဂဇင်းရဲ့အင်တာဗျူးမှာက ပရလောကအကြောင်းကို ပြောသွားတယ်ကွ"

"အဲဒါ စိတ်ဝင်စားစရာပဲ"

"အရေးထဲ ဒိန်းဒေါင်က ပျက်နေသေးတယ်ကွာ"

ခင်သိန်းကို မကျေမနပ်ဖြစ်ကုန်ကြသည်။ အားလုံးသည် မြင့်လွင်အားကို စိတ်ဝင်စားနေတုန်း ကြားပြတ်ဝင်လာတဲ့စကားကြောင့် စိတ်ညစ်ကြ၏။

"ခင်သိန်း မင်းပါးစပ်ပိတ်ထားကွာ၊ မြင့်လွင်ဆက်ပြောကွာ"

မစ္စဒမ်ဘီးမာလုံးက သူ့အင်တာဗျူးမှာ ပြောသွားတယ်။ အသက်ရှည်

www.burmeseclassic.com



ငါနှစ်လောက်က သူမနေထိုင်တဲ့အခန်းထဲမှာ လူတချို့ကိုမြင်ရပြီး သူတို့ရဲ့ စကားပြောသံကိုလည်း ကြားရတယ်တဲ့။ သူမဟာ သေလုမျောပါးရောဂါ ခြောက်ကြိမ်လောက်ဖြစ်ခဲ့ဖူးတယ်တဲ့။ ဒါပေမယ့် အသက်မသေခဲ့ဘူး အသက် ၂၆နှစ်မှ ၃၆နှစ်ကြားမှာ ဝိညာဉ်ပိုင်ဆိုင်ရာတွေ အများကြီးကြုံ တယ်။ သူမရဲ့ဒုတိယကလေးမွေးဖွားဖို့ ဆေးရုံကိုအရေးပေါ်သွားတုန်း လူနာတင်ကားပေါ်မှာ သူနာပြုဆရာမတစ်ဦးပါလာတယ်။ သူနာပြုဆရာ ဘေးမှာ ယောကျ်ားကြီးတစ်ယောက်ပါလာတယ်။ အဲဒီယောကျ်ားကြီး သူနာပြုဆရာမရဲ့ သေဆုံးသွားတဲ့အမေတဲ့။

"ဟေ. . ."

"ဟာ. . . ဘယ်လို"

"သူပြောတာတွေက အများကြီးပဲ။ အတိုချုံးပြီးပြောမယ်ကွာ။ သူ ပြောတာ ပရလောကသားတွေကို ပုံသဏ္ဍာန်အမျိုးမျိုးမြင်တွေ့ရတယ် တချို့က တစ်ကိုယ်လုံးပေါ်ပြီးတချို့က ကိုယ်တစ်ပိုင်းပေါ်တယ်။ နာခေါ ဒါမှမဟုတ် ရွှေသွားတွေရှိတာကိုပြတယ်။ အလင်းရောင်ပြတာမျိုးလည် ရှိတယ်။ အသက်ကြီးသူတစ်ဦးကို တော်တော်ကြာအောင် တွေ့ရသေးတယ် သူတို့က လူတွေတွေ့အောင် ဖန်တီးတတ်တယ်။ လူတွေကသူတို့ မတွေ့တတ်ကြဘူးတဲ့။ မစ္စဒမ်ဘီးမာလုံးပြောပြချက်အရ သူတို့ လူတွေလောက် ပါဝါစွမ်းအားတွေ မရှိကြဘူး။ လူတွေရဲ့ကူညီမှုတွေ ယုံလားနေကြတယ်။

မစ္စဒမ်ဘီးမာလုံးကို နိုင်ငံပိုင်ရဲတွေက အကူအညီတောင်း လူသတ်မှုဖြစ်လို့ တရားခံကိုဖမ်းမမိရင် ဖမ်းဆီးပေးဖို့ပဲ။ ဒမ်ဘီးမာလုံ သေဆုံးသူတွေကိုတွေ့ပြီး တရားခံကိုမေးတယ်။ တချို့က ဟာပြီးပြော တယ်။ အဲဒီကိစ္စကို အခြေခံပြီး ရုပ်ရှင်ရိုက်ထားတာရှိတယ်။ ဩစတြေး

www.burmeseclassic.com


နိုင်ငံမှာတော့ သူမရဲ့လုပ်ရပ်ကိုစိတ်ဝင်စားနေကြတယ်။ တစ်ခါတစ်ရံ ဖါစဉ်းစားမိတယ်"

"ဘာစဉ်းစားတာလဲ မြင့်လွင်"

"သူ့ရဲ့ပရလောကသားများကို မြင်ချင်တယ်။ သူတို့နဲ့စကားပြော ချင်တယ်"

"မဟုတ်တာကွာ"

အနားရှိသူငယ်ချင်းတစ်ယောက်က ပြောလိုက်သည်။

အချိန်သည် ညဉ်းပိုင်းကိုကျော်လွန်ရန် ကြိုးစားနေသည်။

သူငယ်ချင်းများသည် တစ်နေ့တာအလုပ်များကို လုပ်ကိုင်ကြပြီး ညနေစောင်းသည်နှင့် ရွာရှေ့က ကုက္ကိုပင်ကြီးအောက်မှာ အမောပြေ စကားများပြောတတ်ကြသည်။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း-(၄)

## နာနာဘာဝလော ... လူလော

စကားပြော ကောင်းလွန်းလို့ မိဘလူကြီးများက အခေါ်လွှတ်ရသည်အ
ဒိုင်လုံတဲ့အထောက်အထားများနှင့် ဥပမာပေးပြောတာတွေ့ရှိသည်။

ပထမကျော့မျိုးဆက်သစ်လူငယ်များ လက်ထက်ကဖြစ်သည်။

လူငယ်များသည် ကုက္ကိုပင်ကြီးအောက်မှာ စကားထိုင်ပြောနေကြသည်။ လဆန်းရက်မှာ ကောင်းကင်တွင်ကြယ်တာရာများက မှိတ်တုတ်မှိတ်တုတ်နှင့် လောကကြီးကိုနောက်ပြောင် ပျက်စပ်ပစ်နေသည်။

တစ်ခါသောညှ မောင်ဝင်းမြင့်ဆိုတဲ့ လူငယ်သည် တစ်ယောက်တည်း ထိုအပင်ကြီးအောက်မှာ ထိုင်နေ၏။ သူငယ်ချင်းများက နေထိုင်ရာအိမ်သို့ ပြန်ကုန်ကြသည်။ ၎င်းမှာအိမ်နှင့် အခြေအတင်ဖြစ်ခဲ့၍ ထိုအပင်ကြီးအောက်မှာ ဆက်လက်ထိုင်နေသည်။ ချောင်ကိုဖြတ်ပြီးတိုက်ခတ်လာတဲ့ လေနုအေးလေးတွေကြောင့် စိတ်ကို လန်းဆန်းစေသည်။

တိတ်ဆိတ်တဲ့ကာလမို့ လေတိုက်ခတ်သံကလွဲပြီး မည်သည့်အရာကို ကြားသိရခြင်းမရှိအောင်ဖြစ်နေ၏။

ပင်ပန်းမှုဒဏ်တွေက စိတ်ကိုအိပ်ငိုက်စေသည်။

မောင်ဝင်းသည် အတွေးကမ္ဘာမှာ မျောပါနေ၍ ၎င်းနေရာမှာထိုင်နေရာ နတ်ပြည်ရောက်သလို ထင်မှတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com 



ညစ်နွမ်းနေတဲ့စိတ်များ လန်းဆန်းလာသည်။

ထိုကဲ့သို့ နေ့စဉ်အချိန်တိုင်းဖြစ်နေရင် အကောင်းဆုံးဟုထင်မှတ်နေသည်။

"ဟာ. . . အမလေး. . . ဘာပါလိမ့်" အထိတ်အလန့်ဖြစ်သွားသည်။

ကြက်သီးများ ထလာသည်။ ပတ်ဝန်းကျင်ရဲ့တိတ်ဆိတ်မှုကြောင့် ကြောက်ရွံ့စိတ်များ လွှမ်းမိုးလာသည်။

မှိတ်ထားတဲ့မျက်လုံးကို ဖွင့်လိုက်သည်။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

မောင်ဝင်းသည် ကုက္ကိုပင်ကြီးကိုကျောမှီပြီး ချောင်းဘက်ကိုမျက်နှာမူပြီး အနားယူနေသည်။

မျှော်လင့်မထားတဲ့အချိန်မှာ အရာဝတ္ထုတစ်ခုသည် မျက်နှာကိုလာရောက်ထိသလို ခံစားလိုက်ရသည်။

မျက်နှာကို ထိမှန်တဲ့အရာဝတ္ထုသည် ပြင်းထန်ခြင်းမရှိ။

သေးမျှင်တဲ့အရာလေး ဖြတ်သန်းသွားသလို ခံစားလိုက်ရသည်။

"ဟာ. . .ဘာကြီးပါလိမ့်"

အမှောင်ထုကို ဖြိုခွင်းပြီးအရာတစ်ခုကို တွေ့လိုက်ရသည်။

မည်သို့မျှသဲကွဲစွာ မြင်တွေ့ရခြင်းမရှိ။

ကြောက်စရာကောင်းတဲ့အရာတစ်ခုကို သတိထားမိသည်။

မောင်ဝင်းသည် ၎င်းအရာကိုသေချာကြည့်နေသည်။ လူလော၊ နာနာ ဘာဝလောဆိုတာ ဝေခွဲမရအောင်ဖြစ်နေသည်။

အနားမှာမရှိ ခပ်ဝေးဝေးမှာရှိနေသည်။ လွန်စွာအံ့ဩရသည်။

မျက်နှာကို အနောက်အယှက်ပြုလုပ်ပြီး လျှပ်တပြက်အတွင်းမှာ အဝေးတစ်နေရာကို ရောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်း ရွာသားတစ်ယောက်က လာရောက်နောက်ပြောင်ကာ ဝေခွဲမရတဲ့ စိတ်ရိုင်းများက လေပေါ်ဝေ့ဝဲနေသည်။ မည်းမည်းအရာသည် နီးလာလိုက် ဝေးသွားလိုက်နှင့် ပုံစံအမျိုးမျိုးဖြစ်နေသည်။

မောင်ဝင်းသည် ထိုအရာကို ဂရုစိုက်ကြည့်နေသည်။

"ဖြောင်း. . . ဖြောင်း"

"ဝီး"

"အမလေးဗျ"

ရုတ်တရက်ဖြစ်ရပ်ကြောင့် အော်ဟစ်မိသည်။ ကြက်သီးများ ထလာသည်။ ဘေးနားမှာ အရာဝတ္ထုတစ်ခုလာရောက်ကြလာသည်။

မောင်ဝင်းသည် ထိုနေရာကို ကျောခိုင်းထွက်ပြေးနေသည်။

"အဲ. . . ဒါအမှန်မဖြစ်နိုင်ပါဘူးကွာ"

"ဘာလို့မဟုတ်ရမှာလဲ၊ ဦးလေးဝင်းကိုယ်တိုင်ပြောတာကွာ"

"မင်းတို့အလွန်ညံ့တဲ့ သူတွေပဲ။ ဦးလေးဝင်းရဲ့အကြောင်းလည်း သိတာနဲ့ ဦးလေးဝင်းကလူနောက်၊ ငါတို့ဒီအပင်ကြီးရဲ့အောက်မှာ မထိုင်ရဲအောင်ပြောလိုက်တာကွာ"

ဦးလေးဝင်းဟာ လူနောက်တစ်ယောက်။ ၎င်းပြောတာကို မသိသူများက ယုံကြည်နေကြသည်။ တကယ် အဟုတ်ထင်မှတ်နေသည်။

ဦးလေးဝင်းသည် နေရာစုံကိုသွားတတ်သည်။ ဘယ်နေရာမှာ ဘာရှိတယ်၊ ဘာမြင်တယ်၊ ဘာအသံမကြားလိုက်နှင့် ၎င်းကအရင်ရောက်အောင် သွားတတ်သည်။

ထိုကဲ့သို့ရောက်ရှိသွားတတ်တဲ့ ဦးလေးဝင်းကို ခြောက်လှန့်သူ တစ်ယောက် ပေါ်ထွက်လာသည်။

♛♛♛♛♛

www.burmeseclassic.com

## အခန်း-(၅)
## အရည်ပျော်သတ္တိ

ညသန်းခေါင်အချိန်

ဦးလေးဝင်းသည် ရွာမြောက်သုသာန်မြေတွင် ငါးမျှားနေသည်။

ရွာသုသာန်သည် ချောင်းစပ်တွင်ရှိသည်။

၎င်းသည် ညနေစောင်းသည်နှင့် ငါးမျှားတံကိုထမ်းပြီး နေရာစုံငါးမျှား တတ်သည်။ ရရှိလာတဲ့ ငါးအကောင်ကြီးများကိုရောင်းချပြီး မိသားစု ဝမ်းစာအတွက် အသုံးပြုရသည်။

ဦးလေးဝင်းသည် နာနာဘာဝ၊ ဥစ္စာစောင့် ဘယ်လောက်ကြောက်စရာ ကောင်းတဲ့အရာတွေကို ဂရုမစိုက်။ လုပ်လက်ဆများကို ကြိုးစားလုပ်ကိုင် တတ်သည်။

ဦးလေးဝင်းသည် သုသာန်ကုန်းထိပ်ပေါ်မှာထိုင်ပြီး ငါးရံမျှားနေသည်။ တိတ်ဆိတ်တဲ့ ပတ်ဝန်းကျင်မှာ ထိတ်လန့်စရာများကို မေ့ထားသည်။

ချောင်းတည်းမှာရှိနေတဲ့ ငါးရံများကိုရရန်မျှော်လင့်နေသည်။ ၎င်းနေရာသည် ခြုံနွယ်များရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာမှာရရှိတဲ့ ငါးရံများက အသေးဆုံးတစ်ပိဿာရှိသည်။ ညဘက် ငါးမျှားသူများအတွက် ငုင်းနေရာက အလွန်အဆင်ပြေသည်။

"ဝုန်း"

"ဝုစ်"

"ဟား. . . နာလိုက်တာကွာ"

ဦးလေးဝင်းသည် ငါးမျှားတံကိုဆွဲတင်လိုက်သည်။ ငါးက ပြန်ကျသွားသည်။ ဦးလေးဝင်း နစ်နာသွားသည်။

"ဟီး. . . ဟီး. . . ဟီး"

"ဟား. . . ဘာလဲဟ. . . ဘာသံလဲ"

ဦးလေးဝင်းသည် ထွက်ပေါ်လာတဲ့အသံကို ရှာဖွေနေသည်။ အသံမှာ ဝေးတဲ့အရာမဟုတ်။ ငုင်းနှင့်နီးတဲ့နေရာမှာ ရှိနေသည်ဆိုတာ သိလိုက်ရ၏။

ငါးမျှားတံကို အသာချ. . . စက္ကူပတ်ဆေးလိပ်ကို မီးညှိပြီး ဖွာရှိုက်လိုက်သည်။ ပလိုင်းနှင့်တွဲချိပ်ထားတဲ့ လောက်လေးခွအိတ်ကို ယူလိုက်၏။ အန္တရာယ်ပြုလာမည့်သူရှိလျှင် လောက်လေးခွက အချိန်မရွေးထွက်ပေါ်လာနိုင်သည်။

"ဟီး. . . ဟီး. . . ဟီး"

"ဟာ. . . ဟိုကိုင်းတောထဲက ဖြစ်မယ်"

လေးခွကိုထုတ်ယူလိုက်သည်။

"ဟိတ်. . . ဘယ်သူလဲ၊ ဘယ်သူလဲ"

"ဟီး. . . ဟီး. . . ဟီး"

"မေးနေတာ မကြားဘူးလား၊ ဒီမှာလေးခွနဲ့ပစ်လိုက်မယ်"

ဦးလေးဝင်းသည် လေးခွကိုဆုတ်ကိုင်ပြီး လေးသီးတည့်ပေမယ့် ရုတ်ကရက်အဖြောင့်မြင်မှုမရ။

www.burmeseclassic.com

www.burmeseclassic.com


လွဲချော်မှုများနေသည်။

ထိတ်လန့်စိတ်များ ထွက်ပေါ်လာသည်။

ထိုနေရာဝန်းကျင်မှာ ကျင်လည်ကြက်စားနေတာ နှစ်အတန်ကြာပြီး ပထမဆုံးအကြိမ်တွေ့ဆုံခြင်းဖြစ်သည်။

အသားများ အဆက်မပြတ်တုန်နေသည်။ အသံလာရာကို စူးစိုက်စွာ ကြည့်နေသည်။ အသံများက အဆက်မပြတ်ထွက်ပေါ်နေသည်။

"ဟာ. . .ကြာပါတယ်. . . လေးခွနဲ့ပစ်တာပဲ ကောင်းတယ်၊ တဲကွာ"

"ဖျန်း"

"အမလေးဗျာ"

အသံလာရာကို လေးခွနှင့်ပစ်လိုက်သည့်အချိန်တွင် ကျောပြင်ကို ရှတ်တရက် အရိုက်ခံလိုက်ရသည်။

ကြိမ်းစပ်သွားသည်။ ကြောက်ရွံ့စိတ်များထွက်ပေါ်လာသည်။

ဦးလေးဝင်းသည် အနောက်ကို လှည့်ကြည့်လိုက်သည်။

"ဟား. . . အမလေး ကြောက်ပါပြီဗျ"

အသံကုန်အော်ဟစ်လိုက်သည်။

မြင်းကွင်းထဲကအရာသည် လွန်စွာမြင့်မားသည်။ မျက်နှာကို မြင်တွေ့ခြင်း မရှိ။ ထိုအရာသည် မည်သို့ပြုလုပ်မည်နည်း။ ထိုပုံစံနှင့်ဦးလေးဝင်းရဲ့ ကိုယ်ခန္ဓာအား အသားလေးဆွဲပြီး အဝေးကိုပစ်ထုတ်နိုင်သည်။

"ကြောက်ပါပြီဗျာ"

အသံကုန်အော်ဟစ်ပြီး ခြေဦးတည့်ရာကို ထွက်ပြေးနေပေသည်။

"ဟား. . .ဟား. . .ဟား"

www.burmeseclassic.com

www.burmeseclassic.com


"သရဲမကြောက်ဘူးလည်း ပြောသေး။ အခုမတော့ ဘာတတ်နိုင်သေးလဲ"

"ဟာ. . . ပလိုင်းထဲမှာ ငါးတွေရှိမယ်၊ ငါ့အတွက် အဆင်ပြေသွားပြီ။ မောင်ဝင်းရေ ကျေးဇူးပဲကွာ"

ထိုသို့ပြောပြီး ပလိုင်းအတွင်းက ငါးတွေကိုနှိုပ်ယူပြီး ထွက်သွားလေတော့၏။

ဦးလေးဝင်းသည် ရွာရှိရာကိုဦးတည်ပြေးနေရာ အနားယူရန်ကို မစဉ်းစားမိအောင် ဖြစ်နေပေသည်။ စိတ်ထဲမှာလည်း ထိုအကောင်ကြီး လိုက်ပါလာပြီဟု ထင်မှတ်သလို ခြေသံကိုလည်း ကြားနေရ၏။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com

အခန်း-(၆)

## တိုက်ဆိုင်သည်လား ဝိုးတဝါး

ရွာထဲက ထွက်ပေါ်လာတဲ့အသံများသည် အားလုံးကိုတုန်လှုပ်စိတ်လန့်စရာများ ဖြစ်နေသည်။

သာမန်နေ့ညက ဖြစ်ရပ်သည်နှစ်ပေါင်းများစွာ ပထမဆုံးအကြိမ်ဖြစ်နေသည်။

ထိုရွာမှာ သရဲခြောက်သည်ဆိုတာ မကြားရတာကြာလှသည်။

ဦးလေးဝင်းသည် သရဲဆိုတာကို ယုံကြည်တတ်သူမဟုတ်။

ယခုမျက်နှာချင်းဆိုင်ကြုံတွေ့လိုက်ရ၍ လွန်စွာအံ့ဩသွားသည်။

"ဒါက မောင်ဝင်းရဲ့အမှားပဲ။ သူ့ကနယ်ကျော်သွားတာကို. . . ဒီလိုလုပ်မယ်ဆိုရင်လည်း ဆိုင်ရာကိုတော့ခွင့်တောင်းပေါ့"

ရွာမှအသက်ကြီး ဦးစောဓါ်စကားဖြစ်သည်။ ဦးစောမှာ ယုံကြည်မှုတစ်ခုရှိသည်။ နေရာတိုင်းတွင် ပိုင်ရာဆိုင်ရာများ ရှိသည်။

ဥပမာ

ကွင်းပိုင်၊ နယ်ပိုင်၊ ရွာပိုင်၊ ချောင်းပိုင်၊ အိမ်ပိုင်၊ သုသာန်ပိုင်၊ များဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


တောရပ်၊ တောရွာမှာ ထိုဓလေ့ မပပျောက်သေး။ နှစ်စဉ်ဆောင်းရာသီ၊ နွေရာသီများတွင် ပူဇော်ပသလျှက်ရှိသည်။

ရွာပိုင်ကို 'ရွာတော်ရှင်' ဟုခေါ်ကြသည်။ ရွာတော်ရှင်ပူဇော်ပွဲကို ရွာတွင် နေထိုင်သူအားလုံးက အချိုးကျပါဝင်ကြပြီး ရွာတော်ရှင်ပူဇော်ပွဲကို ရွာသားများ၊ မဖြစ်မနေလာရောက်ကြသည်။ ပူဇော်ထားတာတွေကိုပါ စားသောက်ပြီးမှ ပြန်ကြရသည်။

ဦးလောင်းသရဲနှင့် တွေ့ကြုံရတဲ့အချိန်သည် ရွာတော်ရှင်ပွဲပြီးရက်ပိုင်းဟာ ရှိသေးသည်။

ရွာသားများက ရွာတော်ရှင်ကိုအားကိုးကြသည်။

"ဟဲ. . . မောင်ဝင်းရွာတော်ရှင်ပွဲတုန်းက မင်းမဟုတ်တာဘာလုပ်ခဲ့သေးလဲ"

"ဘာမှမလုပ်ပါဘူး. . . အဘစော"

"ငါကတော့ မရိုးသားဘူးလို့ထင်တယ်ကွယ်"

"ဟာ. . . အဘစောကလဲ"

ဦးလေးဝင်းစကားသည် အဘစောအတွက် ဘဝင်မကျအောင်ဖြစ်နေ၏။

အဘစောသည် ဆေးပြင်းလိပ်ကို အေးဆေးစွာဖွာရှိုက်နေသည်။

လူကြီးများသည် ရွာမှာတစ်ခုခုဖြစ်မှာကို စိုးရိမ်ကြသည်။ လူငယ်တွေကအမြဲလို သတိပေးစကားဆိုလေသည်။ လူငယ်တစ်ချို့ကလူကြီးများ စကားကိုယုံကြည်တတ်သလို ကသို့အရာကိုတော့ မျက်ကွယ်ပြုတတ်ကြသည်။

"ငါကတော့ မယာင်ဘူး၊ ခစ်ကိုဖိုးတွေလာမှ အကြောင်းစုံသိရမယ်၊ ဒါနဲ့ငါမေးရအုံးမယ်၊ မင်းရဲ့ငါးတွေပြန်တွေ့လား"

www.burmeseclassic.com

www.burmeseclassic.com 

"ပလိုင်းထဲက ငါးရှံသုံးကောင်အနက် နှစ်ကောင်မရှိတော့ဘူး အသေးတစ်ကောင်ပဲ ရှိတော့တယ်"

"ငါးတွေက အရှင်တွေလားကွ"

"အသေတွေပါ၊ ပလိုင်းလည်း နေရာမရွှေ့ဘူး၊ ငါးမျှားတံလည်း ဒီအတိုင်းပဲ အဘစော"

"သေချာပါပြီကွာ"

အဘစောစကားကို နားမလည်နိုင်အောင်ဖြစ်နေကြသည်။

ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ဆေးလိပ်ကိုအေးဆေးစွာ ဖွာရှိုက်နေသည်။ ဦးလေးဝင်းနှင့်ရောက်ရှိလာသူများရဲ့ မျက်နှာသည် မသိမသာ ပျက်နေကြသည်။

ဦးလေးဝင်းအတွက် စိုးရိမ်နေကြသည်။

အဘစောရဲ့ မှတ်ချက်တွေက ဦးလေးဝင်းအတွက် ဘယ်လိုဖြစ်နိုင်လဲ ဘာမှမဖြစ်ပါစေနဲ့ဟု ဆုတောင်းသူများလည်း ရှိနေကြသည်။

ဦးလေးဝင်းအတွက် မိုးမှောင်ကျပြီဟု ထင်မှတ်သူများ ရှိနေကြသည်။

www.burmeseclassic.com

အခန်း(၇)

## အိပ်မက်ဆိုး



တစ်ခုလုံး အမှောင်များ ဖုံးလွှမ်းနေသည်။

ကောင်းကင်ယံမှ မည်းမှောင်တဲ့ မိုးသားတိမ်တိုက်များက ကမ္ဘာ လောကကြီးကို ပြတ်သားစွာ လွှမ်းမိုးနေသည်။

ရာဟုထောင့်မှတိုက်ခတ်လာတဲ့ မိုးဆက်လေပြင်းတို့က ပတ်ဝန်းကျင် ခြောက်လှန့်နေသည်။

ထိုအချိန်တွင် ပလိုင်းကိုလွယ်ပြီး ငါးများတံကိုထမ်းလာတဲ့ ရွာ တစ်ယောက်က အရာအားလုံးကို အံတုနေ၏။

၎င်းမှာ ဦးလေးဝင်းဖြစ်သည်။

နေ့ခင်းတွင် မိသားစုပိုင်လယ်ယာလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသည် ညအခါ ငါးများရတာပျော်ရွှင်၍မဟုတ် မိသားစုဝင်ငွေအထောက်အကူ စေရန်အတွက် ပြုလုပ်ခြင်းဖြစ်သည်။

ဦးလေးဝင်းသည် ငါးများတံကိုထမ်းပြီး ကုန်းတစ်ခုပေါ်ကိုရောက် သွားသည်။ တဲကုန်းတွင် တဲတစ်လုံးရှိပြီး လူများနေထိုင်ခြင်းမရှိတော့

၎င်းတဲကုန်းတွင် သောက်ရေကန်ကြီးတစ်လုံးရှိသည်။ သောက် ကန်သည် နွေမိုးဆောင်း ရေမခန်း။ ကန်အတွင်းမှာ ကြီးမားတဲ့ငါးများ သည်။ ညဘက် ငါးများသူများအတွက် ၎င်းရေကန်က အလွန်အဆင်ပြေသည်

www.burmeseclassic.com

www.burmeseclassic.com 

"ဟာ. . . လေကလည်း တိုက်လိုက်တာ၊ ဒီညတော့ ဒီနေရာမှာပဲ ငါးမျှားတော့မယ်"

ကန်၏ထောင့်တစ်နေရာတွင် ထိုင်လိုက်၏။

ကန်၏တစ်ဖက်တွင် လူတစ်ယောက်ရှိနေသည်ဆိုတာ သိထားသည်။ ထိုလူကို မတွေ့ရပေ။

ဆေးလိပ်မီးကိုတွေ့ရ၍ လူရှိနေသည်ဆိုတာ သိနေခြင်းဖြစ်သည်။

ဦးလေးဝင်းသည် ငါးမျှားတံကို အစာတတ်ပြီး ငါးမျှားနေသည်။ ထိုအချိန်တွင် ကောင်းကင်ပေါ်က အနီရောင်အလင်းဝန်းတစ်ခုကို တွေ့လိုက်ရသည်။

အလင်းတန်းကို အံ့ဩစွာကြည့်မိသည်။

"အမလေး. . . ဘာကြီးလဲ"

ချက်လုံးရှေ့တွင် အရာတစ်ခုကို သဲကွဲစွာတွေ့လိုက်ရသည်။

ရုတ်တရက်ဘာလုပ်ရမှန်း မသိအောင်ဖြစ်နေ၏။ မိုးသက်လေများ ပြင်းထန်စွာ တိုက်ခတ်လာသည်။ မိုးပွင့်မိုးစက်များစွာ ရွာသွန်းလာသည်။ မြင်လိုက်ရတဲ့အရာသည် ရင်းထံကိုဦးတည်လာသည်။

**"မင်း. . . တော်တော်အမှတ်မရှိပါလား"**

**"ခင်ဗျား. . .** ဘယ်သူလဲ"

"ငါ ဘယ်သူဆိုတာမသိရင် ပြောရအုံးမယ်၊ ဒီမှာတွေ့လား"

လက်ကိုအပေါ်ကို မြောက်တင်ပြလိုက်သည်။ ကြီးမားစွာ ငါးရံ့ကြီး နှစ်ကောင်ကို တွေ့လိုက်ရသည်။

ငါးရံ့ကြီးနှစ်ကောင် လာရောက်ပေးတာလားဟု ထင်မှတ်နေသည်။ စိတ်တည်းတွင် ပျော်ရွှင်နေမိသည်။

ငါးကြီးတွေပေးပြီး ပြန်နိုင်းရင် ကျေနပ်စွာပြန်မည်ဟု ခံယူထားသည်၊

www.burmeseclassic.com

www.burmeseclassic.com


ငါးရုံကြီးနှစ်ကောင်ဆိုတာ အထင်းသားမြင်တွေ့ရပြီး ထိုလူကို သဲသဲကွဲကွဲမြင်တွေ့ရခြင်း မရှိအောင်ဖြစ်နေ၏။

"အဲဒီငါးရုံကြီးတွေက ကျုပ်ကိုပေးမလို့လား"

"ဟား. . . ဟား. . . ဟား"

"ငါ့တစ်ယောက်အတွက်တောင် မလောက်သေးဘူး ဒီငါးကြီးတွေ မင်းရဲ့ကျောကိုရိုက်တဲ့နေ့က ငါယူထားလိုက်တဲ့ ငါးကြီးတွေပါ"

"ဗျာ. . . ဘယ်လို"

အံ့သြတုန်လှုပ်သွားသည်။

ငါးကိုင်ထားသူရဲ့ မျက်နှာကိုသေချာကြည့်မိသည်။

ကြက်သီးများ ထလာသည်။

ပြင်းထန်တဲ့ လေးတိုက်မှုက ချမ်းအေးပေမယ့် ရင်ထဲမှာတော့ ပူပြင်းနေသည်။

ဇောချွေးများ တားဆီးမရအောင်ကျနေသည်။

"ဒီငါးတွေကိုစားပြီး မင်းကိုပါစားမယ်။ ပြီးရင်မင်းတို့ရွာသား အားလုံးကိုပါ. . ."

"မလုပ်ပါနဲ့. . . ကျုပ်အသက်ကို ချမ်းသာပေးပါဗျာ"

"မင်းအသက်ကိုအခုပဲ ငါယူတော့မယ်. . . ဟဲ့. . . ဒီကောင် ဖမ်းပြီ့ခေါ်ခဲ့စမ်း"

ဆံပင်ရှည်အရုပ်ဆိုးဆိုးမိန်းမတစ်ယောက် ရင်းထံဦးတည်လာ သည်။

ဦးလေးဝင်းသည် ကြောက်ရွံ့တုန်လှုပ်ခြင်းများစွာဖြင့် ထွက်ပြေးနေသည် ၄င်းအနောက်ကလိုက်နေတဲ့ မိန်းမက မီးရန်နီးကပ်နေပေသည်။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com


❦

"အမလေး လုပ်ပါအုံး။ ကျွန်တော့်ကို ကယ်ပါအုံးဗျာ"

အော်ဟစ်အကူအညီတောင်းတဲ့အသံသည် ပတ်ဝန်းကျင်ကို ကျယ်လောင်စွာ လွှမ်းမိုးသွားပေ၏။

"ကိုဝင်း. . . ကိုဝင်းသတိထားအုံးမှပေါ့"

ထွက်ပေါ်လာတဲ့အသံနှင့်အတူ ဦးလေးဝင်းကို သတိပေးနှိုးနေသည်။

ဦးလေးဝင်းသည် မျက်လုံးများကို မှိတ်ပြီးအော်ဟစ်နေသည်။

မအေးကြူသည် အကြိမ်ကြိမ်သတိပေးနှိုးတော့မှ မှိတ်ထားတဲ့မျက်လုံးများ ပွင့်လာသည်။

"အမလေး. . . သရဲ. . . သရဲ"

ဦးလေးဝင်းသည် ဖနီးသည်မအေးကြူကိုကြည့်ပြီး အော်ဟစ်လိုက်ပြန်သည်။

"ကိုဝင်း. . . ကိုဝင်း. . . ကျွန်မပါ အေးကြူ. . . အေးကြူပါတော့"

မအေးကြူသည် မျက်နှာပေါ်ကျနေတဲ့ ဆံပင်များကို စုသိမ်းပြလိုက်သည်။ မအေးကြူကိုမျက်တောင် မခတ်ကြည့်နေသည်။

"မင်း. . . မင်း. . . မင်း"

"ဘယ်လိုဖြစ်နေတာလဲ ကိုဝင်းရာ၊ ရှင်မလဲ"

ရုတ်တရက် စကားမပြောနိုင်။ မအေးကြူသည် မသင်္ကာမသာစိတ်များစွာဖြင့် ဦးလေးဝင်းကိုကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြူးကျယ်တဲ့မျက်လုံးအိမ်အတွင်းက မအေးကြူရဲ့ရုပ်ပုံသည် သ
တစ်ယောက်ကဲ့သို့ ထင်မှတ်စရာဖြစ်နေ၏။

မျက်နှာကိုအုပ်မိုးကျနေတဲ့ဆံပင်များက ရုတ်တရက်သရဲနှင့်တူနေသည်
မအေးကြူသည် ဆံပင်ကိုရုတ်ခြာရက် စုကိုင်လိုက်သည်။

မျက်နှာကိုအထင်းသား မြင်တွေ့လိုက်ရသည်။

အနီးရှိရေခွက်ကိုယူပြီး မော့လိုက်သည်။

ဦးလေးဝင်းသည် ရေကိုအငမ်းမရ သောက်လိုက်၏။

"ဘယ်လိုဖြစ်တာလဲ ကိုဝင်းရယ်"

"အိပ်မက်တွေ မကောင်းဘူးဟာ"

"ဘယ်လိုမျိုး မက်လို့တုန်းတော်"

"ဟိုညက ငါ့ကျောကိုရိုက်တဲ့အကောင်ကြီးနဲ့ တွေ့တယ်
လက်ထဲမှာလည်း ငါးရဲ့ကြီးနှစ်ကောင်ကို ကိုင်ထားတယ်။ ငါ့ပလိုင်းထဲက
ယူထားတဲ့ ငါးနှစ်ကောင်တဲ့"

ဦးလေးဝင်းသည် အိပ်မက်တည်းက ဖြစ်ရပ်များကိုပြောပြလိုက်သည်
မအေးကြူသည် စကားများကို စိတ်ဝင်စားစွာ နားထောင်နေသည်။

စိုးရိမ်စိတ်များလည်း ထပ်ခါတလည်းဖြစ်ပေါ်လာသည်။

ခွေးကိုအိပ်မက်မက်သည်ဆိုတာ မကောင်းတဲ့အရာဟု ဝလေ့အ
သတ်မှတ်ထားကြသည်။

မကောင်းတဲ့ ဂြိုဟ်ဆိုးနှင့်ကြုံတွေ့နိုင်သည်။

မိသားစု(သို့)တစ်ရွာလုံး ဒုက္ခများကြုံတွေ့ရတတ်သည်။ ယခုအိပ်မက်ထဲ
ခွေးနက်ကြီးက လူကိုလိုက်သည်။

ဦးလေးဝင်းစကားသည် မအေးကြူအတွက် သောကဖြစ်စေသည်
မအေးကြူသည် ဦးလေးဝင်းရဲ့မျက်နှာကို တစ်ကယ့်ထင်ပြီး နေထိုင် ရ

www.burmeseclassic.com



ငှင်းသာတစ်ခုခုဖြစ်သွားရင် အရှူးတစ်ယောက်လို ထင်မှတ်ရသည်။ ဦးလေးဝင်းနှင့်လူမမယ်ကလေးနှစ်ယောက်ရှိသည်။ ထိုကလေးနှစ်ယောက်နှင့် သောကကြီးကို ဘယ်လိုရင်ဆိုင်ဖြေရှင်းရပါ့မလဲ။

"ကိုဝင်းတစ်ယောက် ဘာမှမဖြစ်ပါစေနဲ့၊ အိပ်မက်ဟာ အရာ ထင်ပါစေနဲ့လို့"

ဆုတောင်းနေမိသည်။

ကျရောက်လာမယ့် ဘေးအန္တရာယ်များကို ကယ်တင်နိုင်မည့် ဘုရားလိုထူး ပုဂ္ဂိုလ်မြတ်ပေါ်ပေါက်ပါစေလို့ ဆုတောင်းနေမိသည်။

မအေးကြူသည် ထိုသို့စဉ်းစားရင်း စိတ်မကောင်းဖြစ်နေမိ၏။ အပြစ်ကင်းစင်စွာ အိပ်မောကျနေတဲ့ ကလေးများကို သနားလာမိသည်။

"ဟဲ့. . . အေးကြူ။ အဲ့မလေးကွာ. . . မင်းဘာတွေစဉ်းစား နေတာလဲ"

"ကျွန်မအိပ်လို့ရမှာမဟုတ်တော့ပါဘူး ကိုဝင်းရာ၊ ရှင်ပဲအိပ်တော့"

"ဘာမှမစိုးရိမ်ပါနဲ့ကွာ၊ ငါဘာမှဖြစ်မှာမဟုတ်ပါဘူး။ အိမ်မှာ ဘုရားရှိနေတာပဲ၊ ဘုရားက ငါတို့ကိုကြည့်မနေပါဘူး။ တစ်နည်းနည်းနဲ့ တော့ ကယ်မှာပဲ"

မအေးကြူစိတ်ဓာတ်မကျအောင်သာ ပြောနေပေမယ့် ဦးလေးဝင်း ရင်ထဲမှာတော့ သောကမီးများလောင်မြိုက်နေသည်။

မအေးကြူကို စိတ်သက်သာရာရောက်အောင် ပြောပြနေသည်။ အားပေးနေသည်။ နှစ်ယောက်သား စိတ်ပြေလက်ပြောက် စကား ပြီးပွားရေးစကားများပြောရင်း မိုးစင်စင်လင်းသွားပေတော့၏။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း-(၈)

## ဖိုးစွားက တော်ပါသေး

“ရွာ. . . မောင်ဝင်း အေးကြူပြောတာဟုတ်လားကွဲ့”

အဘစောမေးခွန်းကို ရုတ်တရက်မဖြေသေး။

ညစ်နွမ်းတဲ့စိတ်များဖြင့် ဆေးလိပ်ကိုအဆက်မပြတ်ဖွာရှိုက်နေသည်။

မအေးကြူသည် ဦးလေးဝင်းရဲ့အိပ်မက်အကြောင်းကို စိုးရိမ်ပြီး ရှာ
ရွာဇများကို ပြောဆိုတိုင်ပင်သည်။

ဦးလေးဝင်းကတော့ အိပ်မက်ပြီးတဲ့ညကစပြီး ညဘက်အပြင်ကို
မထွက်တော့။ မိသားစုနှင့်သာ အိမ်မှာနေသည်။

“ဟုတ်ပါတယ် အဘစော”

“မျက်နှာကိုမြင်ရလားကွဲ့”

“မျက်နှာကိုတော့ မမြင်ရဘူး. . . အဘစော၊ ရွာကိုတော့ တော်
တော်မကျေနပ်တဲ့ပုံပဲ”

“ရွာမှာတစ်ခုခုများ မှားနေသလား မသိဘူးကွယ်၊ အဲဒါနဲ့ အဘိုးငွေ
အိမ်မှာရှိလား”

“ယာထဲသွားတာ မနက်တည်းက။ ဟိုမှာ. . .လာနေပါပြီ
အဘစော”

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ကောင်းတာပေါ့ ရေနွေးကြမ်းသောက် ခေါ်လိုက်ပါဦး"

အဘာစောစကားကို လက်ခံပြီး ခေါ်လိုက်သည်။

အဘိုးထွေသည် ခေါ်ရာကိုလက်ခံလိုက်၏။

ရွာရဲ့အကြောင်း အကျိုးကိစ္စတွေကို အဝိဂကဖြေရှင်းပေးတတ်သူများ ထဲတွင် အဘိုးထွေက အရေးပါအရာရောက်ဆုံးသူ။

"မောင်ဝင်းကိစ္စ ပြောမလို့မဟုတ်လားကွ"

"ဟုတ်ပါတယ် အစ်ကိုထွေ"

"အဲဒါက စဉ်းစားစရာတစ်ခုပဲ။ အရေးတကြီး ဆုံးဖြတ်လို့မရဘူးကွဲ့"

"ကျွန်တော်ကတော့ သံသယဖြစ်တာအမှန်ပဲ အစ်ကိုထွေ၊ မောင်ဝင်းကို တင်အေးလိုဖြစ်သွားမှာစိုးရိမ်မိတယ်"

"ဟေ. . ."

အဘိုးထွေ ရုတ်တရက်ဘာပြောရမှန်းမသိအောင် ဖြစ်သွား၏။

ရွာသားများသည် တင်အေးရဲ့ဖြစ်ရပ်ကို မရိုးသားဘူး။ ကွင်းပိုင်၊ ကွင်းစောင့်နတ်၊ သစ်ပင်စောင့်နတ်တို့ ဒေါသထွက်ပြီး ပြုစားတာဟု ထင်မှတ်နေကြသည်။

ရွာသားတွေအတွက် နမူနာဖြစ်နေသည်။

တင်အေးသည် နွားရုံတိုင်အတွက် သစ်ပင်ခုတ်လှည်းသည်။

ဓားထိပြီး လက်ညှိုးတစ်ချောင်း ပြတ်သွားသည်။

ရောင်းဖြစ်ပြီး တစ်လလောက်မှာ လက်ကကြီးမားစွာ ဖူးရောင် လာသည်။

ပြင်းပြင်းထန်ထန် အဖျားများ တက်လာသည်။

အနာရှိန်ကြောင့် ကယောင်ချောက်ခြားစကားများပြောပြီး သေဆုံး သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာလူကြီးများက ကွင်းပိုင်၊ နယ်ပိုင်တွေက မကျေနပ်လို့ ပြုစားတာဟု ထင်မှတ်နေ၏။

(စာရှုသူအပေါင်းတို့ကို တင်အေးသေဆုံးခြင်းကိစ္စကို ဤဝတ္ထု၏ အဆုံးတွင် ဖော်ပြထားပါသည်)

ကိုတင်အေး သေဆုံးသွားပေမယ့် ကိစ္စကမပြီးသေး။

ဂုဏ်းမှာသမီးနှစ်ယောက် ကျန်ရစ်ခဲ့သည်။ ဖိုးတင်အေးမိန်းမက အိပ်မက်တွေ မကောင်းဘူး။ ကိုတင်အေးမကျွတ်သေးဘူးဆိုပြီး နတ်ကတော်ကို အိမ်ပင့်ပြီး ကိုတင်အေးရဲ့အကြောင်းကို မေးသည်။

နတ်ကတော်စကားကို ယုံကြည်ကြသည်။

ကိုတင်အေးဟာ ရွာတောင်ပိုင်းက ထိန်ပင်ကြီးမှာနေသည်။ ကွင်းစောင့်နတ်ကခေါ်ပြီး နေရာပေးထားသည်။ နတ်ကတော် ပြောတာကို ယုံကြည်နေကြသည်။

အကြောင်းက သစ်ပင်ခုတ်တာ ဂုဏ်းကိုခွင့်မတောင်းလို့ လုပ်လိုက်တာဟု အဖြေထွက်လာသည်။

"အဲဒီလိုတော့ မဖြစ်နိုင်ပါဘူးကွာ၊ မောင်ဝင်းက စည်းကမ်းရှိတာပဲ"

"တခြားလူမဟုတ်တာလုပ်တာကို မကျေနပ်လို့ လုပ်လိုက်တာ မောင်ဝင်းကို လာထိတာလားလို့ပါ"

"အေး. . . အဲဒါလည်း စဉ်းစားစရာတစ်ခုပဲ။ အဖြေရှာရမှာပေါ့ကွာ"

အဘိုးထွေသည် အသင့်ပါလာတဲ့ ဆေးပြင်းလိပ်တိုကို အေးအေးဆေးဆေး ဖွာရှိုက်နေသည်။

လူအများစုက အဘိုးထွေပြောလာမယ့်စကားကို စောင့်မျှော်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာသားများသည် အဘိုးထွေပြောလိုက်တဲ့စကားများကို အမြဲအံတည်သူတတ်ကြသည်။

"မောင်ဝင်း မင်းပြောတာအမှန်တွေပဲလား"

"ဟုတ်ကဲ့ အမှန်တွေပါပဲ အဘိုးထွေ"

"ခက်တော့ခက်နေပြီကွာ၊ ဒီကိစ္စကို ဟိုကောင်အောင်စိုးကြီး မသိစေနဲ့ သူသိသွားရင် ရှုပ်ကုန်လိမ့်မယ်ကြားလား"

"ဟုတ်ကဲ့"

"ဒါနဲ့ ဘာတွေရှုပ်မှာလဲ အစ်ကိုထွေ"

"ခက်တယ် မောင်စောရ၊ ဒီကောင်က ဘာမှအယုံအကြည်ရှိတာ မဟုတ်ဘူး။ အဲဒီနေရာကိုသွားပြီး ပြဿနာရှာရင် ရွာသားတွေဒုက္ခရောက်ကုန်လိမ့်မယ်"

"မောင်ဝင်းပြောတဲ့အတိုင်းမှန်ရင် သူတို့ကို ပူဇော်ပွဲလေးလုပ်ပေးမယ်"

အဘိုးထွေစကားသည် စိတ်ချမ်းသာစရာဖြစ်ကုန်ကြသည်။

ရွာမှာတစ်ခုခုဖြစ်လျှင် ပူဇော်ပွဲကျင်းပတတ်သည်။ နှစ်စဉ်ကျင်းပပေးမယ့် ယခုနှစ်အတွက်တော့ မကျင်းပရသေးပေ။

ထိုအတွက်ကြောင့်ဖြစ်ရသည်ဟု ထင်မှတ်ကြသည်။

"ဟုတ်ကဲ့. . . အစ်ကိုထွေ၊ ကျွန်တော်မောင်သန်းငွေတို့နဲ့တိုင်ပင်ပြီး စီစဉ်လိုက်ပါ့မယ်"

"ကောင်းတယ်ဟေ့. . . မြန်မြန်အကောင်အထည်ဖော်"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-(၉)

## လက်မည်းကြီး

“ဘယ်တော့ အကောင်အထည်ဖော်မှာလဲ ဦးလေးဝင်း”

“အာ. . . မလေး”

ထွက်ပေါ်လာတဲ့အသံကြောင့် ဦးလေးဝင်း ထိတ်လန့်တုန်လှုပ်သွားသည်။ သရဲမကောင်းဆိုးဝါးအသံဟု ထင်မှတ်နေ၏။

ကြက်သီးများ ထလာသည်။

ဦးလေးဝင်းသည် ထပြေးရန်ကြိုးစားနေသည်။

“ဘယ်ကိုပြေးမလို့လဲ ဦးလေးဝင်း”

“မင်းတော်တော်ဆိုးတဲ့ အကောင်ပဲ”

“ကျွန်တော် ဘာမှဆိုးအောင်မလုပ်ပါဘူး။ ဦးလေးဝင်းသာ လိပ်ပြာ မလုံလို့ဖြစ်တာပါ”

“လိပ်ပြာမလုံလို့ဟုတ်လား. . . အောင်စိုးကြီး”

ဦးလေးဝင်းသည် နားမလည်စွာ မေးလိုက်သည်။

အောင်စိုးကြီးသည် ခေါင်းကိုပြုတ်သားစွာ ညိတ်လိုက်သည်။ ၎င်း မျက်နှာကို သေချာစွာစိုက်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


အောင်စိုးကြီးရဲ့အပြောသည်ဘစည် ဦးလေးဝင်းအတွက် ထိတ်လန့်စရာ တစ်ခုဖြစ်နေသည်။

ဦးလေးဝင်းသည် ထိုအချိန်မှာ ထိတ်လန့်စရာများကို မတွေ့ရဲ၊ မကြားရဲအောင် ဖြစ်နေသည်။

"မင်းမျက်နှာပေါ်က ဆံပင်တွေကိုသိမ်းလိုက်ပါဦးကွာ"

"ဦးလေးဝင်းကလည်းဗျာ မဟုတ်တာကိုကြောက်နေပြန်ပြီ"

မျက်နှာပေါ်မိုးကျနေတဲ့ ဆံပင်များကို သိမ်းတင်လိုက်သည်။

အောင်စိုးကြီးသည် အသက်နှစ်ဆယ်ကျော်အရွယ်ဘဲ ရှိသေးသည်။ ကိုယ်ခန္ဓာက ထွားကြိုင်းလှ၍ လူကြီးတစ်ယောက်ကဲ့သို့ ထင်မှတ်နေသည်။ တကယ်တော့ နာမည်ကအောင်စိုး၊ ထွားကြိုင်းတဲ့ ကိုယ်ခန္ဓာကြောင့် 'ကြီး' တစ်လုံးတိုးလာသည်။

"မဟုတ်မဟပ်တာတွေ မပြောနဲ့ကွာ၊ ဒီအချိန်မှာ ငါစိတ်ညစ်နေတယ်ကွာ"

"အောင်စိုးကြီးရောက်လာပြီလေ၊ ဘာစိတ်ညစ်စရာရှိလို့လဲ၊ ကဲ ပြော. . . ဦးလေးဝင်းဘာဖြစ်လဲ၊ အစ်မအေးကြူနဲ့ အဆင်မပြေလို့လား"

"မိန်းမက သဘောကောင်းပါတယ်ကွာ၊ သူလည်း စိတ်ညစ်နေရတယ်"

"အဲဒီလိုစိတ်ညစ်နေလို့ ငြီးမလား၊ ကဲပြော. . . ကျွန်တော် ဘာလုပ်ပေးရမလဲ"

"မသိချင်ပါနဲ့. . . ငါ့ညီရာ"

အားအင်ကုန်ခန်းတဲ့ လေသံဖြင့်ပြောလိုက်သည်။

တကယ်တော့ ဖြစ်ရပ်များကို ပြောချင်သည်။

လူကြီးတွေက မပြောရဘူးဟု တားမြစ်ထားရှိနေရသည်။

www.burmeseclassic.com

www.burmeseclassic.com

အောင်စိုးဆိုတဲ့အကောင်က လွယ်တာမဟုတ်။

တစ်ခုမဟုတ်တစ်ခုနှင့် ရအောင်ဖြေရှင်းတတ်သည်။

ဦးလေးဝင်းကို ကြည့်နေသည်။

ကြိမ်ဖန်များစွာ မေးနေသည်။

မဖြေဘဲ ပြန်ဖို့ကြိုးစားနေသည်။

မရ. . . . . .

"ငါ့ကျောကို လက်ဝါးနဲ့ရိုက်သွားတယ်၊ ပြီးတော့ ရွာသားတွေရဲ့ အသက်ကိုလည်း ဒုက္ခပေးမယ်တဲ့"

"အောင်မယ်. . . ဒင်းက ဘာမို့လဲ၊ ဘယ်နားမှာလဲ"

"သုသာန်ကုန်းပေါ်က ကုက္ကိုပင်အောက်ကပေါ့၊ အဘိုးတွေက မင်းကို အသိမပေးနဲ့လို့မှာထားတယ်"

"ဒါများ ဦးလေးဝင်းရာ၊ စိတ်ညစ်နေရသေး။ ဥပဒါန်ကြောင့်ဖြစ်တာ။ ဘာမှမဖြစ်ဘူး။ ဦးလေးဝင်းဘာ မသိသလိုနေ"

ဦးလေးဝင်းကို အားပေးစကားပြောနေသည်။

၎င်းစကားများသည် ဦးလေးဝင်းအတွက် အားဆေးတစ်ခွက်သောက်ရသလို ထင်မှတ်နေသည်။

အောင်စိုးကြီးရင်ထဲမှာတော့ ကြိမ်းမောင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com 

အခန်း-(၁၀)

## ဒုက္ခကို ဓားနဲ့ခုတ်မယ်

"ကဲ ... ကွာ ... ကဲကွာ"

"ဒုန်း ... ဒုန်း ... ဒုန်း"

အောင်စိုးကြီးသည် ပြောဆိုပြီး သုသာန်ကုန်းပေါ်က ကုက္ကိုပင်ကို ခုတ်နေသည်။ ကိုင်ထားတဲ့ပုဆိန်က လွန်စွာထက်သည်။

သုံးချက်ခုတ်လျှင် ခုတ်စက တစ်ပိဿလောက်ထွက်သည်။

ခပ်သေးသေးအကိုင်းဆိုလျှင် အေးဆေးစွာပြတ်တောက်သွားသည်။

အောင်စိုးသည် လူတစ်မျိုး။ မဟုတ်တာလုပ်တတ်တဲ့သူမျိုးမဟုတ်။ ၎င်းကိုမဟုတ်တာလုပ်လျှင် မနေနိုင် .....

ယခုလည်း သုသာန်ကုန်းပေါ်က ကုက္ကိုပင်ကြီးကို ခုတ်လှဲနေသည်။ ဦးလေးဝင်းပြောစကားကို လက်ခံပြီး ထိုအပင်ကြီးကိုခုတ်လဲနေခြင်း ဖြစ်သည်။

အောင်စိုးကြီးရဲ့ အယူအဆက .....

မိမိနှင့်မိမိရွာရှိသူများကို ဒုက္ခရောက်အောင်လုပ်သူဆိုလျှင် လူသား (သို့) ပရလောကသားများဖြစ်သည်။

အချက်ပေါင်းများစွာ ခုတ်နေ၍ အပင်ကြီးသည် မြေပေါ်ကိုလဲကျရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com


"မင်းတို့အေးအေးဆေးဆေးမနေဘဲ ရွာကိုဒုက္ခပေးမယ်ဆိုရင်တော့ ငါကလည်း မင်းတို့ကို မောင်းထုတ်ရမှာပဲ"

"မင်းတို့အဝေးကို ပြေးပေတော့"

ပြောရင်း အပင်ကိုခုတ်နေသည်။

ခန္ဓာကိုယ်ချွေးများ စွဲစွဲဆိုအောင် ထွက်နေသည်။

ကိုယ်ပေါ်ကချွေးများ ထွက်လာရင် ဒေါသပိုပြီးထွက်တတ်သည်။

ရွာနှင့်အနီးရှိအပင်များသည် အောင်စိုးလက်ချက်ဖြင့် မြေပေါ်လဲကျရသည်။

"ဟော. . . ဟော. . . အောင်စိုး"

အသံတစ်ခု ရုတ်တရက်ထွက်လာသည်။

လေပေါ်ကိုမြှောက်တင်ထားတဲ့ ပုဆိန်ကိုရပ်ပြီး အနောက်လှည့်ကြည့်လိုက်သည်။

မြင်ကွင်း၌ အသက်ခြောက်ဆယ်ကျော်လူကြီးတစ်ယောက်ကို အထင်းသား တွေ့လိုက်သည်။

ငှင်းမှာရွာ၏ ပူဇော်ပွဲများကို တာဝန်ယူသူဖြစ်သည်။

နတ်၊ သရဲ၊ တစ္ဆေ၊ ပရလောကကို ယုံကြည်သူ. . .

နာမည်က စိုးခင်. . .

နတ်ဆရာကြီးစိုးခင်ဟု နာမည်ကြီးသည်။ နတ်ပွဲ၊ ပရလောကပွဲများ ပြုလုပ်လျှင် ငှင်းကိုခေါ်ယူရသည်။

ထိုပွဲတွေပြုလုပ်ကျင်းပလျှင် ငှင်းစကားကိုယုံကြည်နေကြသည်။

"ဦးလေးစိုးခင်ပါလား"

"မင်းဘာလို့ဒီအပင်ကို ခုတ်လှဲနေရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com


"ခုတ်လှဲရမှာပေါ့ ဦးလေးစိုးခင်ရာ၊ ဒီအပင်မှာနေတဲ့အကောင် ...တ ကျွန်တော်တို့ရွာသားတွေကို ဒုက္ခရောက်အောင်လုပ်မယ်တဲ့။ ...ကြောင့် သူတို့ဒီအပင်မှာ မနေအောင်လုပ်နေတာ"

"ရွာသားတွေက သူ့ကိုမဟုတ်တာလုပ်နေလို့ဖြစ်မှာပေါ့"

"ဦးလေးစိုးခင်ကလည်းဗျာ. . . ရွာသားတွေက ရွာမှာနေတာ သူ့ကို ဘာမှမလုပ်ပါဘူး။ သူက အပြစ်မရှိအပြစ်ရှာနေတာ။ ရွာသားတွေက အပြစ်လုပ်မိရင်တောင် ခွင့်လွှတ်ရမှာပေါ့"

"ဟာ. . . ကောင်ရ သူတို့ခွင့်လွှတ်တယ်ဆိုတာ ဘယ်သိမလဲ"

"တန်ခိုးရှင်လို့ သတ်မှတ်ခံထားရတဲ့သူတွေက မသိရင် ကျုပ်မှာ ဆည်း ခွင့်လွှတ်တဲ့စိတ်မရှိဘူး။ ကျုပ်ကတော့ ရွာကိုဒုက္ခပေးသူတွေကို အပြတ်ရှင်းရမှာပဲ"

ပြောပြီးသည်နှင့် သစ်ပင်ကြီးကို ဆက်လက်ခုတ်နေသည်။

"ဟေ့ကောင်မလုပ်နဲ့. . . မလုပ်နဲ့။ မင်းလုပ်တာနဲ့ရွာသားတွေ ဒုက္ခရောက်ကုန်တော့မှာပဲကွာ"

"ဘာရောက်စရာလိုလဲ. . . ကျုပ်လုပ်တာ ကျုပ်ကိုလုပ်ပေါ့"

"ဟေကောင် အောင်စိုးကြီး. . . ငါ့စကားကိုမင်းနားမထောင်ဘူး လား"

"ဟာ. . . ဒီဘိုးကြီးရတော်တော် အနှောင့်အယှက်ပေးတာပဲ။ ဒီလောက်ဖြစ်မှတော့ ပုဆိန်စာကျွေးတာပဲကောင်းတယ်။ သေပေတော့"

"ဟာ. . . ဟေ့ အောင်စိုးကြီး မလုပ်နဲ့. . . မလုပ်နဲ့"

ဦးစိုးခင်သည် ပြောဆိုပြီးထွက်ပြေးသွားသည်။

ပတ်ဝန်းကျင်သည် ဦးစိုးခင်၏အသံလွှမ်းမိုးသွားပေတော့၏။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com

အခန်း-(၁၁)

## ပွဲလန့်တုန်း ဖျာခင်းသူ

"ဟာ. . . ဒီမကောင်းဆိုးဝါးအကောင်တော့ ခက်တော့တာပဲ"
အဘစောရဲ့ ညီထွားသံဖြစ်သည်။

နတ်ဆရာစိုးခင်သည် အောင်စိုးကြီးရဲ့လုပ်ရပ်ကို ပြောလိုက်ခြင်းဖြစ်သည်။
အဘစောအပါဝင် တချို့က စိုးခင်ရဲ့စကားကိုလက်ခံယုံကြည်နေကြသည်။
အောင်စိုးကြီးကို မကောင်းဆိုးဝါးအကောင်ဟု ခေါ်ကြသည်။
ငင်းတို့ပြောတာကို လက်ခံရသည်။ အောင်စိုးကြီးသည် အရပ်မြင့်
သည်။ ဆံပင်ကရှည်သည်။

မှောင်မိုက်တဲ့ညများမှာ အောင်စိုးကြီးလမ်းလျှောက်တာကိုတွေ့လျှင်
မကောင်းဆိုးဝါးသရဲ တစ္ဆေတစ်ကောင်ဟု ထင်မှတ်ကြသည်။

ထိတ်လန့်တုန်လှုပ်ကြသည်။ အောင်စိုးကြီးရဲ့အကြောင်းကို တင်ပြ
ရလျှင် အလွန်ထူးဆန်းလှသည်။

မှတ်ချက်။ ။ အောင်စိုးကြီးရဲ့အကြောင်းကို ဝတ္ထု၏အနောက်တွင်
ဖော်ပြထားပါသည်။

"ဟုတ်တယ် အဘစော။ ကျုပ်ပြောတာကိုလက်မခံတဲ့အပြင်
ကျုပ်ကိုပါ ပုဆိန်နဲ့လိုက်လို့ပြေးခဲ့ရသေးတယ်။

"ဟာ. . . အဲဒီလောက်တောင်ပဲလား။ ဒီကောင်ကိုဘယ်လို

www.burmeseclassic.com

www.burmeseclassic.com


ထိန်းချုပ်ရပါ့မလဲ။ ဟဲ့မြင့်မေ. . . နင့်သားကိုနင်မနိုင်တော့ဘူးလား"

"သူ့အကြောင်း အစ်ကိုစောလည်းသိရဲ့သားနဲ့. . . အစ်ကိုစောတူပဲ အစ်ကိုစောလည်း ဆုံးမပိုင်ခွင့်ရှိတာပဲ"

"မရဘူးဟေ့. . . ခင်အေးကရှိသေးတယ်။ ခင်အေးက ဒီကောင်ကို အထိမခံဘူး။ ဆရာတော်ကလည်း မပြောရဘူးလို့ပြောထားတာ"

ဒေါ်ခင်အေးသည် အောင်စိုးကြီးရဲ့မွေးစားအမေ။

ဒေါ်မြင့်မေ၏တူမ။ အဘစောနှင့်ဒေါ်မြင့်မေက မောင်နှမ။

ဒေါ်ခင်အေးက သမီးတွေမွေးထားသည်။ သားလေးတစ်ယောက်သာ မွေးထား၍ အောင်စိုးကြီးကိုမွေးစားရန်တောင်းယူထားခြင်းဖြစ်သည်။

၎င်းကိုဆုံးမရင် မွေးစားအမေက မကြိုက်သလို အောင်စိုးကြီးကို ပညာသင်ပေးတဲ့ ဆရာတော်ကမကြိုက်။

အောင်စိုးကြီးက ဆိုးတာမဟုတ်။ အားလုံးကဆိုးတာပါဟု ဆရာတော်က မှတ်ချက်ချသည်။

"အဲဒါကြောင့် ဒီအကောင်ဆိုးနေတာပေါ့။ ဒီအကောင်ကြောင့် ခက်တော့တာပဲ။ မဖြစ်သင့်တာတွေ ဖြစ်ကုန်တော့မှာပဲ။ ဒီအကောင်ကြောင့် ငါရင်လေးတယ် မြင့်မေရာ"

"ဟုတ်တယ် အဘစော၊ ကျွန်တော်လည်း အဲဒီလိုပဲ တွေးမိတယ်"

"အဲဒီလို လုပ်လို့ဘယ်ဖြစ်မလဲ. . . အဘစော"

"ဘာဖြစ်လို့လဲ လှဦးရ"

"ဆရာတော်အတွက် ဆွမ်းအုပ်သူပဲယူပေးနေရတာ"

"တစ်ခြားလူနိုင်းပေါ့ကွာ"

"မရဘူး. . . ဆရာတော်ကိစ္စသူ့လောက် ဘယ်သူမှမသိဘူး။ ဆရာတော်ကလည်း ဂရုက်ခံမှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com


ဆရာတော်ရဲ့ ဆွမ်းကွမ်းကိစ္စကို အောင်စိုးကြီးအရင်တစ်ယောက်က တာဝန်ယူခဲ့သည်။

ကိစ္စများကိုပြီးပြတ်အောင် မဆောင်ရွက်နိုင်ခဲ့ပေ။

အောင်စိုးကြီးက အားလုံးပြီးပြတ်အောင် လုပ်ဆောင်ပေးနိုင်သည်။

ငင်းအတွက်ကြောင့် အားကိုးရာတစ်ခုဖြစ်လာသည်။

နောက်ထပ်တစ်ယောက် အစားထိုးရန်မဖြစ်နိုင်ခဲ့ပေ။

အောင်စိုးကြီးကလည်း မှန်တယ်ထင်ရင် တားမရအောင်ဆိုးသွမ်းသည်။

နံနက်စောစောရွာကို ဆွမ်းအုပ်လာယူရင် အဖော်ခွေးနှစ်ယောက်နှင့် လာသည်။

ငင်းလာရင် ရွာမှာဆိုးတဲ့ခွေးတောင် နေစရာမရှိ။

ရွာသစ်ပင်များက ငင်းရဲ့တုတ်ရိုက်ချက်ကလွတ်တဲ့အပင်ဆိုတာ မရှိအောင် ရှားပါးလှသည်။

"အဲဒီတော့ ဘာဆက်လုပ်ကြမလဲ"

"နတ်ပူဇော်ပြီး တောင်းပန်တာ အကောင်းဆုံးပဲ အဘစော"

"အေး. . . အဲဒါမြန်မြန်လုပ်ကြကွာ"

"စိတ်ချပါ. . . အဘစော။ သုံးရက်အတွင်း ရွာတော်ရှင်နန်းရှေ့မှာ ကျင်းပပါမယ်"

ဦးစိုးခင်ရဲ့ စကားဖြစ်သည်။

ငင်းသည် ရွာမှာနတ်ပွဲလုပ်လေသူအတွက် အကောင်းဆုံးဖြစ်၏။

နတ်ပွဲပြီးရင် တစ်လစာလောက် အလုပ်မလုပ်ဘဲ ထိုင်စားလို့ ရသည်။

နတ်ပွဲများများလုပ်ပါစေဟု ဆုတောင်းနေသည်။

www.burmeseclassic.com

## အခန်း-(၁၂)

## နတ်ဆရာ ကွဲတဲ့ခေါင်း

နှစ်တောင်းပန်ပွဲကို ရွာတော်ရှင်နတ်ကွန်းမှာ ကျင်းပသည်။

ရွာသားများက ထိုပွဲကိုလာ ရောက်ကြည့်သည်။

နံနက်ကိုးနာရီက စတင်ကျင်းပသည်။

ယခုညနေ ခြောက်နာရီကျော်လာပြီ။

တစ်နေကုန် ကျင်းပသည်။

ရွာသားများနှင့်စည်ကားနေသည်။

နတ်ပူဇော်ပွဲကို ဦးစိုးခင်က နတ်ဆရာအဖြစ်ဦးစီးသည်။

တာဝန်ရှိသူများက ဦးစိုးခင်အနားမှာထိုင်ပြီး ခိုင်းသမျှတွေကို လုပ်ဆောင်ကြသည်။

ဦးစိုးခင်သည် ကိုယ်တိုင်နတ်ဆရာလုပ်ပြီး ကိုယ်တိုင်နတ်ပူးသည်။ ရွာသားများ မေးသမျှကိုဖြေကြသည်။

နတ်ပူးတိုင်းအောင်စိုးကြီး မကောင်းကြောင်းကိုတာပြောပြီး ဒုက္ခရောက်အောင်လုပ်ပြမည်ဟု ကြိမ်းမောင်းသည်။

ရွာသားများက တောင်းပန်သည်။

မသိမလိမ္မာအမိုက်လေးကို ခွင့်လွှတ်ပေးရန်ပြောဆိုကြသည်။

အောင်စိုးကြီးသည် ဆရာတော်ခိုင်းသမျှလုပ်နေ၍ နတ်ပူဇော်ပွဲကို ရောက်လာခြင်းမရှိ။

www.burmeseclassic.com

www.burmeseclassic.com

ဧည့်သည်တွေရောက်ရှိလာလျှင် ထိုနတ်တွေ တုတ်နှင့်အရိုက်ခံရမှာ သေချာသည်။ ယခုမိုးချုပ်မှရောက်ရှိလာသည်။

ရောက်ရှိလာသော်လည်း နောက်ဆုံးမှုကြည့်နေရသည်။

ဧည့်ရောက်ရှိလာတာကို နတ်ပွဲတာဝန်ရှိသူများမသိ။

သိလျှင်လည်း မောင်းထုတ်ကြမှာ သေချာသည်။

လူတချို့က အကွယ်ပေးထားကြသည်။

"ကဲ. . . နန်းသိမ်းပွဲမှာ သုဿန်စောင့်မယ်ဟော်ကို ပူဇော်မယ် အားလုံးထိုင်ပြီးနေကြပါ"

နတ်ဆရာဦးစိုးခင်ရဲ့ အသံကြောင့် အားလုံးထိုင်နေကြရသည်။

"တောက်. . . အသုံးမကြတဲ့သူကွာ၊ သရဲမကို မယ်တော်ကြီးတဲ့"

စိတ်ထဲမှာ မကျေနပ်စွာပြောလိုက်မိသည်။

ဧည့်စကားကို ဘယ်သူမှမကြားရပေ။

အောင်စိုးကြီးရဲ့ ဆန္ဒက အလွန်ရှင်းသည်။

နတ်တွေက လူတွေခေါ်တိုင်းမလာဘူး။

လူတွေနဲ့ ကင်းကင်းနေကြသည်။

လူတွေကတာ နတ်တွေရဲနာမည်ကို ခုတုံးလုပ်ပြီး အသုံးချနေကြသည်။

"အမေကို ပူဇော်တာပါ။ ရွာသားတွေမှာ အပြစ်ရှိရင်ခွင့်လွှတ်ပါ"

"အေး. . . ငါခွင့်လွှတ်နေတာကြာပြီ. . . ဟိုမလောက်လေး မလောက်စားလေးက ငါပိုင်တဲ့ကုန်းပေါ်တက်ပြီး အပင်ကိုခုန်လှဲသွားတယ်။ ဒင်းကိုတော့ မကျေနပ်ဘူး။ မှတ်လောက်အောင်တော့ လုပ်ရလိမ့်မယ်"

"ခင်ဗျားမလုပ်ခင် ကျုပ်ကအရင်လုပ်မယ်"

"ရှော့"

"ခွမ်"

www.burmeseclassic.com

www.burmeseclassic.com


"အမလေးဗျာ"

အောင်စိုးကြီးသည် လူအုပ်စုကြားက ပြေးထွက်ပြီး. . .

အသင့်ပါလာတဲ့ ဝါးလုံးပိုင်းဖြင့် ခေါင်းကိုရိုက်လိုက်သည်။

အော်ဟစ်သံနှင့်အတူ တိုင်ကြားသွားသည်။

ရုတ်တရက်ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားသည်။

"အောင်စိုးကြီး ငါ့ကိုမ,မရိုက်ပါနဲ့ကွာ"

"အား. . . ကျွတ်. . . ကျွတ်. . . နာလိုက်တာ"

ရွာသားများသည် ဝင်ရောက်ဆွဲကြသည်။

ဦးစိုးခင်သည် နာလွန်းလို့အော်ဟစ်နေသည်။

"အောင်စိုးကြီး မလုပ်နဲ့. . . လွန်မယ်. . . လွန်မယ်"

"ဟေ့. . . အောင်စိုး. . . နင့်ကိုမကျေဘူး။ ကိုယ်တော်လေးနဲ့တိုင်ပြီး နင့်ကိုဒုက္ခရောက်အောင် လုပ်နိုင်းမယ်"

ဦးစိုးခင်ရဲ့ မိန်းမအသံဖြစ်သည်။

၎င်းမှာ ဒေါသများဖြင့် ထိန်းချုပ်ရန်ခက်နေသည်။

ဦးစိုးခင်တို့မိသားစုသည် နတ်ကိုအလွန်အားကိုး ယုံကြည်ကြ၏။

နတ်တွေက မ,စလို့ ယခုလိုမပူမပင် စားနေရသည်ဟု ထင်မှတ်နေသည်။

ရွာသားများသည် ဒဏ်ရာရနေတဲ့ ဦးစိုးခင်ကိုပြုစုရတာတစ်ဖက်. . .

၎င်းရဲ့ဇနီးကိုထိန်းနေရတာ တစ်ဖက်. . .

အောင်စိုးကြီးကို တားနေရတာက တစ်ဖက်. . .

အလုပ်များရှုပ်ထွေးနေသည်။

"ကြိုက်တဲ့ကိုယ်တော်နဲ့တိုင်. . . ခင်ဗျားတို့က နံလွန်းလို့မလာဘူး။ ဘုရားကိုကျော်ပြီး မဟုတ်တာလုပ်နေတယ်။ ခင်ဗျားတို့လူလိမ်တွေရဲ့စကားကိုယုံရင် အဲဒီနတ်ကလည်း နတ်လိမ်ပဲဖြစ်ရမယ်"

www.burmeseclassic.com


"အမလေးနော်. . . ကိုယ်တော်ကြီးရေ အဲဒီမကောင်းဆိုး
အကောင်ကို သေအောင်လုပ်လိုက်ပါ"

"ကျုပ်မသေခင် ခင်ဗျားအရင်သေရမယ်"

"အောင်စိုး မလုပ်နဲ့. . . မလုပ်နဲ့"

"ဟေ့. . . အောင်စိုးကြီးကိုခေါ်သွားကြကွာ"

အောင်စိုးကြီးသည် ဦးစိုးခင်မိန်းမကို တုတ်နှင့်ရိုက်ရန် ကြိုးစားသည်
အားလုံးက ဝိုင်းဆွဲနေကြသည်။

နတ်တွေကို ခုတုံးလုပ်ပြီးရွာသားများကို ခြိမ်းခြောက်နေသည်ဟု
ထင်မှတ်နေသည်။

ရွာသားများက ဦးစိုးခင်စကားကို ယုံကြည်နေကြသည်။

လေးစားသည်။ ၎င်းစကားကို လက်ခံသည်။

ဦးစိုးခင်သည် ရွာခံမဟုတ်။ ဘယ်ရွာက ဘယ်လိုဖြစ်ပြီး ထိုရွာမှာ
လာရောက်နေသည်မသိ။ ဦးစိုးခင်အကြောင်းကို ရွာသားကမသိ။

၎င်းကိုကလည်း မပြောပြ။

ဦးစိုးခင်ရဲ့လက်ရှိလုပ်ရပ်ကို ရွာသားများက အဟုတ်ထင်နေသည်။

"ဒီမှာကျုပ်အကြောင်းကို မကြာခင်ခင်ဗျားတို့သိစေရမယ်"

သူငယ်ချင်းများဆွဲခေါ်နေတဲ့ကြားက အနောက်ကိုလှည့်ပြီး ပြော
သွားသည်။

တချို့က အောင်စိုးကြီးလုပ်ရပ်ကို လက်ခံနှစ်သက်သလို တချို့က
အပြစ်တင်နေကြ၏။

"တူညီမှုမရှိတဲ့ကမ္ဘာလောကကြီးမှာ တူညီမှုဆိုတာ ဘယ်တော့မှ
ရှိလာမှာမဟုတ်. . ."

www.burmeseclassic.com

www.burmeseclassic.com 

အခန်း-(၁၃)

## နတ်ကို စုတ်းလုပ်

"ဒီ

ငနဲ့ မင်းလုပ်ရပ်သိပ်မှားတယ် အောင်စိုး"

ကျောင်းနေဘက်သူငယ်ချင်းဇော်ကြီးရဲ့ စကားဖြစ်သည်။

အောင်စိုးကြီးမှာ ကျောင်းနေဘက်အချစ်ဆုံး သူငယ်ချင်းလေးယောက် ရှိသည်။

သုံးယောက်က အိမ်ထောင်ကျပြီး ကလေးတွေရနေသည်။

အောင်စိုးကြီးက လူပျိုဘဝနှင့်သာရှိနေသည်။

ရွာဦးကျောင်းကဆရာတော်အလုပ်ကို လုပ်လိုက်၊ မိဘပိုင် လယ်ယာ အလုပ်ကိုလုပ်လိုက်နှင့် အလုပ်ရှုပ်နေသည်။

"ငါဘာမှားလို့လဲ ဇော်ကြီး"

"နတ်ဆရာဦးစိုးခင်ကို ရိုက်တာလေကွာ"

"အဲဒါဆို မင်းလည်းမှားတယ် ဇော်ကြီး"

"မင်းစကားက အရက်မူးနေတာတောင် ပြေသွားသလိုပဲ"

"ဒီမှာမူးရင် ဆက်သောက်"

"ဟာ. . . သိပ်ကောင်းတဲ့အရာပဲ"

www.burmeseclassic.com

www.burmeseclassic.com


သိန်းစိုးက စကားကိုထောက်လိုက်သည်။

အောင်စိုးကြီးသည် အရက်ခွက်ကိုမ,ယူပြီး သောက်လိုက်သည်။ အရက်ရဲ့အစွမ်းသတ္တိကြောင့် မျက်နှာလေးမဲသွားသည်။

"ငါပြောပြမယ်. . . သူတို့က ငါမကောင်းကြောင်းဘာလို့ပြောတာလဲ"

"အဲဒါနတ်တွေကပြောတာလေကွာ. . . မင်းက သုသာန်ပေါ်ကကုက္ကိုပင်ကြီးကို ခုတ်လှည်းလိုက်တာကိုးကွ"

"ဒီမှာ အဲဒီနတ်အစစ်တွေမဟုတ်ဘူး။ နတ်အတုတွေ ငါတို့တစ်ရွာလုံးအဲဒီလူကြီးရဲ့ အလိမ်ခံနေရတာ"

"ဒါဆို နတ်မရှိဘူးပေါ့"

"ဘုရားဟောတရားထဲမှာ နတ်တွေရှိတယ်။ ဒါပေမယ့် နတ်တွေက လူအနံ့ကိုမခံနိုင်လို့ လူတွေရဲ့အနားမှာမနေကြဘူး။ ဘုရားလက်ထက်က နတ်တွေက ဘုရားရဲ့တရားတွေလာနာကြတဲ့အခါ ညသန်းခေါင်ကျော်မှ ဘုရားထံ လာပြီး တရားနာတယ်။ လူတွေရဲ့အနံ့ကို မခံနိုင်လို့ လူတွေကင်းမှလာကြ တယ်။ အဲဒါမင်းတို့လည်း သင်ခဲ့ရတာပဲ။ အရက်သောက်တဲ့လူက နတ် ဆရာလုပ်တယ်ဆိုတော့ အသုံးမကြတဲ့နတ်တွေပဲဖြစ်ရမယ်"

"ဘာပဲဖြစ်ဖြစ်ကွာ၊ မင်းကိုတော့ သူတို့ကြည့်မရတာ သေချာတယ်"

"အဆန်းလုပ်လို့ ငါမျက်နှာကို ငါတောင်ကြည့်မရတာ။ သူတို့ကြည့်မရတာ မဆန်းပါဘူး"

သိန်းစိုးအတွက် အခက်ကြုံတွေ့တဲ့စကားမျိုးဖြစ်သည်။

အောင်စိုးကြီးသည် ဘယ်တုန်းကမှ စကားကိုအေးအေးဆေးဆေး မပြောတတ်။

www.burmeseclassic.com

www.burmeseclassic.com


ငင်းထံက ထွက်လာတဲ့စကားသည် တစ်ဖက်လူအတွက် မခံနိုင်။ မသိသူများက ရန်စကားပြောသည်ဟု ထင်မှတ်ကြသည်။

တကယ်တော့ အောင်စိုးကြီးက စကားပြောရိုင်းပေမယ့် လူတွေအပေါ် ကြင်နာသနားတတ်သည်။

အောင်စိုးကြီးသည် ဦးစိုးမင်း၏လုပ်ရပ်ကို မကျေနပ်သည်မှာ ကြာပြီ။ ရွာသားများကို ဒုက္ခပေးနေသူတစ်ယောက်ဟု ထင်မှတ်နေသည်။

"မင်းစကားကလည်းကွာ ငါတို့နားမလည်ဘူး"

"မင်းတို့ဘယ်ခေတ်မှာ မွေးတာလဲ။ အဲဒီလောက်တော့ မညံ့သင့်ပါဘူးကွာ. . . အဲဒီလူတွေဟာ သတို့မျက်နှာကို သူတို့ပြန်ကြည့်လို့ရလား။ ဆော်တော်ခက်တဲ့ လူတွေပဲ"

"သူတို့ပြောတာနဲ့ မင်းပြောတာအဓိပ္ပာယ်ချင်းမတူဘူး အောင်စိုး"

"သူတို့က ငါတို့ကိုမုန်းတယ်။ လမ်းတွေ့ရင် တုတ်နဲ့လိုက်ရိုက်ချင်တယ်ဆိုတာကို မင်းပြောတာမဟုတ်လား သိန်းစိုး"

"အော်. . . ဟုတ်တယ်"

"ငါပြောတာလည်း. . . အဲဒါပဲလေ။ ငါတို့ကိုကြည့်မရဘူး. . . တုတ်နဲ့ရိုက်ချင်တယ်ဆိုသလို သူတို့ကို တုတ်နဲ့ရိုက်ချင်သူတွေ အများကြီးရှိနေတယ်ဆိုရင် မင်းဘယ်လိုဖြေရှင်းမလဲ"

"အောင်စိုးကြီးပြောတဲ့ ဒီစကားကို ငါလက်ခံတယ်။ ငါ့မျက်နှာ ငါတောင်ကြည့်မရတာ သူကိုကြည့်မရတာ မဆန်းဘူးဆိုတာ ဘယ်လို အဓိပ္ပာယ်လဲ"

ဇော်ကြီးမေးခွန်းကိုမဖြေသေးဘဲ အရက်ကိုမော့သောက်လိုက်၏။ ဇော်ကြီးတို့သည် အောင်စိုးကြီးရဲ့အဖြေကို စောင့်မျှော်နေကြသည်။ သားငါးမှ ဟန်ပြင်နေတဲ့ အရက်ခွက်များက အပေါ်မတော်အောက်မဆင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်မှာ ရပ်နေသည်။

အနားရှိအရက်သောက်နေသူများက ငှင်းပြောလာမယ့်စကားကို စိတ်ဝင်စားနေကြသည်။

အောင်စိုးကြီးဖြစ်နေ၍ ဝင်ရောက်မပြောရဲကြပေ။

အရက်သောက်နေတဲ့အချိန်မှာ အပြင်လူဝင်ရောက်လာတာကို မကြိုက်။

ငှင်းကိုယ်တိုင်က တစ်ခြားဝိုင်းတွေ ဝင်ရောက်မထိုင်။

အရက်တိုက်ပါဟု လာရောက်ပြောလျှင်အရက်ဖိုး ပေးလိုက်သည်။ တစ်ဝိုင်းတည်းတော့ အတူတူသောက်ခွင့်မပြု။

အတူတူသောက်မိလို့ တက်ခဲ့တဲ့ပြဿနာပေါင်းများစွာရှိခဲ့သည်။

"ငါလောက်တောင်ပဲ ညံ့ရလားကွာ၊ သူတို့ကိုကြည့် ရဘူးလို့ ပြောသလို သူတို့ကိုကြည့်မရသူတွေလည်း အများကြီးရှိနေတာပဲ။ သူတို့က ငါ့ကိုတုတ်နဲ့ရိုက်ချင်သလို၊ ငါကလည်း သူတို့ကို ရိုက်ချင်နေတယ်။ အဲဒါဆို မင်းတို့ ဘယ်လိုဖြေရှင်းမလဲ. . . ကဲပြော"

"ဒီတစ်ခါတော့ လက်ခံသွားပြီ"

လက်ထဲက အရက်ခွက်တွေကို ပြန်ချလိုက်ကြသည်။

ကျေနပ်တဲ့အကြည့်များဖြင့် ကြည့်နေကြသည်။

လောကမှာလူတစ်ယောက်က. . .

တစ်ယောက်ကို စေတနာထားရင်. . .

တစ်ယောက်က စေတနာထားသည်. . .

တစ်ယောက်ကမုန်းရင်. . .

ကျန်သူတစ်ယောက်ကလည်း. . .

မုန်းတတ်သည်. . .

www.burmeseclassic.com

www.burmeseclassic.com


လောကနိယာမတွေကို လူတွေဘာကြောင့် မသိတာလဲ။

မသိချင်ယောင်ဆောင်နေကြတာလား. . .

ရင်းကိုစွန့်ပတ်သက်ပြီး လူတွေကိုမေးခွန်းထုတ်ချင်တာ အောင်စိုးကြီးရဲ့ ခင်ကိုယ်စိတ် ဖြစ်နေသည်။

"မင်းတို့က ငါ့စကားကိုလက်ခံတယ်ဆိုတော့ ငါ့မှာစဉ်းစားစရာ တစ်ခုရှိလာတယ်ကွာ"

"ဘာလဲ. . . အောင်စိုးကြီး"

"ရွာသားတွေက ငါ့စကားကို ဘာလို့လက်မခံကြတာလဲဆိုတာပဲ"

"ငါပြောမယ် မင်းစိတ်မဆိုးနဲ့"

"အမှန်တရားကိုပြောတာပဲ။ ငါကဘာလို့ စိတ်ဆိုးရမှာလဲ"

"မင်းလိုပဲ ခပ်ပြတ်ပြတ်ပြောမယ်။ မင်းလုပ်ရပ်က ရွာအတွက် အကျိုးပြုတာ မရှိသေးလို့ပေါ့ကွာ"

"ဒီတစ်ခါတော့ မင်းတော်သွားပြီ. . . ငါရွာအတွက် အကျိုးပြုတာ တစ်ခုမှ မလုပ်ရသေးဘူး. . . ဒါအမှန်ပဲ"

စိုးနိုင်စကားကို လက်ခံလိုက်သည်။

အရက်ခွက်ကို သေချာကြည့်နေသည်။

အတွေးစများ ဝင်ရောက်လာသည်။

အောင်စိုးကြီးသည် ရွာရဲ့ကောင်းကျိုးကိုပြုနေသော်လည်း အမှတ်ရ စေမယ့် အကျိုးပြုလုပ်နေတာ သိပ်မရှိ။

အသက်အရွယ်ကြောင့်လား မသိ။

အောင်စိုးကြီးလုပ်ရပ်ကို မကောင်းမြင်နေကြ၏။

ရွာလူကြီးတွေက ကောင်းတယ်ထင်ပြီးလုပ်နေရင် ကောင်းဟု ထင်မှတ်ပြီး ဝင်ရောက်နှောက်ယှက်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ငင်းအတွက် လူကြီးတွေက မကျေမနပ်ဖြစ်ကာ မကောင်းဆိုးဝါးကောင်

ဟု ထင်မှတ်နေကြသည်။

အောင်စိုးကြီးဆိုတဲ့ ဒီအကောင်က တကယ့်မကောင်းဆိုးဝါးအကောင်

ဖြစ်နေပြီလား။

ရွာသားတွေပြောသလို မကောင်းဆိုးဝါးအကောင်ဖြစ်နေရင် ဒုက္ခပေး

နေတဲ့ အကောင်တွေကိုအပြတ်ရှင်းထုတ်ပစ်မည်ဟု. . .

စိတ်ထဲမှာ ကြံရွယ်လိုက်သည်။

သောက်ထားတဲ့ အရက်အရှိန်က လွင့်စင်ပျောက်ကွယ်သလိုဖြစ်နေ

သည်။

"ငါတော်တယ်ဆိုတဲ့ စကားလုံးကိုမသုံးပါနဲ့. . . အောင်စိုးကြီးရေ

ငါတို့က မိသားစုနဲ့ဆိုတော့ ရွာရဲ့ကောင်းကျိုးကိုမလုပ်နိုင်သလို ငါ့ဆွေမျိုး

ကောင်းကျိုးကိုလည်း မလုပ်နိုင်သေးပါဘူးကွာ"

"ဒီအသိရှိနေတာကိုက ကောင်းတဲ့အရာတစ်ခုပဲကွာ။ ငါတို့မှာ

မင်းတို့လိုအသိတောင်မရှိသေးဘူးကွာ"

"အခုသိလာပြီ မဟုတ်လား။ ကဲ. . . သောက်ကြကွာ။ မင်းတို့

မိသားစုက မင်းကိုအကောင်းပြန်လာတာကိုပဲ မြင်ချင်ကြမှာ"

အောင်စိုးကြီးရဲ့စကားကို လက်ခံလိုက်ကြသည်။

လက်ကျန်အရက်ကို လေးခွက်မျှထည့်လိုက်ကြသည်။

အောင်မြင်မှု အထိမ်းအမှတ်အဖြစ် သောက်လိုက်ကြသည်။

ပူပြင်းတဲ့အရက်ဒဏ်ကို ဖျောက်ဖျက်တဲ့အနေနှင့် လက်ကျန်အစာ

များကို ခွဲဝေစားကြပြီး ပြန်လာခဲ့ပေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-(၁၄)

## အပိုင်စားပေးခြင်း

"တောင်

တောရယ်သာ...

မာလာက

ငုံပွး...

တစ်ပင်ကို

နှစ်ပင်ယှက်ပါလို့...

ကျေးငှက်က

မြူး...။

ပတ်ဝန်းကျင်ကို ပြတ်သားစွာလွှမ်းမိုးလိုက်တဲ့အသံ ဖြစ်သည်။

အချိန်သည် ည ၈းဝဝနာရီကျော် ၉းဝဝနာရီအနားကို ရောက်ရှိနေသည်။ လမိုက်ရက်မို့. . .

ပတ်ဝန်းကျင်သည် မဟူရာ ကတ္တီပါကြီးလွှမ်းခြုံထားသလို ဖြစ်နေသည်။ အသံပိုင်ရှင်မှာ အောင်စိုးကြီးဖြစ်နေသည်။

အောင်စိုးကြီးသည် တစ်ဖက်ရွာကပြန်လာသည်။ ထိုရွာက မိတ်ဆွေများနှင့် တွေ့ဆုံပြီး ယမကာလေးကိုမှီဝဲခဲ့သည်။

ရောက်ရှိနေတဲ့နေရာက ဦးစိန်မောင်တဲကုန်းဖြစ်သည်။

ဦးစိန်မောင်တဲကုန်းနှင့် နေထိုင်ရာ ရွာကသိပ်မဝေးဘူးဆိုပေမယ့် အစ်မိုက်လောက်ဝေးနေသေးသည်။

မိုးရာသီတွင် လူများနေထိုင်ပြီး ဆောင်းရာသီတွင် လူများနေထိုင်ခြင်းမရှိပေ။

www.burmeseclassic.com

www.burmeseclassic.com


တဲကုန်းအပေါ်ရောက်သည်နှင့် ကြက်သီးများထလာသည်။
မှေးစင်းနေတဲ့မျက်လုံးများ ပြူးကျယ်သွားသည်။
မြင်လိုက်ရတဲ့အရာက အလွန်ကြောက်စရာကောင်းနေသည်။
"ဟော. . . ငါ့အရှေ့က ဘယ်သူလဲကွ"
မေးလိုက်ပေမယ့် ခြေလှမ်းတွေက အနောက်ကိုယိမ်းယိုင်နေသည်။
ကိုယ်ခန္ဓာအား တည်ငြိမ်အောင်ထိန်းနေသည်။
လက်ထဲက ဝါးလုံးပိုင်းကို အကူအညီပြုနေရသည်။
တစ်ဖက်က အသံထွက်ပေါ်လာခြင်းမရှိ။
အနားကိုရောက်ရှိသွားသည်။ ၎င်းအရာကို သေချာကြည့်လိုက်သည်။
"ဟာ. . . လူမှမဟုတ်တဲ့. . . ငါ့ကိုအနှောင့်အယှက်ပေးတဲ့အပင်"
"ရော. . ."
"ဖျောင်း. . . ဖျောင်း. . . ဖျောင်း. . ."
ကုက္ကိုပင်ပေါက်လေးကို ဝါးလုံးပိုင်းနှင့် ပြင်းထန်စွာရိုက်လိုက်သည်။
အပင်လေးသည် ဘယ်ညာလှုပ်ရမ်းသွားသည်။
ထိုသို့ပြုလုပ်လိုက်ရ၍ ပျော်ရွှင်ကျေနပ်နေသည်။
"အဲဒါ ငါ့ကိုနှောက်ယှက်အပြစ်ပေးလိုက်တာ"
"နောက်တစ်ခါဆို ခေါင်းတုန်းပစ်မယ်မှတ်"
အောင်စိုးကြီးသည် ထိုသို့ပြုလုပ်လိုက်ရမှ ကျေနပ်သည်။
၎င်းကလူတစ်မျိုး ဘယ်အရာမဆို အနှောင့်အယှက်ဖြစ်တယ်ထင်ရင် ထိုကဲ့သို့ပြုလုပ်တတ်သည်။
အောင်စိုးကြီးသည် အပင်ကိုတစ်ချက်ထပ်မံကန်ပြီး ရှေ့ကိုထွက်ခဲ့သည်။
"ဟာ. . . အမလေး. . . သွားပြန်ပြီ. . . သေပေတော့"

www.burmeseclassic.com

www.burmeseclassic.com


"အ. . . အမလေး. . . မလုပ်ပါနဲ့. . . မလုပ်ပါနဲ့"

"ဒီတစ်ခါတော့ အပင်မဟုတ်ဘူး။ လူတစ်ယောက်ပါလား. . . ဘကြီးစိန်မောင်ရဲ့သားလား မသိဘူး"

"ဟိတ်. . . မင်းဘယ်သူလဲ"

"ကျုပ်ဒီကုန်းကို အပိုင်ယူထားတဲ့ တစ္ဆေငပွေးပဲ။ အားလုံးက ကျုပ်ကို ပွေးကြီးတစ္ဆေလို့ခေါ်တတ်ကြတယ်"

"ဟာ. . . ခင်ဗျားက တစ္ဆေလား။ အဲဒါဆို ကျုပ်ကိုကြောက်လန့်သွားအောင် ခြောက်စမ်းဗျာ"

အောင်စိုးကြီးသည် ဝါးလုံးပိုင်းကို တစ်ချက်ပြင်ကိုင်လိုက်သည်။ တစ္ဆေငပွေးက ခြောက်လှန့်ရင် ဝါးလုံးပိုင်းပြတ်ပြတ်ရိုက်ရန် ဆုံးဖြတ်ထားသည်။

တစ္ဆေငပွေးသည် ဘကြီးစိန်မောင်တဲကုန်းမှာ ဆိုးသွမ်းနေသည်ဟု ကြားဖူးသည်။

ဘယ်လိုပုံစံနှင့် ဆိုးသွမ်းသလဲမေးကြည့်တော့ ဘယ်သူမှတိကျစွာ မပြောတတ်. . . တစ်ယောက်ကိုတစ်ယောက်က လွှဲချနေသည်။

နောက်ဆုံးထွက်လာတဲ့ အဖြေက ဘကြီးစိန်မောင်ပြောလို့သိတယ် ဆိုပေမယ့် ထွက်ပေါ်လာသည်။

လူကြီးဖွေ့ကတော့ ဘကြီးစိန်မောင်ခြံတည်းက ငှက်ပျောသီးတွေ ခိုးယူမှာကြောက်လို့ ခြောက်လှန့်တာဟုပြောကြသည်။

ယခုတော့ အောင်စိုးကြီးနှင့် ရင်ဆိုင်တွေ့သည်။

"ကျုပ်. . . ခင်ဗျားကို မခြောက်ရဲဘူး။ ခင်ဗျားအောင်စိုးကြီးဟုတ်လား"

"ဟုတ်တယ်. . . ကျုပ်အောင်စိုးကြီးပဲ။ ကျုပ်သိရဲ့ခြောက်ခံဖူးချင်

www.burmeseclassic.com

www.burmeseclassic.com

လို့ဗျာ။ ကျုပ်သရဲခြောက်တာကို တွေ့ဖူးချင်လို့ဗျာ"

"မခြောက်ပါရစေနဲ့ဗျာ. . . ကျုပ်တောင်းပန်ပါတယ်"

အောင်စိုးကြီးသည် အသံလာရာကို ကြည့်နေသည်။

အသံကိုကြားရပေမယ့် မည်သည့်အရိပ်အရောင်ကိုမှ တွေ့ရခြင်းမ

တွေ့လျှင်လက်ထဲက ဝါးလုံးပိုင်းက သက်ညှာမှာမဟုတ်. . .

ပြင်းထန်စွာရိုက်မှာ သေချာသည်။

တစ္ဆေငပွေက မခြောက်ဟုပြောလာ၍ အနိုင်ရနေသည်။

"ငါမသိချင်ဘူး. . . မင်းငါ့ကိုမခြောက်ရင်တော့ ဒုတ်နဲ့ရိုက်မယ်"

"မရိုက်ပါနဲ့ဗျာ. . . ကျုပ်တောင်းပန်ပါတယ်။ ကျုပ်ပိုင်

ဒီနေရာကို ခင်ဗျားအပိုင်ယူပါ။ ခင်ဗျားကိုပေးပါတယ်. . . ဒီနေ့က

ကျုပ်ဒီနေရာမှာ မနေတော့ဘူး. . . တခြားကိုသွားပါတော့မယ်"

"ဝေါ. . ."

ကျယ်လောင်တဲ့ အသံထွက်ပေါ်လာသည်။ များစွာသော ငှက်

ပင်များ ယိမ်းယိုင်သွားကြသည်။ အရွက်များသည် လေပေါ်မှာ လွင့်

ကုန်သည်။ အောင်စိုးကြီးသည် ငှက်ပျောပင်တွေကိုကြည့်နေသည်။

တစ္ဆေ သရဲဆိုတာကို မြင်ဖူးချင်သည်။ လူတွေကပြောသည်။ငှက်

အလွန်ကြောက်လန့်စရာကောင်းသည်။ တွေ့ဖူးကြသလားဆို

ဘယ်သူမှမတွေ့ဘူးကြ။

အောင်စိုးကြီးသည် ဘကြီးစိန်မောင်တဲကုန်းပေါ်က ဆင်းလာသည်

"ဟေ့ကောင်. . . ငပွေ။ ဒီနေရာကိုငါပိုင်သွားပြီနော်။ မင်း

ငါ့နယ်ကိုဝင်ရောက်မလာနဲ့တော့"

ထိုသို့ပြောပြီး ရွာကိုဦးတည်လာနေပေတော့၏။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com 

## အခန်း-(၁၅)
## သရဲရှိလို့လား

"ဘာ. . . ငါ့ကိုသရဲကြီးနဲ့တိုင်မယ်. . . ဟုတ်လား"

"ဟုတ်တယ်. . . အောင်စိုးကြီး၊ သရဲကြီးကိုခေါ်ပြီး မင်းကိုမှတ်လောက်အောင် ဆုံးမခိုင်းမယ်လို့ ကြံနေတယ်"

သိန်းစိုးရဲ့ စကားဖြစ်သည်။

အောင်စိုးကြီးတစ်ခုခုဖြစ်သွားမှာကို စိုးရိမ်နေသည်။

၎င်းတစ်ခုခုဖြစ်သွားရင် သိန်းစိုးတို့သူငယ်ချင်းများ စိတ်မကောင်းဖြစ်ရမှာသေချာသည်။

သိန်းစိုးစကားကြားလိုက်ရတော့ အလွန်ဒေါသထွက်ရသည်။

မနိုင်တာနိုင်ရာကို လုပ်တာပဲဟု ထင်မှတ်နေသည်။

သရဲကြီးသည် အလွန်ဆိုးသွမ်းသည်။

၎င်းနှင့်တွေ့လိုက်လျှင် မည်သူမှမခြောင်။ လက်ဝါးနှင့်ကျောပြင်ကို ထိမိလျှင် သေတဲ့အထိဒဏ်ရာပါသွားသည်။

သရဲကြီးလက်ဝါးရိုက်ခံရသူ တော်တော်များများမှာ နှစ်ပေါင်းများစွာထိ အနာကို ခံစားနေကြရသည်။

အောင်စိုးကြီးကို ထိုသို့အရိုက်ခံရမှာကို စိုးရွံ့နေကြသည်။

"မင်းပြောတာ အမှန်ပဲလား သိန်းစိုး"

"မင်းကိုဘယ်တုန်းက လိမ်ညာဘူးလို့လဲ။ ဖော်ကြီး ကို မေးကြည့်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . အောင်စိုးကြီး။ ဦးစိုးခင်ရော၊ သူ့မိန်း
ဒေါ်ကဆုတ်ကလည်း ပြောတယ်ကွာ။ ငါတို့တော့ မင်းကိုစိုးရိမ်တယ်ကွာ
မင်းသတိရှိဖို့လိုလာပြီ အောင်စိုးကြီး"

"မနေ့တစ်နေ့ကမှ ရွာကိုရောက်လာတဲ့သူတွေကို ကြောက်နေ
မှာလား။ ငါ့ကိုသူတို့က လုပ်နိုင်မလား။ သူတို့ကိုငါက လုပ်နိုင်မလား
တာ မင်းတို့စောင့်ကြည့်နေကြ"

"ဟ. . . အဲဒီလိုတဖောက်ကန်းတဲ့ လုပ်ရှပ်ကိုမလုပ်နဲ့လေကွာ
လူကြီးတွေက မင်းအပေါ်တစ်မျိုးမြင်သွားလိမ့်မယ်"

"သူတို့မြင်တာကို မင်းတို့စိုးရိမ်နေရင် ငါတစ်မျိုးမြင်မှာ
သူတို့က မစိုးရိမ်ဘူးလား။ မင်းတို့တော့ မသိဘူး။ အဲဒီလူတွေ
လူကောင်းတွေ မဟုတ်ဘူး။ ရွာကိုဒုက္ခပေးဖို့ ရောက်လာကြသူတွေပဲ"

"မင်းထင်သလို ဟုတ်မယ်မထင်ပါဘူးကွာ"

"အဲဒီလို မထင်ဘူးဆိုတာက ထင်စရာဖြစ်နေတာပဲ၊ ဒီမှာမင်းတို့
ငါပြောပြမယ်။ မကောင်းတာလုပ်ပြီးတဲ့သူဟာ ကောင်းတဲ့အလုပ်တွေ
ယုံကြည်အောင်ဆွဲဆောင်ပြနေတယ်။ မင်းတို့ပဲကြည့်လေ. . . အခု
တုန်းက တို့ရွာဟာ အခုလိုမကြာခဏ အရှင်ပင့်စရာမလိုဘူး။ တစ်
ကိုတစ်ခါပဲ ဘာပြဿနာမှ မရှိဘူးအခုတော့"

အောင်စိုးစကားကို နားထောင်မိမှ ဟုတ်တော့မလို. . .

ယခင်က တစ်နှစ်ငါ့တစ်ကြိမ်တော့ ပြုလုပ်ကျင်းပတဲ့ရွာတော်ရှင်ပွဲ
ဦးစိုးခင်ရောက်ရှိလာမှ နှစ်ကြိမ်သုံးကြိမ်ကျင့်ပနေရသည်။

ရွာမှာ တစ်ခုခုမဖြစ်လိုက်နှင့် ရွာတော်ရှင်စိတ်ဆိုးလို့. . .

ကွင်းပိုင်. . နယ်ပိုင်တွေစိတ်ဆိုးလို့ဖြစ်တာဟု အကြောင်းတွေပြသည်
ငှင်းပွဲတစ်ခါကျင်းပရင် ငွေသားနှင့်အုန်းနှစ်ပွဲပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com


ဦးစိုးခင်အလုပ်က ရွာစင်လှည့်ပြီးနတ်ဆရာလုပ်တဲ့အလုပ်သာ ဖြစ်နေသည်။

"ဒါတော့ဟုတ်တယ်ကွာ. . . အခုဆို ဒို့ရွာမှာမကြာခဏပဲ။ ငါတို့ရွာလေးဟာ သူကြောင့်အေးချမ်းနေတယ်လို့ ထင်နေတယ်"

"မင်းတို့သိပြီမဟုတ်လား"

"လူကြီးတွေက ဘာလို့မသိတာလဲ"

"ဒါတော့ မပြောနဲ့ကွာ။ လောလောဆယ် ငါတို့သိထားဖို့က အရေးကြီးတယ်၊ ဒါနဲ့ဖော်ကြီး မမြတ်ထွေးတစ်ယောက်ရော မတွေ့မိဘူးလား"

"အေး. . . မင်းပြောမှငါသတိရတယ်။ မမြတ်ထွေးက မင်းကိုတွေ့ချင်လို့တဲ့ ဒီညသူ့အိမ်လာဖို့မှာလိုက်တယ်"

"အေး. . . ငါကလည်းတွေ့ချင်နေတာပဲကွာ။ ကျေးဇူးပဲ. . . သူငယ်ချင်း"

"ကိုကြီးအောင်စိုး"

"ဟေ. . . ဘာလဲကွာ"

ခေါ်ရင်းနှင့်ကလေးငယ်လေးမှာ အနားကိုရောက်လာကြသည်၊

ပြောလက်စ,စကားလေးကို ရပ်လိုက်ကြသည်။ အော်လာတဲ့ကလေးကိုကြည့်လိုက်သည်။ ကလေးငယ်သည် အရှေ့ကိုတိုးလာသည်။

ပြောလက်စ,စကားများ ရပ်ဆိုင်းကုန်ကြသည်။

"ကြီးမြင့်မေက ပြောတယ်။ ဆရာတော်ဘုရားက ကျောင်းကို အခုလာပါအုံးတဲ့"

"ဟာ. . . ဆရာတော်ဆူတော့မယ် ထင်တယ်။ ဘယ်လိုလုပ်မလဲ"

"ဘာလုပ်ရမှာလဲ. . . ဆရာတော်ခေါ်တာပဲ သွားရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com


"ဟော့. . . မောင်ထူး လာမယ်လို့ပြောလိုက်"

"အခုလာခဲ့ပါတဲ့"

"ငါသိပါတယ်. . . မင်းအရင် ငါ့အိမ်ကိုရောက်နေမှာပါကွာ"

မောင်ထူးသည် ချက်ချင်းထွက်သွားသည်။

ဆရာတော်သည် အောင်စိုးကို တပည့်တစ်ယောက်လို သားတစ်ယောက်လိုချစ်သည်။

တစ်ခုခုမှားနေရင် ခေါ်ယူဆုံးမတတ်သည်။

အန္တရာယ်များနှင့် ကြုံတွေ့လျှင် ကာကွယ်ပေးတတ်သည်။

အောင်စိုးဘယ်လိုဘေးဒုက္ခနှင့်ကြုံတွေ့နေပါစေ ဒုက္ခမရောက်။ ဒုက္ခတွေက အနောက်ကိုဆုတ်ပြီး ပြန်သွားတတ်သည်။

"ဆရာတော်ခေါ်တာ အကြောင်းတော့ရှိမယ်ထင်တယ်"

"မဟုတ်တာဘဲကွာ. . . ဆရာတော်က ကိစ္စရှိရင် အောင်စိုးကြီးကိုပဲ ခေါ်ပြီးခိုင်းနေကျပဲ မဟုတ်လား"

"ဟာ. . . ဟုတ်သားပဲ. . . ငါမေ့သွားတယ်"

"ဒါတွေထားပါကွာ. . . ငါဆရာတော်ဆီသွားလိမ့်ဦးမယ်။ မင်းတို့ကို တစ်ခုမှာထားခဲ့မယ်"

"ဘာလဲကွာ ဘာမှာခဲ့မှာလဲ"

"ဦးစိုးခင်ကို သရဲကြီးနဲ့ပတ်သက်ပြီး ဘာတွေလုပ်ထားလဲ။ အဲဒီအကြောင်းကို ငါ့ကိုပြန်ပြော"

"အဲဒီအတွက် မစိုးရိမ်နဲ့ကွာ ငါတို့ရှိတယ်"

အောင်စိုးကြီးသည် သူငယ်ချင်းများကို နှုတ်ဆက်ပြီး ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com


"ဝုတ် . . . ဝုတ်"

"ဂီး. . . ဂီး. . . "

"ဝှစ်. . . ဝှစ်. . . ဝှစ်"

ထွက်ပေါ်လာတဲ့အသံများက တိတ်ဆိတ်တဲ့အချိန်ကာလကို ဖျက်ဆီးလိုက်သည်။

ရင်းအသံများကြောင့် ကြက်သီးများထလာသည်။

ခေါင်းများကြီးလာသည်။

ဆံပင်များထောင်တက်လာသလို ထင်မှတ်နေသည်။

ပတ်ဝန်းကျင်းတွင် အဖော်မရှိ။

ခွေးနှစ်ကောင်နှင့် ရင်းသာရှိသည်။

အောင်စိုးကြီးသည် စေတီ၏တနက်ခွေထောင့်တွင် ပုတီးစိပ်နေသည်။

ဆရာတော်သည် ခေါ်ပြီးအလုပ်ခိုင်းသည်။

အလုပ်ပြီးသည်နှင့် အိမ်မပြန်နိုင်းဘဲ စေတီမှာပုတီးစိတ်ခိုင်းသည်။

ထိုသို့ပြုလုပ်ရသည်မှာ အချက်နှစ်ချက်ရှိသည်။

တစ်ချက်က စိတ်ကိုတည်ငြိမ်အောင်ထိန်းထားသည်။

နောက်တစ်ချက်က အမြင်မတော်တာတွေ့ရင် ဝါးရင်းတုတ်နှင့်ဝင်ရိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဖြေရှင်းတတ်သည့်အတွက်ကြောင့်. . .

အောင်စိုးကြီးသည် ပုတီးစိတ်နေရင်း စိတ်ထဲတွင်တစ်မျိုးဖြစ်နေ
သည်။

နားထဲတွင် ခြေသံလိုလိုကြားနေရသည်။

ငင်းအသံတွေကို အာရုံစိုက်နေ၍ ဗုဒ္ဓဂုဏ်ဂါထာတွေကို အမှားမှား
အယွင်းယွင်းရွတ်ဆိုနေမိသည်။

စိတ်ကိုအတတ်နိုင်ဆုံး ထိန်းချုပ်နေရသည်။

လေပေါ်လွင့်နေတဲ့စိတ်များကို ပြန်လည်စုဆည်းနေရ၏။

"စိတ်ကိုတည်ငြိမ်အောင်ထားမှ သမာဓိတည်မယ်။ စိတ်ကို
တည်ငြိမ်အောင်ထားပါကွယ်"

ဆရာတော်ရဲ့စကားများ ဖြစ်သည်။

ဆရာတော်သည် အောင်စိုးကြီးရဲ့စိတ်ကိုထိန်းချုပ်နိုင်ရန် ပုတီးအသုံး
ပြုနေရသည်။

အောင်စိုးကြီးသည် ဆရာတော်ကို မလွန်ဆန်နိုင်၍ ယခုကဲ့သို့
ပြုလုပ်နေရခြင်းဖြစ်သည်။

ဆရာတော်ရဲ့ဆုံးမမှုကြောင့် စိတ်တွေ ယဉ်ကျေးစပြုလာတဲ့
အောင်စိုးကြီးမှာ မဟုတ်တာများတွေ့ရပါက ထိုစိတ်များလွင့်စင်ပျောက်
ကွယ်ပြီး ဒေါသများက ပြန်လည်လန်းဆန်းလာသည်။

ပတ်ဝန်းကျင်က တိတ်ဆိတ်ငြိမ်သက်နေ၍ စိတ်များတည်ငြိမ်စပြုလာ
ပြန်သည်။

မျက်ဝန်းအိမ်တွင် ခွဲခြားမရတဲ့အရိပ်များ ထွက်ပေါ်နေသည်။

မည်သည့်အရာများဆိုတာ ခွဲခွဲခြားခြားသိချင်လာသည်။ သမာဓိအားက
နုနယ်သေး၍ မပေါ်လာပေ။

www.burmeseclassic.com

www.burmeseclassic.com


အောင်စိုးကြီးရောက်ရှိနေတဲ့ စေတီတော်က ရွှေးနှစ်ပေါင်းများစွာက စေတီတော်ဖြစ်သည်။ စေတီတော်တွင် အစောင့်များရှိသည်ဟု ပြောသံ ကြားဖူးသည်။

ဘယ်လိုဟာဆိုတာ ပြောသူမရှိ၍ သဲကွဲစွာမသိပေ။

ပုတီးစိတ်ရင်း ကိုယ်ခန္ဓာက လေပေါ်ကိုမြောက်တက်သွားသလို ထင်မှတ်နေမိ၏။ စိတ်ထဲမှာ ကြည်နူးလာသည်။

စိတ်များသည် ကိုယ်ခန္ဓာနှင့်လေပေါ်မှာ လွင့်စင်နေသည်။ နှုတ်မှာ ရွတ်ဆိုနေတဲ့ ဂါထာများရွတ်ဆိုရန် မေ့ပျောက်နေသည်။

စောစောက လေပေါ်လွင့်စင်နေတာတွေ ပျောက်ကွယ်သွားသည်။

ထပ်မံ၍ အသိတစ်ခုဝင်ရောက်လာရာ. . .

ဦးစိုးခင်တို့ပြောနေကြတဲ့ သရဲကြီးပင်ဖြစ်သည်။

၎င်းတို့က အောင်စိုးကြီးကိုသရဲကြီးနှင့်တိုင်ပြီး ဒုက္ခရောက်အောင် လုပ်နိုင်းမည်။

ရွာသားများက သရဲကြီးကိုအလွန်ကြောက်ရွံ့ထိတ်လန့်ကြသည်။

လူတစ်ယောက်ကျောကို တစ်ချက်ရိုက်မိသည်နှင့် သေတဲ့အထိ လက်ငါးချောင်းရာ မပျောက်ဟုပြောနေကြသည်။

သရဲကြီးကိုအနိုင်တိုက်နိုင်သူမရှိတဲ့အချိန်မှာ အောင်စိုးကြီးလို လူငယ် လေးတစ်ယောက်က အနိုင်ရဖို့ဆိုတာ မလွယ်ကူပေ။

ကြောက်လို့ထွက်ပြေးရင် ထိုအကောင်ကြီးက ညှာတာမှာမဟုတ်။

"ဖျောင်း"

"ဝုန်း"

"အမလေး. . . ကြောက်ပါပြီဗျ"

အထိတ်တလန့် အော်ဟစ်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com


လက်ထဲက ပုတီးစိတ်လွတ်ကျသွားသည်။

မှိတ်ထားတဲ့ မျက်စိများပွင့်လာသည်။

ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်မိသည်။

အလွန်ထိတ်လန့်သွားသည်။

အခါတိုင်းပုတီးစိတ်နေရင်း ခွေးနှစ်ကောင်က အနားမှာရှိနေသည်။ ခပ်စောစောတုန်းကပဲ ရှိနေသေးသည်။

ယခုဘယ်ကိုရောက်သွားကြပါလိမ့်။

မြင်ကွင်းတည်းကအရာကြောင့် တုန်လှုပ်နေသည်။ အနားမှာရှိနေတဲ့ တုတ်ကိုအသာ ယူလိုက်သည်။

အကြောင်းမှာ ကုက္ကိုပင်ကြီးရဲ့အကိုင်းမှာ တွဲလောင်းကြီး ဖြစ်နေသည်။

၎င်းအပင်ကြီးမှာ ရှိတယ်။ အလွန်ဆိုးသွမ်းသည်။

ညနေမှောင်ရီအချိန် အပင်အောက်က ဖြတ်သွား အနှောင့်လိုက်ဆွဲ သည်ဟုကြားဖူးသည်။ ခက်ဆုံးအရာက မည်သူ့ကိုလိုက်ဆွဲသည်ဆိုတာ တိတိကျကျ မသိရပေ။

တွေ့နေရတဲ့ အကောင်ကြီးကဘယ်လိုပုံစံနှင့် အန္တရာယ်ပြုမလဲ။

ဘယ်လိုပုံစံနှင့် ရင်ဆိုင်ရမလဲ။

အဖြေက ထွက်မလာသေး။

ထွက်ပြေးရင် ကောင်းမယ်ဟုတွေးနေမိသည်။

"အောင်စိုးကြီး"

"အောင်စိုးကြီး"

"ဗျာ. . .ဦးလေးမောင်ထွန်းလား"

"အေး. . .ဟုတ်တယ်ကွဲ့။ မင်းပုတီးစိတ်ပြီးပြီလား။ ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com


ခေါ်နိုင်းလိုက်လို့ ငါလာခဲ့တာ"

"ဟုတ်ကဲ့ ပြီးပါပြီ ဦးလေးမောင်ထွန်း။ ဒါနဲ့ ဦးလေးမောင်ထွန်း အိုအပင်မှာ တွဲလောင်းကြီးက ဘာလဲဗျ"

"သစ်ကိုင်းကြိုးကျပြီး အပင်မှာချိတ်နေတာပါကွာ"

ယခုမှ စိတ်အေးသွားသည်။

သရဲကြီးက သစ်ကိုင်းမှာ တွဲလောင်းခိုနေတာလားဟု ထင်မှတ်နေသည်။ ဦးလေးမောင်ထွန်းသည် အပင်ကြီးကို ဓါတ်မီးဖြင့် ထိုးကြည့်ပြီး ပြောလိုက်သည်။

စိတ်ထည်းမှာတော့ အပင်ကြီးရဲ့အကိုင်းကို တစ်စုံတစ်ယောက် (သို့မဟုတ်) တစ္ဆေတစ်ကောင်တွဲလောင်းခိုနေသလို ထင်မှတ်နေမိသည်။

"သစ်ကိုင်းကျိုးကြီးပါကွာ"

"အဲဒါကို သရဲတစ္ဆေလို့ ထင်မိလို့ပါ"

"မဟုတ်တာကွာ၊ လာ အချိန်မရှိတော့ဘူး၊ ဆရာတော်စောင့်နေလောက်ပြီ"

ဦးလေးမောင်ထွန်းသည် မိသားစုမရှိ။

ဆရာတော်ရဲ့ကျောင်းမှာ ကပ္ပိယအဖြစ်နေထိုင်သည်။

ကျောင်းရဲ့အလုပ်တွေကို မညီးမညူလုပ်ကိုင်သည်။

အောင်စိုးကြီးကို တူအရင်းတစ်ယောက်လို သဘောထားသည်။

ဆိုဆုံးမသည်။ အကူအညီပေးတတ်သည်။

ရင်းကလည်း ဦးလေးအရင်းသဖွယ် အားကိုးသည်။

အခက်ကြုံရင် ဦးလေးမောင်ထွန်းက အကူအညီပေးတတ်သည်။

www.burmeseclassic.com

 www.burmeseclassic.com

အောင်စိုးကြီးသည် သရဲကြီးနှင့်ပါတ်သတ်သမျှ မေးချင်စိတ်ပေါ်လာသည်။

ခပ်သွက်သွက်လျှောက်လှမ်းနေသည်။ မေးခွန်းများကို ရင်ထဲမှာပဲ သိမ်းထားရသည်။

ဆရာတော်က အရေးတကြီးခေါ်နိုင်းလို့ဖြစ်မှာပဲဟု တွေးနေမိသည်။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com


အခန်း-(၁၆)

## အတိတ်က ဆွေစဉ်မျိုးဆက်

အတွေး [illegible] များကို အဖြေထုတ်နေရသည်။

အသက်အန္တရာယ်ပြုလာမည့်သူကို ရင်ဆိုင်ရန်ဖြစ်သည်။

ဆရာတော်မိန့်စကားများက စိတ်ကိုထိန်းချုပ်သလိုဖြစ်နေသည်။

မှောင်မိုက်လွန်းတဲ့ကာလမှာ တုတ်တစ်ချောင်းကိုသာ အဖော်ပြုနေရသည်။

"လူလေး အဘိုးဆီကိုလာခဲ့ပါ"

ခေါ်သံတစ်ခုကို သဲသဲကွဲကွဲကြားလိုက်ရသည်။

အသံပိုင်ရှင်ကို ကြည့်လိုက်သည်။

အဖြူရောင်ဝတ်စုံများနှင့် အဘိုးဘိုတစ်ယောက်ကို ထင်ထင်ရှားရှားတွေ့လိုက်ရသည်။

အဘိုးအိုသည် ကြီးမားတဲ့အပင်ကြီးအောက်တွင် ရပ်နေသည်။

လက်ထဲတွင် တောင်ဝှေးတစ်ချောင်းကို ကိုင်ထားသည်။

အောင်စိုးသည် အဘိုးအိုရှိရာကို ရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com

"လူလေး အဘိုးစောင့်နေတာ နှစ်အတန်ကြာပြီကွဲ့"

"ကျွန်တော်ကို စောင့်နေတာ။ ဘာကိစ္စများရှိလို့ပါလဲ"

"ဘဝဟောင်းက မင်းဟာ အဘိုးရဲ့မြေးပဲ။ အဘိုးဟာ သူတော်စင်ရှိတဲ့ ဟိမဝန္တာကိုသွားရတော့မယ်။ အထက်ကလည်း သွားနိုင်းနေပြီ။ မြေးလေးကို စောင့်နေလို့မသွားရတာ။ အဘိုးနဲ့ ခဏလိုက်ခဲ့"

"ဘယ်ကိုလဲ အဘိုး"

"မြေးတော်လေး ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ဖြေရှင်းနိုင်ဖို့ အဓိဋ္ဌာန်အောင်ကုန်းကိုပေါ့ကွယ်"

ကြားလိုက်ရတဲ့ စကားသည် ၎င်းအတွက်အားဆေးတစ်ခွက်သောက်လိုက်ရသလို ဖြစ်နေသည်။

မကြာခင်မှာ သရဲကြီးရောက်ရှိလာပြီး အန္တရာယ်ပြုတော့မည်။

၎င်းကို ရင်ဆိုင်နိုင်စွမ်းမရှိ။

အခုအန္တရာယ်ကို ကာကွယ်ဖြေရှင်းနိုင်တော့မှာဆိုတော့ ဝမ်းသာနေမိသည်။ အဘိုးခေါ်ရာကို ကျေနပ်စွာလိုက်လာမိသည်။

လူသူမနီးတဲ့ နေရာတစ်ခုဆိုတာ သိနေပေမယ့် . . .။

လူသားတွေကို တွေ့နေရသည်။

၎င်းတို့သည် ကိုယ့်အလုပ်ကိုယ်လုပ်နေကြသည်။

အောင်စိုးကြီးတို့လူသားများ အဝတ်အစားများနှင့်မတူ အလွန်ကွာခြားနေသည်။

စမ်းချောင်းလေးကို ကျော်ဖြတ်ရသည်။

မြင့်မားတဲ့တောင်ကိုလည်း ကျော်ဖြတ်ရသည်။

"ဟာ. . . အဘိုးလုပ်ပါဦး ကယ်ပါဦး"

အထိတ်တလန့်အော်မိသည်။

www.burmeseclassic.com

www.burmeseclassic.com


ကြီးမားတဲ့ မြွေကြီးတစ်ကောင်လိုက်လာ၍ ဖြစ်သည်။

"မြေးလေးကို အန္တရာယ်မပြုပါဘူးကွယ်"

"ဟေး. . . ဟေး. . . မင်းတို့လမ်း မင်းတို့သွား။ ငါတို့ကမင်းတို့ကို ဘာမှမလုပ်ပါဘူး"

"အံ့ဩစရာပဲနော်အဘိုး"

"သတ္တဝါတွေတောင် မေတ္တာကိုသိရင် လူသားတွေကပိုပြီးသိတာပေါ့ကွယ်. . . ဘယ်လိုရန်သူပဲဖြစ်ဖြစ်. . . မေတ္တာကိုအခြေခံရင် အောင်မြင်မှုဆိုတာအမြဲပါပဲကွယ်။ ကဲ မြန်မြန်လာခဲ့မြေးလေး ဟိုရှေ့မှာရောက်တော့မယ်"

အဘိုးသည် ရှေးကိုလက်ညှိုးညွှန်ပြလိုက်သည်။

အဘိုးအိုရဲ့လက်ညှိုးသည် သိမ်မဝေးဟု ထင်မှတ်ရပေမယ့်. . .။

တကယ်တမ်းကြတော့ နာရီကျော်လောက်သွားရသည်။

မျက်ဝန်းအိမ်မှာ အလွန်ထူးဆန်းနေသည်။

ကျန်ခဲ့တဲ့ မိနစ်တုန်းက တော နက်ကြီးကို ဖြတ်သန်းနေရသည်။

ယခုသတိထားမိတော့ စိမ်းဆိုတဲ့အပင်များကိုမတွေ့ရ။

ကျောက်လှိုင်ခေါင်းကြီးတစ်ခုကို ရောက်ရှိနေသည်။

ပတ်ဝန်းကျင်က မှောင်မည်းနေမည့်အစား နေခင်းကဲ့သို့ လင်းထိန်နေသည်။

အဘိုးအိုဟာ ရှိုးရှိုးသားသားခေါ်လာပါစေဟု ထင်မှတ်နေသည်။

လာလမ်းကိုသာ သိနေသည်။

အပြန်လမ်းမသိရ

ရောက်ရှိနေတဲ့ နေရာသည် အလွန်ထူးဆန်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com

လူကြီးများပြောပြခဲ့ဖူးတဲ့ ပုံပြင်ဒဏ္ဍာရီထဲက ပုံစံမျိုးနှင့်တူညီနေသည်။

တစ်ခါတစ်ရံ ကျောက်လှိုင်ဂူကြီးအတွင်းမှာတွေ့ရတဲ့ ခပ်ပုပုအပင်လေးတွေကို တွေ့ရသည်။

မှတ်မိတဲ့အပင်ကတော့ အုန်းပင်နှင့်တူတဲ့အပင် ဖြစ်သည်။

အမြင့်သုံးပေလောက်ရှိသည်။

"ကဲ လူလေး အနားယူလိုက်ဦး"

ကျောက်ဖြာတစ်ခုအပေါ်ထိုင်ခိုင်းလိုက်သည်။

"ကျွန်တော်မပင်ပန်းပါဘူး အဘိုး"

"အဲဒါဆို ဘုရားကိုဝင်ဖူးလိုက်"

"ဘယ်မှာလဲ အဘိုး"

"အဲဒီ မြင်နေရတဲ့ အပေါက်ထဲကိုဝင်လိုက်"

"ဟုတ်ကဲ့ အဘိုး"

"ဟာ. . . အလွန်ကြည်ညိုစရာကောင်းပါလား"

အဘိုးစကားကို နားထောင်ပြီးပေါက်ကို ဝင်လိုက်သည်။

ရွှေပလ္လင်ပေါ်မှာရှိနေတဲ့ ဗုဒ္ဓပုံကို တွေ့လိုက်ရသည်။

ရောင်ခြည်များနှင့် အခန်းတစ်ခုလုံး လင်းထိန်နေသည်။

အလွန်အံ့ဩသွားသည်။ ဆင်းတုတော်သည် သာမန်မဟုတ် ရွှေသားအစစ်ဖြင့် ပြုလုပ်ထားသည်။

အောင်စိုးကြီးသည် စေတီတော်ကို ဝတ်ပြုလိုက်သည်။ အဘိုးသည် အမြင်မှာရှိနေသည်။ ငှင်းပြန်ထွက်အလာကို စောင့်ဆိုင်းနေသည်။

"မြေးလေး ဒီအုန်းသီးကိုစားလိုက် အားဖြစ်တယ်"

"ဒါဘာအုန်းသီးလည်း အဘိုး"

www.burmeseclassic.com

www.burmeseclassic.com


"ကျောက်အုန်းသီးလို့ခေါ်တယ်ကွဲ။ အပင်ကလည်း ရှားပါးတယ်။ ကျောက်လှိုင်ဂူတွေအတွင်းမှာ ပေါက်တတ်တယ်။ နေအပူဒဏ်မခံရဘူး။ သောဝဘေးဒဏ်ကိုလည်း မရဘူး"

အောင်စိုးကြီးသည် ကျောက်အုန်းသီးကို နှစ်ခြိုက်စွာစားနေသည်။ ဆာနေတဲ့အချိန်ဖြစ်နေ၍ အုန်းသီးရဲ့ အရသာက ဘယ်အရာနှင့်မှ တူအောင် ဖြစ်နေသည်။

ဖြတ်သန်းလာရတဲ့ သတ်တန်းတစ်လျှောက် ယခုစားရတဲ့ ကျောက်အုန်းသီးလိုအရသာ တစ်ခါမှမစားခဲ့ဘူး။

အုန်းသီးကို အငမ်းမရစားနေတဲ့အချိန်တွင် အဘိုးက အုန်းသီးရဲ့ အနှိသင်များအကြောင်း ရှင်းပြနေသည်။

"အောင်စိုးကြီး အောင်စိုးကြီး"

"ဗျာ"

"ထတော့လေကွာ။ ဆွမ်းအုပ်ဆွဲချိန်ရောက်ပြီ"

အိမ်မက်ကကောင်းနေတုန်း ဦးလေးမောင်ထွန်းလာရောက် နှိုးခြင်းခံသည်။

အောင်စိုးကြီး ရုတ်တရက်ထိုင်လိုက်ပေမယ့် အိမ်မက်ကိုနှစ်မျောနေသည်။

အဘိုးပြောစကားအရ အုန်းသီးစားပြီးတာနှင့် နတ်ရေကန်မှာ ရေချိုးရမည်။ အလွန်းထွားကြိုင်းတဲ့ အကောင်ကြီးတွေနှင့် တိုက်ခိုက်နေရမည်။

ဇင်းအကောင်ကြီးတွေကို တိုက်ခိုက်ပြီးတာနှင့် ဘယ်လိုအကောင်မျိုး ရောက်လာပါစေ အနိုင်ရမှာသေချာသည်ဟု အဘိုးကပြောပြသည်။

"ထလေကွာ ဘာတွေငိုင်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"အိမ်မက်ကို နမျောလို့ပါဗျာ"

"ဘာလဲ ခင်လေးကို သတိရလို့လား။ အလကားကောင် သတ္တိလည်း မရှိဘဲနဲ့"

"ဟာ. . . ဦးလေးမောင်ထွန်း ပြောတာနဲ့ တစ်ခြားစီပဲ"

ဦးလေးမောင်ထွန်းသည် အောင်စိုးကြီးကို နားမလည်အောင်ဖြစ်နေသည်။ အံ့ဩစိတ်ဖြင့် အောင်စိုးကြီးဘေးမှာ ဝင်ရောက်ထိုင်လိုက်သည်။

ဦးလေးမောင်ထွန်းနှင့်အတူ ရွာသားများက အောင်စိုးကြီးနှင့် မခင်လေးကို သိထားသည်။ မခင်လေးကလည်း အောင်စိုးကြီးကို စိတ်ဝင်စားသည်။

အောင်စိုးကြီးကလည်း မခင်လေးကိုစိတ်ဝင်စားနေသည်။

ခက်နေတာက အောင်စိုးကြီးသည် မခင်လေးကိုချစ်ရေးမဆို။

နှစ်ယောက်သားတွေ့ဆုံတိုင်း တစ်ခြားစကားများကိုသာ ပြောတတ်သည်။

"လုပ်စမ်းပါအုံး။ မင်းအိပ်မက်က ဘယ်လောက်ကောင်းနေလို့လဲ"

"ကျွန်တော့်ကို သူတော်စင်ကြီးက ဘယ်လောက်ကောင်းနေလို့လဲ"

အောင်စိုးကြီးသည် အိပ်မက်အကြောင်းကိုပြောပြလိုက်သည်။

"ဟာ. . . တယ်ကောင်းတဲ့အိပ်မက်ပဲ၊ ဒီလိုအိပ်မက်မျိုး ငါတောင် မက်ချင်လာပြီ၊ မင်းကံကောင်းတယ်ကွာ။ လာကွာ. . . ရွာကိုဆွမ်းအုပ်ဆွဲ သွားကြမယ်"

အောင်စိုးကြီးတို့သည် ရွာကိုဆွမ်းအုပ်ဆွဲထွက်ခဲ့ကြသည်။

ဆွမ်းအုပ်ဆွဲပြီးတာနှင့် မိဘအလုပ်ကို လုပ်ရအုံးမှာမို့ သွက်သွက်စွာ ထွက်ခဲ့ကြသည်။

www.burmeseclassic.com

## အခန်း-(၁၇)

## မစိုးရိမ်ပါနဲ့ သက်ထားရယ်

ပြောလိုက်ရင် ဒီအတိုင်းပဲ။ ငါကစိုးရိမ်လို့ ပြောနေရတာ”

ဒေါသနှင့်ပြောလိုက်တဲ့ ခင်လေးရဲ့အသံကြောင့် အောင်စိုးကြီး ဘာလုပ်ရမှန်း မသိအောင်ဖြစ်သွား၏။

တကယ်လည်း ဟုတ်နေသည်။

ခင်လေးရဲ့စေတနာနှင့် ပြောတဲ့စကားများကို မထေမဲ့မြင်ပြုသလို ဖြစ်သွားသည်။

အောင်စိုးကြီးက လူတစ်မျိုး။

ဘယ်လိုလူပဲလာပြော အလေးအနက်ထားပြီး လက်ခံလေ့မရှိ။

မှန်တယ်ထင်ရင် လုပ်တတ်သည်။

အဆိုးဆုံးက ဝါးလုံးပိုင်းပဲ။

ဘယ်ကိုသွားသွား ထိုဝါးတုတ်ပါလေသည်။

တစ်ခုဖြစ်လိုက်သည်နှင့် ဝါးတုတ်က အရင်ဆုံးရောက်ရှိသွားသည်။

အောင်စိုးကြီးအကြောင်း မသိသူများက စိန်ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ စိတ်ခေါ်လာရင် စက္ကန့်မရွေ့ချက်ချင်းပဲ ရှင်းတတ်သည်။

အောင်စိုးကြီးရဲ့လုပ်ရပ်များကို ခင်လေးက စိုးရိမ်သည်။

အမြဲတမ်း သတိပေးထား မြင်လေ့ရှိသည်။

"အဲဒီအတွက် နင်ကိုကျေးဇူးတင်တယ်ဟာ. . . အခုမဟုတ်ဘူး တစ်ချိန်ချိန်မှာ ငါနင့်ကို ကျေးဇူးဆပ်ပြီးအလုပ်အကျွေးပြုပါမယ်"

"နင်ဘယ်လိုပြောလိုက်တာလဲ အောင်စိုးကြီး။ ငါစေတနာကို မစော်ကားပါနဲ့နော်"

"အယူအဆတွေ မလွဲပါနဲ့ကွာ။ ငါရဲ့စိတ်ထဲမှာ နင်ဟာ ဘယ်လောက်အတိုင်းအတာထိ နေရာယူစိုးမိုးနေတယ်ဆိုတာ ဘယ်သူမှမသိနိုင်ပါဘူးဟာ"

"အပိုတွေ ပြောမနေစမ်းပါနဲ့ဟာ"

"နင့်ဘက်က ဒီလိုစကားမျိုးပြောလာလိမ့်မယ်ဆိုတာ ငါကြိုတင်သိထားပြီးသားပဲ"

ခင်လေးသည် ခေါင်းလေးကို မသိမသာလှဲ့လိုက်သည်

စိတ်ဆိုးတဲ့ မျက်နှာထားမျိုးပြုလုပ်ပြပေမယ့် ရင်ထဲမှာတော့ အောင်စိုးကြီးကို ဂရုဏာတက်မိနေသည်။

မိဘနှင့်ရွာသားများက အောင်စိုးကြီးနှင့်ချစ်သူတွေ ဖြစ်နေကြပြီဟု သတ်မှတ်နေကြသည်။

ထို့အတူ သူမကိုနောက်ပြောင်ရန်ကြိုးစားလာသူကို အောင်စိုးကြီးနှင့် တိုင်မည်ဟုပြောလိုက်လျှင် တောင်းပန်ပြီးထွက်ပြေးကြသည်။

ဘယ်လိုလူမှ ရင်ဆိုင်ရဲကြတာမျိုးမရှိ။

"တိုင်လိုက်လေ"

www.burmeseclassic.com

www.burmeseclassic.com


ဟုဘာယ်လိုလူမှ မပြော. . . . .

တုတ်ကိုကြောက်လို့ စကားကိုတာပြောကြခြင်း

သူမအတွက် အောင်စိုးကြီးက အားကိုးစရာဖြစ်နေသည်။

"ဒါတွေထားလိုက်ပါဟာ. . . နင့်ကိုငါမေးမယ်"

"မေးလေ. . . ဘာမေးမှာလဲ"

"နင်သရဲကြီးကို မတွေ့ဘဲရှောင်မလား မရှောင်ဘူးလား"

"ငါရှင်းပြတာကို နားထောင်ပြီး နင်ပဲရဲ့ဆုံးဖြတ်ချက်ကို သေချာ စဉ်းစား"

"ဘာကို ငါကစဉ်းစားရမှာလဲ"

"ဦးစိုးမင်းတို့ဟာ ဘယ်ကနေ ဒီရွာကိုရောက်လာတာလဲ"

"ငါဘယ်သိမလဲဟာ"

"သူတို့က ဒီရွာမှာဘယ်လောက်ထိလွှမ်းမိုးနေကြလဲ"

"လူတိုင်းက သူတို့စကားကိုပဲ အမှန်ထင်နေကြတယ်. . . နင့်လို လူတောင် ဒီလောက်သိနေရင် ငါကဘယ်လောက်ထိ သိနေမယ်လို့ နင် ထင်လဲ"

"အဲဒါတော့ ငါဘယ်သိမလဲဟာ"

"အစက ငါတို့ရွာမှာ မကောင်းဆိုးဝါး တစ္ဆေ သရဲဆိုတာ တစ်ခါမှ မကြားဘူးသလို ဘယ်သူမှလည်း အခြောက်မခံကြရဘူး။ အခုရွာသားတွေ တိုင်းက တစ္ဆေ သရဲတွေကို စိတ်ဝင်စားလာသလို အဲဒီအကောင်တွေရဲ့ ခြောက်လှန့်ခံရမှာကို ကြောက်လန့်နေကြတယ်"

"အဲဒါကို နင်က ဘာလုပ်နိုင်မှာမှမဟုတ်တာ။ ရွာလူကြီးတွေ တောင်မှ မလုပ်နိုင်လို့ ကြည့်နေကြရတာ"

www.burmeseclassic.com

www.burmeseclassic.com


သူမစကားကို ဘဝင်မကျဖြစ်နေသည်။

အောင်စိုးကြီးသည် ခင်လေးကိုတစ်ချက်ကြည့်လိုက်၏။

ခင်လေးသည် အောင်စိုးကြီးရဲ့စကားအဓိပ္ပာယ်ကို သဘောမပေါက်ပေ။

ပျာမှာ တစ္ဆေ ၊ သရဲမကောင်းဆိုးဝါးများ တွေ့တယ်ဆိုတာ အားလုံးက သိကြသည်။ သူမလည်း ကြားဖူးသည်။

ဆန်းကြယ်တဲ့အရာမဟုတ်၍ မထူးဆန်းတော့ပေ။

"အဲဒါကို ပြောနေတာပေါ့။ ငါနင့်အပါအဝင် ရွာသားတွေဟာ တစ်ခြားထူးဆန်းတာတွေကို မလှုပ်ကြဘူး။ အခုဒီစကားကို ကြားရတော့ သံသယဖြစ်နေတယ်။ နင်နားထောင်ကြည့် မကြာခင်မှာ သတင်းတစ်ခု ထွက်လာစေရမယ်"

"ဘာပဲဖြစ်ဖြစ်လေ။ ငါကတော့ နင့်ကိုပဲ စိုးရိမ်တယ်။ အဓိက,ကတော့ ဆရာတော်အနားမှာနေတာ နင့်အတွက် အန္တရာယ်အကင်းဆုံးပဲ"

"ငါ့မှာ အဖေ၊ အမေ၊ မွေးစားအဖေနဲ့အမေတွေလည်း ရှိပါတယ်။ ဘာမဟုတ်တာလေးနဲ့ ဆရာတော်ကို ဒုက္ခမပေးချင်ဘူးဟာ"

"ဒါကတော့ နင့်သဘောပဲလေ။ ငါကတော့ ဒီလောက်ပဲ ပြောစရာ ရှိတာပဲ။ ကဲအချိန်တောင် လင့်နေပြီပြန်ကြမယ်"

"ငါလိုက်ပို့မယ်ဟာ. . . ဒါနဲ့ခင်လေး"

"ဘာပြောမလို့လဲ ပြောလေ"

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့နှစ်ယောက် မကြာခဏတွေ့ကြမယ်ဟာ"

"အေးပါဟယ် . . . ငါကြိုးစားပါ့မယ်"

ပျော်ရွှင်မိသည်။

အပြုံးကိုယ်စီနှင့် ကြည့်လိုက်ကြသည်။ နှစ်ယောက်သား ရွာကို ဦးတည်လာနေကြသည်။ နေလုံးကြီးသည် အနောက်ရပ်ကိုဝင်ရောက် ပျောက်ကွယ်သွား၏။

အမှောင်ထုများက စတင်ပြီး ကမ္ဘာလောကကို လွှမ်းမိုးနေသည်။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း-(၁၈)
## သရဲနှင့် ထူတာစီးထိုး

"**အမလေး**လုပ်ပါအုံး. . . ကယ်ပါအုံး"

အထိတ်အလန့်အသံ ဖြစ်သည်။ -

တိတ်ဆိတ်တဲ့ပတ်ဝန်းကျင်ကို ကျယ်လောင်စွာ လွှမ်းမိုးသွားသည်။

ညည့်နက်တဲ့အချိန်ကာလဖြစ်နေ၍ လူသူများကင်းမဲ့နေသည်။

အသံပိုင်ရှင်သည် အော်ဟစ်ပြီး ထွက်ပြေးနေသည်။

၎င်းအနောက်က မည်းမည်းအရာဝတ္ထုလိုက်နေသည်။

ကြောက်ရွံ့စိတ်နှင့်ထွက်ပြေးသူသည် လက်စများပျောက်ဆုံးပြီး ခြုံပုတ်များကို ဝင်ရောက်တိုးမိသွားသည်။

အပင်ရဲ့ဆူးများကြောင့် နာကြင်မှုဒဏ်ကို ခံစားလိုက်ရသည်။

အော်ဟစ်အသံများ ထွက်ပေါ်လာပြန်သည်။

မည်းမည်းအရာသည် ထိုသူကိုမှီရန် နီးကပ်လာသည်။

၎င်းသည် ခြုံကိုတိုးပြီး ခြေဦးတည့်ရာကို ပြေးနေသည်။

ကိုယ်ပေါ်မှာဝတ်ထားတဲ့အဝတ်များ ထိုနေရာတွင် ကျန်ရှိ ခဲ့သည်။

"ဗွတ်. . . ဗွတ်. . . ဗွတ်"

www.burmeseclassic.com

www.burmeseclassic.com



ခွေးဟောင်သံများ ဆူညံနေသည်။

ကြက်များ၊ ဝက်များ အထိတ်အလန့်ပြေးကုန်သည်။

"မြင့်လွင်ရေ. . . ဘာလဲမသိဘူး။ ထွက်ကြည့်စမ်း"

"ဟော. . . ဒါသိန်းထိုက်ရဲ့ အသံပဲ"

"ဟာ. . . ဘာဖြစ်တာလဲ မသိဘူး"

"လိုက်ဟေ့. . . လိုက်ကြ၊ ဟိုမှာမည်းမည်းအကောင်ကြီး"

တစ်ယောက်တစ်ခွန်းပြောကာ နေထိုင်သူများတွေ့ရာ လက်နက်များဆွဲပြီး လိုက်နေကြသည်။

မီးတုတ်ရဲ့မီးအလင်းရောင်ကြောင့် လင်းထိန်နေသည်။

မြင့်လွင်သည် အော်ဟစ်ပြီးနေအိမ်ကိုပြေးနေသည်။

အားလုံးက မြင့်လွင်အနောက်ကိုလိုက်နေကြသည်။

တချို့က မည်းမည်းအရာအနောက်ကို လိုက်နေသည်။

၎င်းအရာသည် ပြေးနေသူမြင့်လွင်အနောက်ကို ဆက်မလိုက်တော့တဲ့ အမှောင့်ရိပ်တွင် အကွယ်ယူပြီးထွက်သွားသည်။

တစ်ယောက်မှရှာမတွေ့။ လွတ်မြောက်လမ်းကို ထွက်သွားသည်။ ရွာမြောက်ဘက် မြောင်းကြီးတစ်ခုအတွင်းကို ရောက်ရှိသွားသည်။

"သရဲဆိုတာ မင်းလားကွ"

"ရော. . ."

"ဖြောင်း. . . ဖြောင်း"

"အား. . . အမလေး"

ပြင်းထန်တဲ့ ရိုက်ချက်ကြောင့် လဲကျသွားသည်။

လဲကျသွားတဲ့အရာထပ်မံပြီး အချက်ပေါင်းများ ရိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ကိုယ်လုံး နာကျင်မှုဒဏ်ကိုခံစားနေရသည်။

ခုခံရုန်းကြိုးစားပေမယ့် တစ်ဖက်သားရဲ့အဆက်မပြတ်ရိုက်နှက်မှုကြောင့် ပြန်လည်ထနိုင်စွမ်းမရှိအောင် ဖြစ်နေသည်။

"ကျုပ်အသက်ကို ချမ်းသာပေးပါဗျာ. . . ကျုပ်. . . ကျုပ်က"

"မင်းဘယ်သူလဲ. . . ငါ့အကြောင်း မင်းသိတယ်မဟုတ်လား"

"ဟုတ်. . . ဟုတ်ကဲ့သိပါပြီ. . ."

လဲကျနေသူသည် မေးသမျှကို ဖြေကြားပေးသည်။

မည်းမည်းအရာရဲ့ ဖြေကြားချက်အတွက် ဒေါသထွက်နေသည်။

ရှေ့ဆက်ပြီး ဘာဆက်လုပ်ရမည်ဆိုတာကို ကောင်းစွာသိနေသည်။

လဲကျသူကိုခေါ်ပြီး လိုရာကိုလိုက်ပို့ပေးသည်။

တွဲခေါ်သူရဲ့စေတနာအမှန်ကိုသိရ၍ ကျေနပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း-(၁၉)

## အစွင့်အဇရး ကောင်းနေဆဲ

**အားလုံး**အတွက် အံ့သြရသည်။

တုန်လှုပ်ကြသည်။

နားမလည်နိုင်တဲ့ထူးဆန်းမှုဟု ထင်မှန်နေကြသည်။

"မောင်မြင့်လွင် ကံကောင်းတာပဲ"

"အဲဒီလိုပဲပြောရမှာပဲ သရဲခြောက်ခံရတာက မောင်မြင့်လွင်။ ခံလိုက်ရတာက တစ်ဖက်ရွာက လူပဲ"

"ဆရာဦးစိုးခင်ပြောတယ်။ ရွာသားတွေ ဒုက္ခမရောက်အောင် အဘက စောင့်ရှောက်တာပဲ။ အဘကိုအမြဲတမ်းတိုင်တည်သလို ရွာကိုလည်း အဘလက်ထဲကို အပ်ထားတယ်တဲ့"

ဦးစိုးခင်ကို ချီးကျူးထောပနာ ပြုနေကြသည်။

တစ်ဖက်ရွာသား ဒုက္ခရောက်ပြီး ရွာခံမောင်မြင့်လွင် ဘာတစ်ခုမှ မဖြစ်တာ ဦးစိုးခင်ကြောင့်တဲ့. . .

ငင်းတို့ပြောကြတဲ့ အဘဆိုတာ ဘယ်သူလဲ. . .

ရွာတော်ရှင်လား. . .

ဘိုးတော်လား. . .

www.burmeseclassic.com

www.burmeseclassic.com


အထက်နတ်ခေါင်းဆောင်လား. . .

ရွာသားအားလုံး သဲသဲကွဲကွဲမသိကြ။

သိနေတာက အဘကြောင့်. . .

သိနေသူတစ်ယောက်သာရောက်ရှိလာလျှင် ပြောသူများကို လျှော့ပြောင်မှာတော့ သေချာသည်။

"ဘာပဲဖြစ်ဖြစ်လေ. . .မောင်မြင့်လွင် ဘာမှမဖြစ်တာကို ခမ်းသာရမှာပဲ"

"ငါတို့လည်း အဲဒီလိုပဲတွေ့နေတာပဲ"

"ဒါနဲ့ အောင်စိုးကြီးကို သရဲကြီးနဲ့ပိုင်တယ်ဆိုတာ ဘာထူးလဲ"

"အောင်စိုးကြီးတော့ ဒုက္ခရောက်လိမ့်မယ်ထင်တယ်။ သရဲကြီးနဲ့ အလွန်ဆိုးတာ"

"အောင်စိုးကြီးကလည်း ဘာကြောင့်စိုးနေမှန်း မသိဘူး"

"သူ့မိဘကတောင် မကောင်းဆိုးဝါးကောင်လို့ ခေါ်နေကြတာ ဒီလောက်တော့ရှိမှာပေါ့ဟာ"

"ငါကတော့ အဲဒီလိုမထင်ဘူး။ သူပြောတာက ရွာအတွက်ထဲ ပြောနေတာပဲ။ ရွာအတွက်ပဲဖြစ်မှာပေါ့"

"ငါကတော့ ရွာအတွက် ကောင်းတာလုပ်တာ တစ်ခုမှမတွေ့ သေးဘူး"

"နှင့်ကိုမကြည့်တတ်လို့နေမှာပါဟာ"

ရွာရှိသူများသည် အောင်စိုးကြီးကို မကောင်းမြင်သူရှိနေကြသည်။ တချို့က အကောင်းမြင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


ဘယ်သူတွေက ဘာပြောပြောအောင်စိုးကြီးက ဂရုမစိုက်။

မုန်တယ်ထင်ရင် လုပ်တတ်သည်။

အဖေအမေက ပြောမရဘူးလို့ သတ်မှတ်ပြီးမပြောကြ။

အဖေလုပ်သူက တုတ်နှင့်လိုက်ပြီး ရိုက်တာရှိခဲ့သည်။

မွေးစားအမေနှင့် ဆရာတော်တို့ကြောင့် ဃိထိရောက်ရောက်မဆုံး

နိုင်။

"ဆရာကြီးဦးစိုးခင်ကပြောတယ်။ သူကြောင့်ရွာသားများ ဒုက္ခ

ဘောင်းကောင်းရောက်အုံးမယ်တဲ့"

"အလကားပါအေ. . . ငါတို့ဒီရွာမှာနေလာတာ ကြာပါပြီ ဘာမှ

ဖြစ်ပါဘူး"

"အဲဒါက အရင်တုန်းကလေ. . . တလောကပဲ ဦးလေးမောင်ဝင်းကို

ရဲခြောက်လုန့်သေးတယ်"

"သရဲဟုတ်လား. . . ဘာသရဲလဲ. . . အလကားမဖြစ်နိုင်တာတွေ

ပြောနေကြတာ"

ထွက်ပေါ်လာတဲ့အသံကြောင့် အားလုံးဘာလုပ်ရမှန်းမသိအောင်

ငြိမ်တုန်ကြသည်။

အောင်စိုးကြီးသည် ခါးထောက်ပြီးကြည့်နေသည်။

အကြည့်သည် လွန်စွာကြောက်စရာကောင်းသည်။

ဒေါသများလွှမ်းမိုးနေသည်။ စိတ်ကမထင်ရင် ဝါးလုံးပိုင်းဖြင့် ရိုက်ရန်

အသင့်ရွယ်ထားသည်။

ထိုင်ပြီးပြောနေတဲ့ အမျိုးသမီးကြီးတချို့သည် စိုးရိမ်စိတ်များဖြင့်

အောင်စိုးကြီးကို ကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com


"ငါတို့ဘာမှမပြောပါဘူးဟာ"

"ခင်ဗျားတို့ အဖေခေါ်မယ်ကြနဲ့။ မနေ့တစ်နေ့ကမှ ရွာကိုရောက်လာသူကို အထင်ကြီးနေကြတယ်။ ဟိုအရင်ထဲက ရွာရဲ့ဆရာကြီးဦးပွကို တော့ ချောင်ထိုးထားကြတယ်"

"အေးပါဟယ်. . . ငါတို့နောက်မပြောတော့ပါဘူး"

"ရှေ့ကိုပဲပြောမယ် မဟုတ်လား။ ခင်ဗျားတို့ ကြပ်ကြပ်သတိထား။ အဲဒီလူက ခင်ဗျားတို့ကို ဒုက္ခပေးသွားလိမ့်မယ်"

"ဟာ. . . ရှာလိုက်ရတာကွာ"

သူငယ်ချင်းဖော်ကြီးပင် ဖြစ်သည်။

"ဦးလေးမောင်ဝင်းက မင်းကိုခေါ်ခိုင်းလိုက်တယ်"

"အေး. . . သွားကြမယ်"

အောင်စိုးကြီးသည် ဖော်ကြီးစကားကို လက်ခံပြီးထွက်ခဲ့သည်။ ထိုင်နေသူတွေအတွက် ပျော်ရွှင်သွားသည်။

"သွားပါမြန်မြန်သွားပါ"ဟု ပြောနေကြသည်။

အောင်စိုးကြီးအနောက်ကို ပြန်လှည့်ကြည့်လိုက်သည်။

"ခင်ဗျားတို့သတိထားနေကြ. . . ကျုပ်ဒါပဲပြောမယ်"

ပျော်ရွှင်ကြတဲ့စိတ်များ ရုတ်တရက်ထိတ်လန့်သွားသည်။

အောင်စိုးကြီးသည် ဦးလေးမောင်ဝင်းအိမ်ကို ထွက်လာခဲ့သည်။

❦❦❦❦❦

www.burmeseclassic.com

www.burmeseclassic.com


အခန်း-(၂၀)

## အရက်ဆိုင်က ရန်ပွဲ

"ခင်သိန်းရာ . . သတိထားပြီး ပြောစမ်းပါကွာ"

သန်းအေးစကားကို ခင်သိန်းဂရုမစိုက်။

အားလုံးသည် ငှင်းကိုလေးစားရမည် ထင်မှတ်နေသည်။

ခင်သိန်းကို လေးစားသူများရှိသည်။

ငှင်းသည် ဦးစိုးခင်၏သားဖြစ်သည်။

ဦးစိုးခင်ရဲ့မျက်နှာနှင့် ရွာရှိသူများကို ဂရုမစိုက်။

တချို့ရွာသားများက ခင်သိန်းကိုလေးစားသည်။

ငှင်းတို့မိသားစု ကျန်းမာရေးမကောင်းလျှင် ခင်သိန်းအကူအညီဖြင့် ဦးစိုးခင်က ရှီးရာလုပ်ပေးသည်။

ဦးစိုးခင်ကြောင့် မိသားစုအဆင်ပြေသည်။

ကျန်းမာရေးကောင်းသည်ဟု ထင်မှတ်ကြသည်။

"ဘယ်သူကိုကြောက်ရမှာလဲဗျာ. . . ဒီရွာမှာ ခင်သိန်းဆိုတဲ့ အကောင်းယှဉ်ရဲတဲ့အကောင် မရှိပါဘူး"

www.burmeseclassic.com

"ဟုတ်ပါတယ်ကွာ။ ဒီနေရာမှာ ပြောလို့မကောင်းပါဘူးကွာ"

"ဟုတ်ပါတယ်. . . ခင်သိန်းရာ"

"ဘာလဲ. . . ခင်ဗျားတို့က ကြောက်လို့လား။ သတ္တိရှိရင် ထွက်ခဲ့ကြ။ ဒီဆိုင်ထဲမှာ ရှိတဲ့သူအားလုံးကို စိန်ခေါ်ရဲတယ်"

ခင်သိန်းသည် အရက်ခွက်ကိုခုန်ပေါ်ကိုစောင့်ချလိုက်သည်။

အရက်သမားအားလုံးက ခင်သိန်းတို့ကိုကြည့်နေကြသည်။

ခင်သိန်းသည် အရက်မူးလာရင် ရမ်းကားသည်။

ခင်သိန်းကို မကျေနပ်ကျပေမယ့် ဦးစိုးခင်ကြောင့် မသိဟန်ဆောင်နေကြသည်။

"မောင်ခင်သိန်း အဲဒီလိုမလုပ်ရဘူးလေကွာ"

"ခင်ဗျားတို့ ဘာကိုကြောက်နေတာလဲ။ ခင်သိန်းဆိုတဲ့လူကို ပြဿနာရှာတဲ့သူကို ဒီနားမှာပဲ အပြတ်ရှင်းကြမယ်"

"ဟာ. . . ဒီလောက်စကားများတဲ့ကောင်"

"ရော့. . ."

"ဖျောင်း. . ."

"ဝုန်း"

"အောင်စိုးကြီး. . . မလုပ်နဲ့. . . မလုပ်နဲ့"

နောက်ကျသွားသည်။

ခင်သိန်းသည် မှောက်ကျသွားသည်။

ဦးငွေလေးဝင်။ သိန်းစိုး။ ဇော်ကြီးတို့အနောက်က ဆွဲကြသေးသည်။

အရက်ဆိုင်က သူများအထိတ်အလန့် ဖြစ်ကုန်ကြသည်။

ပန်းအေးတို့သည် အောင်စိုးကြီးကိုတွေ့လို့ မပြောရန်တားမြစ်ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com


သိန်းက လက်မခံ။

လှမိုက်စကားပြောနေသည်။

အောင်စိုးကြီးသည် လဲကျသွားတဲ့ ခင်သိန်းအနားမှာရပ်နေသည်။

အားလုံးက ခင်သိန်းကိုဘာလုပ်မလဲဟု သိချင်ပြန်ကျသည်။

"အားလုံးအနားမကပ်ကြနဲ့. . . ကပ်လာသူ ကျုပ်အကြောင်း သွားမယ်"

"အောင်စိုးကြီးစိတ်ကို သိန်းပေါက္ခား၊ ငါတို့တောင်းပန်ပါတယ်"

"ခင်ဗျားတို့နဲ့ မဆိုင်ဘူး။ အလကား အရက်လေးနဲ့နဲ့သောက်ပြီး နာရှာတဲ့ကောင်"

အားလုံး အနောက်ဆုတ်နေကြသည်။

ခင်သိန်းထက် အောင်စိုးကြီးကိုပိုကြောက်ကြသည်။

၎င်းက စကားသိပ်မပြော။ အရင်ဦးအောင် လုပ်တတ်သည်။

"ဟေ့ကောင်. . . ခင်သိန်း"

"ဗျာ"

"ထစမ်း. . . မင်းငါ့ဘယ်သူလဲဆိုတာကြည့်စမ်း"

အောင်စိုးကြီးဘာလုပ်မလဲဆိုတာ သိချင်ကြသည်။

ခင်သိန်းသည် နာကြင်တဲ့ဝေဒနာကို ဂရုမစိုက်နိုင် ထွက်ကျလာတဲ့ ပေါက သွေးများကိုသုတ်ပြီး အောင်စိုးကြီးကိုကြည့်လိုက်သည်။

အထိတ်တလန့်ဖြစ်သွားသည်။

အောင်စိုးကြီးသည် ပြတ်သားတဲ့အကြည့်ဖြင့် ကြည့်လိုက်၏။

ခုလျှင် ကိုင်ထားတဲ့ဓားတက နေရာရွှေ့မှာမဟုတ်။

"ဟာ. . . အစ်ကိုအောင်စိုးကြီး ကျွန်တော်လုပ်ရပ်မှားသွားရင်

www.burmeseclassic.com

www.burmeseclassic.com


ခွင့်လွှတ်ပါ. . . အစ်ကိုအောင်စိုးကြီးကို စော်ကားသလိုဖြစ်သွားရင် တောင်းပန်ပါတယ်"

"တောင်းပန်ရမှာ ငါ့ကိုမဟုတ်ဘူး"

"ဗျာ"

အံ့သြသွားသည်။

အောင်စိုးကြီး ဘာလုပ်မလဲကြည့်နေကြသည်။

စိုးရိမ်နေကြသည်။

အရက်ဝေါ်အရှိန်များ လွင့်စင်ကုန်ကြသည်။

"ဟုတ်တယ် ခင်သိန်း မင်းစိတ်က မင်းကိုယ်ကိုပြန်တောင်းပန်ရမှာ"

"မင်းငါပြောတာကို နားထောင်၊ မင်းစိတ်အလိုလိုက်မှုကြောင့် ကိုယ့်ခန္ဓာ နာသွားတာပဲ။ နောက်ဒီလိုမဖြစ်အောင် ကြိုးစားကွာ"

"ကျွန်တော်မှတ်ထားပါ့မယ် အစ်ကိုအောင်စိုး"

"မင်းသိပ်မူးနေပြီ ပြန်တော့"

"ဟုတ်ကဲ့. . . အစ်ကိုအောင်စိုး"

ခင်သိန်းသည် ပြောစကားကိုနားထောင်သည်။

သန်းအေးတို့သည် ခင်သိန်းကိုတွဲခေါ်ပြီး အရက်ဆိုင်အတွင်းက ထွက်သွားကြသည်။

အောင်စိုးကြီးသည် ငင်းသောက်နေတဲ့ဝိုင်းကိုပြန်ရောက်သွားသည်။

အရက်များကို ဆက်ပြီးသောက်နေသည်။

ဆိုင်အတွင်းက လူများသည် ငင်းလုပ်ရပ်ကိုကျေနပ်ကြသော်လည်း. . . စိုးရိမ်သူများလည်း ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်သိန်းမွှေးပြီးရမ်းကားနေတာကို မကျေနပ်ကြပေမယ့် ဦးစိုးခင်ပြဿနာရှာမှာကိုတော့ မလိုလားကြ။

"မင်းတော့ကွာ. . . မီးကိုပြဿနာ ရှာရတယ်လို့"

"အပန်းဖြေချင်လို့ ပိုက်ဆံအကုန်ခံပြီး အရက်လာသောက်တာ။ အစော်ကားခံရတာ မတန်ဘူးကွာ။ ကိုယ်ပိုက်ဆံနဲ့လာပြီး အစော်ကားခံသလို ဖြစ်နေတယ်"

"သူ့အဖေတွေက မင်းကိုပြဿနာရှာမှာပေါ့"

"ဟုတ်တယ်. . . အောင်စိုးကြီး။ ငါတို့ကမင်းအတွက် စိုးရိမ်လို့ ပြောနေတာပါကွာ"

"ကြော်မွှေးပေါက်တဲ့နေရာကို ဓားနဲ့လှီးထုတ်ပစ်မယ်။ အောင်စိုးကြီးဆိုတဲ့အကောင်က မမှန်တာကို မလုပ်ဘူး။ မှန်မယ်ထင် လုပ်မိရင် သေယ်တော့မှ နောင်တမရဘူး"

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

"ဟား. . . ဟား. . . ဟား။ ဒီလိုစိတ်ဓာတ်ရှိတာကို ကျွန်တော်ကြိုက်ကျူးတယ် ဟေ့"

ဆိုင်ရဲ့ထောင့်နားမှာထိုင်ပြီး အရက်သောက်နေတဲ့ အဘိုးအိုတစ်ယောက်ဖြစ်သည်။

ခပ်ဆုတ်ဆုတ် အဝတ်အစားများကို ဝတ်ဆင်ထားသည်။

၎င်းအရှေ့တွင် ပုလင်းတစ်လုံး ပုဂံလုံးတစ်လုံး ထန်းလျက်ခဲသုံးလေးခဲ ထည့်ထားတဲ့ ပုဂံပြားတစ်ချက်။

အဘိုးအိုသည် ရွာအစွန်တောင်ပိုင်းတွင် တစ်ယောက်တည်းနေထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



နာမည်က ဦးသောင်းစိန်။ လူ့ဂွစာကြီးလို့ သတ်မှတ်ထားကြသည်။

တကယ်လည်း လူ့ဂွစာကြီး. . .

ဘယ်အရာကိုမှ ယုံကြည်တတ်သူမဟုတ်။

ဗုဒ္ဓကလွဲပြီး ဘယ်အရာမှယုံကြည်အားကိုးစရာမရှိဟု လူတိုင်းကိုပြော တတ်သည်။

"ပေါ့ကောင်လေး ကောင်းမယ်ထင်ရင် ဆက်တာလုပ်။ သူတို့ကို ဂရုစိုက်မနေနဲ့ မင်းလုပ်ချင်တာထက် လုပ်သင့်တာကိုလုပ်ဖို့ ငါပြောထား ခဲ့မယ်"

"ဒါဆို ကျွန်တော်နဲ့အဘတွဲလို့ရပြီ"

"ဟိုး. . . ဟိုး. . . ငါနဲ့မင်းတွဲလို့မရသေးဘူး။ မင်းမှာငါ့လိုဖြစ် အောင် လုပ်စရာတွေ အများကြီးရှိသေးတယ်။ အဲဒါတွေပြီးအောင်လုပ်ဖို့ ကြိုးစားအုံးပေါ့"

"ဟား. . . ဟား. . . ဟား. . . ဟား"

အဘသောင်းစိန်သည် လှိုက်မောစွာရယ်လိုက်သည်။

လက်ကျန်အရက်ပုလင်းကိုထိုင်ပြီး ယိမ်းယိုင်စွာလျှောက်လှမ်းသွား သည်။

အားလုံးသည် ထွက်ခွာသွားတဲ့ ဦးသောင်းစိန်ကိုကြည့်နေကြသည်။

ဦးသောင်းစိန်ရဲ့လုပ်ရပ်ကို အားလုံးသဘောကျနေကြသည်။

ရွာသားများသည် ဦးသောင်းစိန်ကို အရေးတယူစကားမပြောကြ။

ဦးသောင်းစိန်သည် ရွာသားတွေကိုမပြောနှင့် ရွာသားတွေ

www.burmeseclassic.com

www.burmeseclassic.com


လေးစားတဲ့ ဦးစိုးခင်ကိုတောင် စကားကောင်းကောင်းမပြော။ မြဲသာနေ ရှာလိုက်သည်။

ယခုအောင်စိုးကြီးသည် ဦးသောင်းစိန်ကို လူတစ်ယောက်ဖြစ်လာ သည်။

"ဦးသောင်းစိန်ရဲ့စိတ်ကိုတော့ ချီးကျူးတယ်ကွာ"

"ဒီလောက်လူတွေမုန်းနေတဲ့သူကို မင်းက ချီးကျူးနေသေးတယ်"

"ရွာသားတွေရဲ့စိတ်ကို ငါဘယ်လိုမှနားမလည်တော့ဘူးကွာ။ ရွာထဲပြန်ကြမယ်ကွာ"

အောင်စိုးစကားကို လက်ခံလိုက်ကြသည်။

၎င်းတို့သည် အရက်ဆိုင်ကျောခိုင်း ထွက်လာခဲ့ကြသည်။

အောင်စိုးကြီးသည် ဦးလေးဝင်းအား အားပေးစကားပြောလိုက်ရာ ဦးလေးဝင်းသည် အားဆေးတစ်ခွက်ကို သောက်ရသလိုဖြစ်သွားသည်။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com


အခန်း-(၂၁)

## အံ့ဩကုန်သည်

"ဟဲ့ . . . ခင်လေး နင်ကြားပြီးပြီလား"

"ဘာကိုလဲဟာ . . . နင်တို့စကားကလဲ"

အေးမြတို့သည် အစမရှိပြောလိုက်သည်။

မခင်လေးသည် ရွာတွင်နေထိုင်တယ်ဆိုပေမယ့် ကိုယ့်အိမ်မှ ဘယ်မှ စိတ်ဝင်စားခြင်းမရှိ။

အေးမြတို့က သတင်းတစ်ခုရလာလျှင် မခင်လေးထံလာရောက် ပြောလေ့ရှိသည်။

"နင့် . . . အောင်စိုးကြီးပေါ့"

"သူ့အဖေလိုက်ရိုက်တဲ့အကြောင်းကို ပြောတာလား"

"အယ်မယ် . . . နင်ကငါ့တို့ထက် အရင်သိနေတယ်ပေါ့"

"နင်တို့အဲဒီစကားပြောဖို့ ရောက်လာကြတာလား။ အဲဒါဆိုရင် ဒီစကားက မမှန်ပါဘူးဟာ"

နားမလည်စွာ ကြည့်နေကြသည်။

အောင်စိုးကြီးကို သူ့အဖေလိုက်ရိုက်တယ်ဆိုတဲ့အသံက တစ်ရွာလုံး အတွက်ပြောမဆုံး။

www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးခင်ရဲ့သား ခင်သိန်းကိုအရက်ဆိုင်မှာ တုတ်နဲ့ရိုက်တဲ့ကိစ္စကို ခကျေနပ်လို့ သွားရောက်တိုက်ကြားသည်။

တိုက်ကြားမှုကို ဒေါ်တာထွက်ပြီး အောင်စိုးကြီးကိုဆုံးမပေးမည်ဟု ပြောလိုက်သည်။

ထိုသတင်းစကားက 'ကား' ထွက်သွားပြီး လိုက်ရိုက်တယ်ဟု သတင်းထွက်သွားသည်။

အောင်စိုးကြီးဆိုတဲ့အကောင်ကို ရိုက်ဖို့မပြောနဲ့ တွေ့ဖို့တောင် ခက်နေသည်။

အောင်စိုးကြီးသည် မိဘအိမ်မှာနေတဲ့ အချိန်သိပ်မရှိ။

ဆရာတော်ကျောင်းနှင့် မွေးစားမိဘများအိမ်မှာ အနေများသည်။

အောင်စိုးကြီးကို လိုက်ပြီးရိုက်တယ်ဆိုတဲ့အချိန်မှာ မခင်လေးနှင့်အတူ ရှိနေသည်။ မခင်လေးနှင့်အတူ ထမင်းစားခဲ့သည်။

ငှင်းကိစ္စကို အောင်စိုးကြီးနှင့်မခင်လေးတို့နှစ်ယောက်ကလွဲပြီး ဘယ်သူမှ မသိကြပေ။

"ဒါဆိုနိုင်လိုတဲ့ အထောက်အထားတစ်ခုတော့ နင့်မှာရှိတယ် မဟုတ်လား. . . မခင်လေး"

"ရှိလို့ပြောနေတာပေါ့ဟာ. . . နင်တို့ကို ငါ့သူငယ်ချင်းအရင်း တွေလို သတ်မှတ်ထားလို့ ရင်းရင်းနှီးနှီးပဲပြောထားမယ်"

"ဘာပြောမှာလဲ"

"အောင်စိုးကြီးကို မကောင်းတာမပြောနဲ့. . . လက်မခံဘူးဆိုတာ လား"

"အဲဒီလိုပဲထားလိုက်ပါတော့ဟာ. . . အောင်စိုးကြီးက မဟုတ်တာ

www.burmeseclassic.com

www.burmeseclassic.com

ဘယ်တော့မှ လုပ်ဘူး. . . မလုပ်ဘူးလို့လည်း ငါ့ကိုသတိပေးထားထ
ငါကလည်း အဲဒါကိုလက်ခံတယ်"

"နင်တို့က ချစ်သူတွေဖြစ်နေကြပြီလား. . . မခင်လေး"

"ညှံ့လိုက်တာဟာ. . . အကောင်လုံးပြနေတာတောင် ကိုင်ကြ
ရအောင်လို့ တောင်းဆိုနေပြန်ပြီ"

ထွေးတင်စကားကို ပြုံးစစဖြစ်ကုန်ကြသည်။

သူငယ်ချင်းတွေအပါအဝင် ရွာသားများက ၎င်းတို့နှစ်ယော
အကြောင်းကို သိချင်နေကြသည်။

"ဒါတွေထားလိုက်ပါတော့ဟာ. . . အလုပ်တွေလုပ်စရာရှိသေး
တယ်"

"အေး. . . အေး ဒါဆိုငါတို့လည်း ပြန်ကြအုံးမယ်"

ထွေးတင်တို့ မခင်လေးကိုနှုတ်ဆက်ပြီး ပြန်ကုန်ကြသည်။

မခင်လေးသည် အိမ်မှုကိစ္စများကို လုပ်ဆောင်ရင်း ကျန်ရစ်ခဲ့ေ
တော့၏။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com


"အေးပါဟယ်. . . ငါတို့နောက်မပြောတော့ပါဘူး"

"ရှေ့ကိုပဲပြောမယ် မဟုတ်လား။ ခင်များတို့ ကြပ်ကြပ်သတိထား။ အဲဒီလူက ခင်များတို့ကို ဒုက္ခပေးသွားလိမ့်မယ်"

"ဟာ. . . ရှာလိုက်ရတာကွာ"

သူငယ်ချင်းဖော်ကြီးပင် ဖြစ်သည်။

"ဦးလေးမောင်ဝင်းက မင်းကိုခေါ်ခိုင်းလိုက်တယ်"

"အေး. . . သွားကြမယ်"

အောင်စိုးကြီးသည် ဖော်ကြီးစကားကို လက်ခံပြီးထွက်ခဲ့သည်။

ထိုင်နေသူတွေအတွက် ပျော်ရွှင်သွားသည်။

"သွားပါမြန်မြန်သွားပါ"ဟု ပြောနေကြသည်။

အောင်စိုးကြီးအနောက်ကို ပြန်လှည့်ကြည့်လိုက်သည်။

"ခင်များတို့သတိထားနေကြ. . . ကျုပ်ဒါပဲပြောမယ်"

ပျော်ရွှင်ကြတဲ့စိတ်များ ရုတ်တရက်ထိတ်လန့်သွားသည်။

အောင်စိုးကြီးသည် ဦးလေးမောင်ဝင်းအိမ်ကို ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း-(၂၂)

## တောင်းတဲ့ဆုနဲ့ ပြည့်စေသား

**အရှေ့ရပ်က** ထွက်ပေါ်ခဲ့တဲ့နေလုံးကြီးသည် အနောက်ကိုဝင်ရောက်ပျောက်ကွယ်ပြီးနောက်. . .

အမှောင်ထုများက ပေါ်ပေါက်လာသည်။

နွေရာသီရဲ့လေနုကြမ်းတို့က ထင်တိုင်းကျဲနေသည်။

ပတ်ဝန်းကျင်သည် သစ်ရွက်များရဲ့အသံကလွဲပြီး ဘာအသံမှထွက်ပေါ်လာခြင်းမရှိသေးပေ။

ဖင်းအချိန်တွင် အုန်းငှက်ပျောပွဲကိုရွက်လာတဲ့ မိန်းမကြီးတစ်ယောက်ကိုတွေ့လိုက်သည်။

မိန်းမကြီးက တစ်ခြားလူမဟုတ်။

ဦးစိုးခင်ရဲ့မိန်းမ ဒေါ်ကုလားမဖြစ်သည်။

နာမည်အရင်းက မြင့်မြင့်ဆန်း။

အသားမည်း၍ ကုလားမဟုခေါ်ကြသည်။

ဒေါ်ကုလားမသည် ညောင်ပင်ကြီးခြေရင်းတွင် အုန်းပွဲကိုချလိုက်သည်။

ညောင်ပင်ကြီးသည် ရွာအနောက်ပိုင်းဝက်လောက်ဝေးတဲ့နေရာမှာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com


လွန်ခဲ့တဲ့နှစ်အတန်ကြာက ရှိနေတဲ့အပင်ကြီးဖြစ်သည်။

ဒေါ်ကုလားမသည် ရပ်လိုက်ပြီးညောင်ပင်ကြီးကိုကြည့်နေသည်။

"ငါ့အကြီးအောင်မြင်ပြန်ပြီပေါ့"

ပြောရင်း ကျေနပ်နေသည်။

ဒေါ်ကုလားမကတော့ မသိသေးပေ. . .။

"ရက္ခဆိုးနတ်ပင်ကို ဤအုန်းပွဲနဲ့တင်လှူပါသည်။ ကျွန်တော်မျိုးမတို့ရဲ့လုပ်နေတာကို နှောင့်ယှက်နေတဲ့ အောင်စိုးကြီးဆိုတဲ့အကောင်ကို ကောင်းကောင်း ဒုက္ခပေးပါ"

"ခင်းတို့က ဒုက္ခပေးခိုင်းနေတာကိုး။ တွေ့ကြသေးတာပေါ့. . . အုန်းပွဲကို ယူစားလိုက်အုံးမယ်"

အပင်ပေါ်ကနေပြောနေပေမယ့် ဒေါ်ကုလားမ မကြားပေ။

ဒေါ်ကုလားမသည် မျက်လုံးများကိုမှိတ်ပြီး ဆုတောင်းနေသည်။

၎င်းသည် ပွဲထဲက ငှက်ပျောဖီးတစ်ဖီးကိုယူပြီး ညောင်ပင်ပေါ်မှာ ထိုင်စားနေသည်။

"ရက္ခဆိုးနတ်မင်းကြီးရဲ့သားတော်ကြီး သရဲကြီးကိုလွှတ်ပြီး ဆုံးမခိုင်းပေးတော်မူပါ။ သူဟာ ကျွန်တော်မျိုးမတို့ရဲ့ အဓိကရန်သူကြီးဖြစ်နေပါပြီ။ သားတော်လေး မောင်ခင်သိန်းကိုလည်း စောင့်ရှောက်ပေးတော်မူပါ။ သားတော်ကြီးလည်း စိတ်သောကရောက်နေရပါပြီ"

ရက္ခဆိုးအပါအဝင် နတ်တွေကိုအားကိုးကြသည်။

ဘုရားဆိုတာကို မေ့ထားသည်။

ကိုးကွယ်မှုတွေမှာ မှားယွင်းနေသည်။

ဘုရားက ဘာမှမလုပ်ဘူး။ နတ်တွေကတော့ လုပ်ပေးနိုင်သည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ထင်မှတ်နေသည်။

"အား. . . ချိုလိုက်တဲ့ငှက်ပျောသီး။ ဗိုက်တောင်ပြည့်သွားပြီ"

ဝမ်းသာစွာပြောနေ၏။

ဒေါ်ကုလားမကတော့ မျက်လုံးများကိုမှိတ်ပြီး ဆုတောင်းနေသည်။

ညောင်ပင်ပေါ်ရောက်နေသူက ဗိုက်ပြည့်သွားလို့ ပျော်ရွှင်နေသည်။

ငှင်းသည် ဆုတောင်းပြီး အုန်းပွဲကိုကြည့်လိုက်သည်။

ရုတ်တရက် အံ့ဩသွားသည်။

ငှက်ပျော်သုံးဖီးမှ တစ်ဖီးမှမရှိတော့။

ပတ်ဝန်းကျင်ကိုကြည့်နေသည်။

ငှက်ပျောဖီးဘယ်ရောက်သွားပြီဆိုတာ သိချင်နေသည်။

"ရှာမနေနဲ့ နတ်အဘိုး. . . ငါစားလိုက်တာ"

အသံလာရာကို ကြည့်လိုက်၏။

"ဟင်. . . ဟော. . . အောင်စိုးကြီးနင်ဘာလုပ်တာလဲ"

"ဟားလိုက်တာလေ. . . ဒေါ်ကုလားမက ကျွန်တော့်ကိုလာကျွေး

တာမဟုတ်ဘူးလား"

"ဟေ. . . နင့်လိုအကောင်ကို ငါကဘာလို့ကျွေးရမှာလဲ

ရုက္ခစိုးကို လာကျွေးတာ"

"ဒီအပင်မှာ ဘာရုက္ခစိုးမှမရှိတော့ဘူး။ ကျွန်တော့်ကိုကြောက်လို့

ပြေးကုန်ပြီ။ ဒီနေရာကို ကျုပ်ပိုင်သွားပြီ"

"နင်သတိထားနေ. . . သရဲကြီးက နင့်ကိုကောင်းကောင်း

လိုက်မယ်"

"ခင်ဗျားတို့ကိုလည်း ဘုရားက ဆုံးမလိုက်မယ်။ ထမင်းတာ

www.burmeseclassic.com

www.burmeseclassic.com


ဝအောင်စား''

"အဲဒါက ငါတို့မဟုတ်ဘူး . . . နင်ဟဲ့''

ဒေါသများထွက်ပေါ်လာသည်။

အောင်စိုးကြီးသည် ဒေါ်ကုလားမကိုကြည့်ပြီး ပျော်ရွှင်နေသည်။

ဒေါ်ကုလားမဆုတောင်းနေတာကို တစ်လုံးမကျန်ကြားနေရသည်။

ဇင်းတို့ဒုက္ခပေးရန်တောင်းဆိုနေတာကို ခွင့်လွှတ်နိုင်တာ ဒေါ်ကုလားမအတွက် လွန်စွာကံကောင်းနေသည်။

ငယ်ရွယ်သူတာသဆိုရင် ဒေါ်ကုလားမအတွက် အနည်းဆုံးမ်ချက်ပဲ။

"ခင်ဗျားနဲ့စကားပြောရတာ မောတယ်ဗျာ။ ရေစာပြေသောက်ဖို့ အွန်တော့်ကို အဲဒီအုန်းသီးပေးစမ်းဗျာ''

"နင်ပေးမယ့်အစား . . . ပေးလိုက်မယ်''

"ဟာ . . . ဒီအဖွားကြီးတော်တော်စကားများတာပဲ။ လိုက်လုမဖြစ်တော့မယ်''

ဒေါ်ကုလားမသည် အုန်းပွဲကြီးယူပြီး ထွက်ပြေးသည်။

အုန်းသီးသည် လှုပ်ရမ်းနေသည်။ ထိန်းချုပ်ရင်းလဲကျတော့မလိုဖြစ်နေသည်။

"ဒေါ်ကုလားမ ရုပ်ကဆိုးတွေ့ခဲ့လားမေးရင် ရုပ်ကဆိုးရဲ့အဘိုးနဲ့တွေ့ခဲ့တယ်ပြောဖို့ မမေ့နဲ့အုန်းနော်''

ဒေါ်ကုလားမသည် တစ်ခွန်းမှပြန်ပြောနိုင်စွမ်းမရှိ စိုးရမ်းစိတ်နှင့်သာပြေးနေရသည်။

ဇင်းသည် အောင်စိုးကြီးရဲ့အကြောင်းကို သိနေသည်။

www.burmeseclassic.com

www.burmeseclassic.com


ရွာမှာနေရတာပြောသည်။

အဆင်ပြေသည်။

ရွာသားအားလုံးက လေးစားသည်။

ဦးစိုးခင်စကားတစ်ခွန်းပြောလိုက်ယုံနှင့် လက်ခံသည်။

ဤမျှလောက် အောင်မြင်မှုများရခဲ့သည်။

အောင်စိုးကြီးအပေါ်မှာတော့ အောင်မြင်မှုမရခဲ့။

ထို့အတူ ဦးစိုးခင်ရဲ့လုပ်ရပ်တွေအပေါ်အမြဲလိုနှောက်ယှက်လေ့ရှိသည်။

ဒါဟာ ဦးစိုးမင်းတို့ရဲ့မဟာအမှား။

ရွာသားအားလုံးကို အယုံသွင်းနိုင်တာ အောင်စိုးလိုကောင်လေးကို ဂရုစိုက်စရာမရှိဟု သတ်မှတ်ထားသည်။

ဒီကြားထဲ အောင်စိုးကြီးကို ဒုက္ခရောက်အောင်လုပ်မယ်ဆိုတဲ့စကားက ဒေါ်သဖြစ်စရာ, . .

ဦးစိုးခင်တို့မိသားစုဆိုးတာလောက်တော့ အောင်စိုးကြီးအတွက်ဟာ တဆက်မှဒ်လို ဖြစ်နေသည်။

ရွာမှာရှိတဲ့ လူဆိုးလူမိုက်တွေလည်း အောင်စိုးကြီးရဲ့ဒဏ်ကို မခံနိုင်လို့ လူလိမ္မာများဖြစ်ကုန်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂၃)

## အရက်ဆိုင်က သရဲ

"ငါမလိုက်ချင်တော့ဘူး တင်ထွန်းရာ"

"ငါကြောက်လို့ပါကွာ။ ဆရာစိုးခင်ကလည်း မှာထားတယ်။ ညဘက်အပြင်ကိုမထွက်ကြနဲ့။ လူမှားကုန်မယ်တဲ့"

"မင်းရဲ့အဓိပ္ပါယ် ငါနားမလည်ဘူးအောင်မြင်ရာ"

အောင်မြင်နှင့် တင်ထွန်းတို့သည် တင်ချိန်က နာမည်ကျော်လူမိုက်များ။ ဟိတ်ဆိုတာနှင့် ဓားတို့နှစ်ယောက်. . .

အောင်စိုးကြီးလည်း အရွယ်ရောက်လာတော့ လူမိုက်လောက်ကို ကျော်နိုင်းခဲ့ကြရသည်။

ရွာကထိန်ပွဲနေ့က အောင်မြင်နှင့်တင်ထွန်းတို့ အလူးအလိမ့်ခံခဲ့ကြသည်။ အလုပ်လုပ်နေတဲ့ အောင်စိုးကြီးကို နောက်ပြောင်သည်။

ဒေါသထွက်ထွက်နှင့် လူကြားထဲမှာ တုတ်နှင့်ဝင်ရိုက်သည်။

စိုင်းဆွဲကြလို့ နို့မဟုတ်ရင် ပွဲချင်းပြီးသွားနိုင်သည်။

အောင်စိုးကြီးရဲ့အကြောင်းကို မသိသေးတဲ့ ဦးစိုးခင်တို့က စိတ်ခေါ် သလိုဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သရဲကြီးရွာကို ကင်းစောင့်နေတယ်။ နောက်ပြီး အောင်စိုးကြီးကို ဒုက္ခပေးမလို့တဲ့"

"အသံပေးရင်ရပါတယ်ကွာ။ ကလေးကတော်တော်နေမကောင်းဘူး။ ဒီညဆေးတိုက်ထားမှကိုရမှာ"

"ကလေးအတွက်အရေးကြီးတာပဲလေ"

တင်ထွန်းနှင့်အောင်မြင့်တို့စကားပြောရင်း ဆေးဆိုင်ထွက်လာကြသည်။

လက်ထဲမှာတော့ အဖော်ဖြစ်တုတ်များကို ကိုင်ထားကြသည်။

တင်ထွန်းနှင့်အောင်မြင့်သည် ဆေးဝယ်ယူရန် ရွာတောင်ပိုင်း ဦးတင်မောင်ဈေးဆိုင်ဘက်ကို ထွက်လာကြသည်။

ရင်းရွာတွင် ဈေးဆိုင်ဟူ၍ ဦးတင်မောင်ဆေးဆိုင်သာရှိသည်။

ရွာသားများက ထိုဆိုင်လေးကိုသာ အားကိုးရပြီး...

မိသားစု ကုန်စုံဆိုင်ဖြစ်သည်။

"ဒါနဲ့ကလေးက ဘာဖြစ်တာလဲ"

"ရေချိုးမှားတာကွာ"

"မင်းမိန်းမကလည်းကွာ...ဒီအချိန်မှာ ဖြစ်တတ်တာသိရဲ့သားနဲ့"

"ငါလည်း အဲဒါကိုပဲပြောနေတာပေါ့"

"ဒါနဲ့ဆေးမဝယ်ခင် မခင်နုအိမ်မှာ တစ်ပိုင်းလောက် ချကြမလား"

"အေးကောင်းသားပဲ...ငါလည်းပင်ပန်းနေတယ်ကွာ။ ထမင်းစားကောင်းလေးပေါ့"

နှစ်ယောက်သားအတိုင်ပေါက်ညီ အရက်ဆိုင်ကိုဦးတည်ကြသည်။

ရွာခလေ့ ထမင်းမစားခင်အရက်သောက်ကြတာ အဆန်းမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com


ပင်ပန်းစွာလုပ်ကိုင်ပြီး အရက်သောက်ရင်ပြေသွားသည်ဟု ထင်မှတ်ကြသည်။

နှစ်ယောက်သား အရက်ဆိုင်ကိုဝင်ရောက်သွားကြ၏။

ဆိုင်အတွင်းမှာ အရက်သောက်သူများနှင့် စည်ကားနေသည်။

အောင်မြင်တို့သည် ဆိုင်ရဲ့ချောင်ကျကျတွင် ဝင်ရောက်ထိုင်လိုက်သည်။

လာရောက်ချပေးတဲ့အရက်နှင့် အမြည်းကိုစားသောက်ရင်း စကားများ ပြောနေကြသည်။

ညနေစောင်းမို့ လူများစည်ကားနေကြသည်။

ယခင်က မိုးအတော်ချုပ်မှ လူစည်ကားတဲ့ဆိုင်ဟာ သ...ကြာက်ပြီး စောစောလူများသည်။

မိုးနည်းနည်းချုပ်သည်နှင့် ဆိုင်မှာလူမရှိတော့။

"မင်းဟာ အခြေအနေကျောင်းတယ်ဆို အောင်မြင်"

"အရင်နှစ်တွေထက်သာတယ်။ အမေက ရဟန်းခံရှင်ပြုပွဲလုပ်ချင်တယ်တဲ့။ အဲဒါကြောင့်များလားတော့ မသိဘူးကွာ"

"ဒါပေါ့ကွာ. . . ဗုဒ္ဓရဲ့ကျေးဇူးတော်တွေကြောင့်ပေါ့ကွာ. . . မင်းအမေရဲ့ဆန္ဒကို ကူညီတဲ့မင်းရဲ့လုပ်ရပ်က အလွန်ကုသိုလ်ရတယ်ကွာ"

အရက်သောက်စကားပြောကောင်းနေတာ နောက်ကြောင်းကိုမေ့နေကြ၏။ အရက်သောက်နေကြသူများသည် အိမ်ကိုမေ့နေကြသည်။

တစ်ယောက်တစ်မျိုး ပြောဆိုနေကြတာ. . .

ဆိုင်အတွင်းမှာ အလွန်ပျော်စရာကောင်းနေသည်။

"ဟာ. . . ဘာလဲဟ"

www.burmeseclassic.com

www.burmeseclassic.com



ရှတ်တရက်ထွက်ပေါ်လာတဲ့အသံကြောင့် စကားပြောသံများ ရုတ်တရက် တိတ်ဆိတ်သွား၏။

အသံလာရာကို ကြည့်နေကြသည်။

၎င်းမှာ တင်ထွန်းဖြစ်သည်။

"ဘာဖြစ်တာလဲ တင်ထွန်း"

"လက်အေးကြီးနဲ့ ငါ့ပခုံးကိုလာကိုင်တယ်"

"မဟုတ်တာပဲကွာ... မင်းအနားမှာငါပဲရှိတယ်"

"အနောက်က လာကိုင်တာကွာ"

"မင်းမူးနေပြီလား တင်ထွန်း"

"ဘယ်ကမူးရမှာလဲ... အရက်တစ်ပိုင်းတောင် မကုန်သေးဘူး"

ရှေ့မှာချထားတဲ့ အရက်တစ်ပိုင်းပုလင်းကျန်နေသေးသည်။

အမြဲတမ်း နှစ်လုံးလောက်ကုန်တောင်မမူး။ အခုမူးသည်ဟု စကားမဖြစ်နိုင်။

တင်ထွန်းတို့သည် အရက်ကိုတော ဆက်လက်သောက်နေကြ၏။

"ငါတို့အရက်ပုလင်း ဘယ်သူလာယူသွားလဲကွ"

ဒေါသနှင့်ထွက်ပေါ်လာတဲ့ အသံဖြစ်သည်။

ဘယ်သူမှ ယူတယ်မပြောကြ။

လူသွားတာကို မတွေ့လိုက်ကြပေ။

"ဟာ... ဒီမှာလက်မှည်းကြီး"

"ဟုတ်တယ်... ဟုတ်တယ်"

"သရဲပဲဖြစ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com


ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။

ထိုင်နေသူတချို့ ထပြေးကုန်သည်။

အရက်ဆိုင်ကို အလုံပိတ်ကာရံထားတဲ့ တောင်တန်းဘက်ကြားက အက်မည်းကြီး ထွက်လာသည်။

တချို့တွေ မြင်ကြသည်။

မူးဝေနေတဲ့အရက်ရှိန်များ လွင့်စင်ကုန်သည်။

အားလုံးသည် လက်မည်းကြီးဝင်ရောက်လာတဲ့အပေါက်ကို ကြည့်နေကြသည်။ တုန်လှုပ်နေကြသည်။

"ဘယ်လိုလုပ်မလဲ"

"နေစမ်းပါအုံးကွာ။ သရဲဒုက္ခပေးအုံးမယ်"

အရက်သောက်ရဲသူ မရှိကြပေ။

ပတ်ဝန်းကျင်ကို ကြည့်နေကြ၏။

"ရော့. . ."

"ဖုန်း. . . ဖုန်း"

"အမလေး . . . ကြောက်ပါပြီဗျ"

"ဟီး. . . ဟီး. . . ဟီး"

ကျယ်လောင်တဲ့အသံ ဖြစ်သည်။

၎င်းအသံကြောင့် တုန်လှုပ်ကုန်သည်။

သရဲနှစ်ကောင် ရန်ဖြစ်ကုန်ပြီဟု ထင်မှတ်ကုန်ကြသည်။

ကျယ်လောင်တဲ့အသံပိုင်ရှင် တစ်နေရာကိုထွက်ပြေးသည်။

ခြေသံများ ကြားရသည်။

လျှက်တပြတ်အတွင်းမှာ တိတ်ဆိတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com


"အလွန်ထူးဆန်းပါလားဗျာ"

"ငါတော့အမှန်ပဲ. . . အဲဒီဆိုင်မှာငါအရက်လာသောက်နေတာ နှစ်အတန်ကြာပြီ. . . ပထမဆုံးအကြိမ်ပဲကွာ"

"မင်းတို့ဘာယ်လိုထင်လဲ"

"သရဲပေါ့ကွာ"

"ပြန်ကြမယ်ကွာ"

"အဲဒီလိုအရဲ မတင်းနဲ့လေကွာ။ အခြေအနေစောင့်ကြည့်ပါအုံး"

"ဟုတ်တယ်. . . ဒါအမှန်ပဲ"

တစ်ယောက်တစ်ပေါက် ပြောနေကြ၏။

အထိတ်တလန့် ဖြစ်နေသူများရှိသည်။

အရက်ကြောင့် မူးနေသူများ သရဲအသံကြားသည်နှင့် အရှိန်များ ပျောက်ကွယ်ကုန်ကြသည်။

တချို့က သရဲကိုဒေါသထွက်နေကြသည်။

အရက်ကိုပဲ ဆက်သောက်ရမလား။

ပြန်ရင်ကောင်းမလား။

ဝေခွဲမရအောင် ဖြစ်နေကြသည်။

"ဟော့. ... ခြေသံကြားတယ်"

"သရဲကြီး ပြန်လာပြန်ပြီလား မသိဘူး"

"ဟား. . . ဟုတ်တယ်. . . ဟုတ်တယ်"

ပြင်းထန်တဲ့ ခြေသံများကြားရပြန်သည်။

အားလုံးသည် အသံလာရာကို ကြည့်နေကြသည်။

စိုးရိမ်သူများရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com


ဒီအကောင်ကြီး ဘာလာလုပ်ပြန်ပြီလည်းဟု ထင်နေကြ၏။
ဘယ်လိုရင်ဆိုင်ရမလဲ။ သရဲဆိုတဲ့အသံကိုတာ ကြားဖူးသည်။
တွေ့ကြုံဖူးကြချင်းမရှိ။
တချို့က ထွက်ပြေးရန် အပေါက်များရှာနေကြသည်။
လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြသည်။

"ဟာ. . . ဟိုမှာလာနေပြီ"

"ဟုတ်တယ်လေ"

"ထွေးတင်ချစ်သူလေးရယ် ငါ့ကိုလာကယ်ပါအုံး။ အမလေး. . . နင်နဲ့ချိန်းထားတဲ့ ဒီညငါမလာနိုင်တော့ဘူးဟာ"

အောင်ပုရဲ့လုပ်ရပ်က ငိုအားထက်ရယ်အားကသန်နေသည်။
ရင်းသည် အရက်ပုလင်းကို မြှောက်ကိုင်ကြည့်ရင်း ပြောနေသည်။
အားလုံးက ဘုရားတရားမိဘများကို အကူအညီတောင်းနေသည်။
အောင်ပုကတော့ ချစ်သူထွေးတင်ကို အကူအညီတောင်းနေသည်။
တချို့ကလည်း အောင်ပုကိုဒေါသထွက်နေကြသည်။
တချို့လည်း ချစ်သူရှိကြောင်း တိုင်တက်ပြနေသည်။

"တောက်. . . အောင်ပု မင်းပါးစပ်ကိုပိတ်ထားစမ်းကွာ"

"ကြောက်လွန်းလို့ပါဗျာ. . . အဲဒါကြောင့်ပါ"

အောင်ပုတို့ပြောချင်ပေမယ့် ခြေသံကြောင့် သက်သာနေသည်။

"ဟာ. . . ဟိုမှာအိမ်အဝကိုရောက်လာပြီ"

"အဘသရဲကြီး ကျုပ်တို့ကိုသနားပါ အရက်သောက်သွားပါ။ အရက်ဖိုး ရှင်းပေးပါ့မယ်"

"အရက်နှစ်လုံးနဲ့အမြည်းပေး. . . သူတို့ရှင်းလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com


ပြောဆိုပြီး အိမ်ပေါ်ကိုတက်လာသည်။

အားလုံးအံ့ဩသွားသည်။

မည်းမည်းအရာသည် သရဲကြီးမဟုတ်။

အောင်စိုးကြီးကို တွေ့လိုက်ကြသည်။

"ဟာ. . . အောင်စိုးကြီးပဲ။ ငါတို့က သရဲမှတ်လို့"

အောင်စိုးကြီးသည် အရက်ကိုစိတ်ကြိုက်သောက်နေကြသည်။

"အောင်စိုးကြီး စောစောက သရဲကိုတွေ့ခဲ့လား"

"ခင်ဗျားတို့ သရဲအောင်ငိုတဲ့အသံကို မကြားဘူးလား"

"ကြားတာပေါ့ ဘယ်လိုအဓိပ္ပာယ်လဲ မသိဘူး"

"ဒီတုတ်နဲ့ ရိုက်လို့ငိုသွားတာ"

"ဟင်. . . ဘယ်လို မင်းရိုက်တာ"

"ဟာ. . . အံ့ဩစရာပဲ"

"သရဲကြီးအခု ဘယ်ရောက်သွားပြီလဲ"

"သုံးသန်ဘက်ကိုပြေးပြီ. . . သူ့လက်ထဲက အရက်ပုလင်းတော့ ငါလုခဲ့သေးတယ်"

ခါးမှာထိုးထားတဲ့ အရက်ပုလင်းကိုစားပွဲပေါ်ကို တင်လိုက်သည်။

အံ့ဩကုန်ကြသည်။

တချို့က ချီးကျူးကြသည်။

သရဲကိုကြောက်နေသူများသည် အောင်စိုးကြီးရဲ့လုပ်ရပ်ကို နားမလည်အောင် ဖြစ်နေကြသည်။

ကိုယ်ဖျောက်လို့ရတဲ့ သရဲလိုအရာကို မြင်တွေ့တာတော့ အထူး ထူးဆန်းနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com


သရဲနှင့်ပတ်သက်ပြီး အောင်စိုးကြီးကိုမေးခွန်းထုတ်ချင်တဲ့အရာများစွာ ရှိသည်။

အောင်စိုးကြီးသည် သရဲကြီးထံမှ လုယူခဲ့တဲ့အရက်များစွာကို စိတ်တိုင်းကျသောက်နေသည်။

"သရဲဆီက လုယူခဲ့တဲ့အရက်က သောက်ရတာအလွန် အရသာရှိတယ်ကွ"

"ဒါနဲ့ မောင်ရင်ကို တစ်ခုလောက်မေးချင်တယ်"

"ဘာများ မေးချင်တာလဲ အဘ"

အဘိုးတစ်ယောက်သည် အောင်စိုးကြီးအနားမှာ ဝင်ရောက်ထိုင်လိုက်သည်။

အဘိုးကိုတစ်ချက်ကြည့်လိုက်သည်။

"ဘာမေးမှာလဲ အဘ"

"မင်းမှာ သရဲကိုမြင်နိုင်တဲ့မျက်လုံးပါတယ်ဆိုတာ အဘသိရတယ်။ အဲဒီမျက်လုံး ဘယ်သူပေးတာလဲ"

"အတိတ်က ပွဲရမိပေါ့ဗျာ။ ကျုပ်တို့ဘုရားက ဟောကြားတယ်။ အတိတ်က ကုသိုလ်ကောင်းမှုတွေပြုလုပ်ခဲ့ရင် ပစ္စုပ္ပန်မှာ ကောင်းကျိုးပေးတယ်တဲ့။ အဲဒါအဘ သက်ခံလား"

"အဲဒါကိုတော့ ငါလက်ခံတယ်။ ကဿပဘုရားရှင်ကို ဆီမီးလှူခဲ့တဲ့ နတ်တစ်ပါးဟာ အထက်အောက် အားလုံးကိုမြင်တွေ့နိုင်တယ်တဲ့"

"ဒါဆို အဘတော်တယ်"

အောင်စိုးကြီးစကားကြောင့် အဘိုးသဘောကျသွားသည်။

ချီးကျူးတဲ့အကြည့်ဖြင့် အောင်စိုးကြီးကိုကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်စိုးကြီးသရဲကိုမြင်နိုင်တာ အတိတ်ကုသိုလ်ကောင်းသို့ ... ခွဲမှတ်နေကြသည်။ အားကျနေကြသည်။

ထိုနေရာမှာ စဉ်းစားစရာတစ်ခုထွက်ပေါ်လာသည်။

သာမန်လူတစ်ယောက်က သရဲများကိုမြင်တွေ့ရသည်ဆိုတာ ယုံ... စကားတာ ဖြစ်သည်။ အောင်စိုးကြီးရဲ့ ...ည့်ကွက်ကိုရွာသားများ မသိအော... ဖြစ်နေကြသည်။

တချို့သော အရက်သမားများသည် အောင်စိုးကြီးအနား... ရောက်ရှိလာကြသည်။

"ဒါက သရဲဆီကလုပ်ယူလာတဲ့အရက်ပုလင်း. . . ဒီအရက်... သော...ရင် သရဲကိုမကြောက်ဘူး။ သရဲအခြောက်မခံရဘူး"

"အောင်စိုးကြီး ငါ့ကိုနည်းနည်းတိုက်ပါ။ ငါ့အရက်ပုလင်းမင်း... ပေးမယ်"

"ငါတို့ကိုလည်း တိုက်ကွာ"

"ငါတို့လည်း သောက်ချင်တယ်"

အရက်သောက်နေသူများသည် ၎င်းတို့ရဲ့လက်ကျန်အရက်များ... အောင်စိုးကြီးရှေ့ကို ချပေးလိုက်ကြသည်။

သရဲထံမှ လုပ်ယူလာတဲ့အရက်ကို သောက်ချင်ကြသည်။

ထိုလူအုပ်နှင့်အရက်တစ်ပုလင်း ဘယ်လိုမှ အဆင်မပြေနိုင်။

"မင်းတို့ဒီအရက်ကို တကယ်သောက်ချင်တာလား"

"တကယ်ပေါ့ကွာ. . . ဘာပဲဖြစ်ဖြစ် ဒီအရက်ကိုသော...ရဖို့... အရေးကြီးတယ်"

"အလွယ်မပြောကြနဲ့ကွာ။ ဒီအရက်က ကတိတည်မှရတာ. . .

www.burmeseclassic.com


အဲဒီလိုမှမဟုတ်ရင် လူကိုဒုက္ခပေးတယ်"

အောင်စိုးစကားကို နားမလည်အောင်ဖြစ်နေကြသည်။

ထိုအချိန်မှာ အကြံသမားအောင်စိုးရဲ့စကားက အောင်မြင်မှုသရုပ္ ဆောင်နေသည်။ အောင်စိုးကြီးသည် ဘယ်နေရာက စပြောရမလဲ စဉ်းစားနေသည်။

"မင်းစကားက ဘာလဲ ငါတို့သဘောမပေါက်ဘူးကွာ"

"ဒီအရက်ဟာ လွယ်လွယ်ကူကူရခဲ့တာမဟုတ်သလို. . . အရက် ကလည်း အစွမ်းရှိတယ်။ ဒီအရက်ကိုသောက်သူဟာ ကျန်းမာရေး ကောင်းတယ်။ အသက်ရှည်တယ်။ သရဲခြောက်မခံရဘူး"

"အဲဒါကြောင့် ငါတို့ကိုတိုက်ပါလို့ ပြောနေတာပေါ့ကွာ"

"ကျွန်တော့်စကားကိုဆုံးအောင် နားထောင်ကြအုံးလေဗျာ. . . အဲဒီအရက်ကိုသောက်မိတဲ့သူဟာ. . . နောက်ထပ်အရက်မသောက်ရတော့ ဘူး။ အရက်ပြတ်ရမယ်။ သူများအိမ်အောက်ကို ခွင့်ပြုချက်မရှိဘဲ မဝင်ရ ဘူး။ အဲဒီအချက်တွေကို လက်ခံလိုက်နာနိုင်မှ သောက်လို့ရတယ်။ လက်မခံ လို့ဖြစ်ပေါ်လာတဲ့ ဘေးဒုက္ခတွေကိုတော့ တာဝန်မယူဘူး"

"အရက်မသောက်ရလည်း ဘာမှမဖြစ်ဘူး။ သောက်ခဲ့တာလည်း နှစ်အတန်ကြာခဲ့ပြီပဲ. . . မင်းတောင်းတဲ့ကတိ ငါတို့ပေးတယ်ကွာ"

"ဟော့ကောင်. . . အောင်စိုးကြီး မင်းပြောတာ တကယ်ပဲ လား"

"မယုံရင် လုပ်ကြည့်လေ။ မင်းမှဖြစ်ရင်တောင် မင်းအိမ်သား တစ်ယောက်ယောက်သေချာတယ်။ ဖြစ်လာမှငါ့ကိုအကူအညီလာတောင်းရင် ဘာမှမလုပ်ပေးဘူး"

www.burmeseclassic.com

"ဒါဆို အဲဒီအရက်ငါ့ကိုပေးကွာ"

"ငါတို့လည်း သောက်မယ်ကွာ။ မင်းတစ်ယောက်တည်း သောက်လို့ ဘယ်ရမလဲ"

အောင်စိုးကြီးသည် သဲရဲထံမှယူလာတယ်ဆိုသည့် အရက်အည်းနည်းကို ရှေ့မှာရှိတဲ့ ငှင်းအရက်နှင့်ရောစပ်တိုက်လိုက်သည်။

အရက်တစ်ခွက်သောက်ပြီးတိုင်း မျက်နှာများရှုံ့မဲ့သွားကြသည်။ ရေအေးတစ်ခွက်ကို အငမ်းမရအောင် သောက်လိုက်ကြပြီး 'အပါးပြင်း လိုက်တာ' ဟုပြောလိုက်သည်။

အောင်စိုးကြီးသည် အရက်ဦးရည်ကို တမင်တိုက်လိုက်သည်။

မှတ်ချက်။ ။

(အရက်ဦးရည်တစ်ပုလင်းလျှင် ရေကြက်အေး အများဆုံး ၆ပုလင်းမှ အနည်းဆုံး၄ပုလင်းရောဆပ်ရသည်)

ယခုအောင်စိုးကြီးက ဘယ်လိုရေမှထပ်ရောချင်းမရှိဘဲ တိုက်ခြင်းဖြစ်သည်။ အကြောင်းက ရွာသားတွေအရက်မသောက်ကြရန် ပြုလုပ်လိုက်ခြင်း ဖြစ်သည်။

အရက်ပုလင်းနှစ်လုံးသည် ခုံပေါ်မှာလဲကျကုန်သည်။

ငှင်းတို့ကလည်း ယိမ်းယိုင်ပြီးအိမ်ပြန်သွားကြပေတော့၏။

www.burmeseclassic.com

## အခန်း-(၂၄)
## ဘုရားပေးတဲ့ဆေး

"[redacted] ...အောင်စိုးကြီး"

"ငါ့ကိုကယ်ပါအုံး... ကယ်ပါအုံးကွာ"

လူတစ်ယောက်သည် စိုးရိမ်စိတ်များစွာဖြင့် အောင်စိုးကြီးထံ အပြေးရောက်ရှိလာသည်။

အောင်စိုးကြီးသည် တုတ်ပိုင်းကိုကိုင်ပြီး ချောင်းစပ်မှာ ထိုင်နေသည်။

စဉ်းစားနေသည်။

ရွာတည်းကို သရဲကြီးဝင်ရောက်လာတော့မည်။

၎င်းအကောင်ကြီးသည် ဦးစိုးခင်တို့ဖနီးမောင်နှံကိုကြောက်သလို.. နိုင်းသမျှအားလုံးကို ပြတ်သားစွာလုပ်တတ်သည်။

သရဲကြီးကို ရင်ဆိုင်နိုင်သူမရှိသလို အသံကြားလိုက်သည်နှင့် တုန်လှုပ်နေကြသည်။ အောင်စိုးကြီးသည် သရဲကြီးကို ဘယ်လိုပုံစံနှင့်ရင်ဆိုင်ရမှာလဲဆိုတာကို စဉ်းစားရင်း ထိုနေရာတွင်လာရောက်ခြင်းဖြစ်သည်။

"ဘယ်လိုဖြစ်လာတာလဲ ကိုစံပေါ်"

"ငါ့သားလေး နေမကောင်းဘူးကွာ... အဲဒါလိုက်ကြည့်ပေးပါ ကွာ"

www.burmeseclassic.com

www.burmeseclassic.com


"ခင်ဗျား ကျွန်တော့်စကားနားမထောင်ဘူး မဟုတ်လား"

"ဟုတ်ပါတယ်ကွာ. . . မနေ့ညက ငါအုန်းကြိုင်တို့နဲ့တွေ့လို့ နည်းနည်းသောက်မိတယ်ကွာ"

"မလုပ်ပေးဘူး. . . ခင်ဗျားကျွန်တော့်စကားမှ နားမထောင်ဘဲ"

"ငါတောင်းပန်ပါတယ်ကွာ. . . နောက်အဲဒီလိုမဖြစ်စေရပါဘူး ဒီတစ်ခါတော့ ငါ့ကိုခွင့်လွှတ်ပါကွာ"

"ဖြစ်လာရင် ဒီလိုပဲပြောမှာပဲ. . . ဒီမှာကျွန်တော်က နတ်စိမ်း မဟုတ်ဘူး။ လက်ဖက်၊ ကွမ်း၊ စားစရာတွေနဲ့ တောင်းပန်လို့မရဘူး"

"အဲဒီလိုမလုပ်ပါနဲ့ကွာ. . . ငါ့ကိုမသနားရင်တောင် ငါ့ကလေးကို သနားပါကွာ"

"ခင်ဗျားမကောင်းလို့ အခုလိုဖြစ်ရတာ"

အောင်စိုးကြီးသည် အုန်းကြိုင်ကို ဒေါသနှင့်ပြောနေသည်။

အရက်မသောက်ပါဘူး အရက်ဖြတ်ပါမယ်ဟု ကတိပေးထားသည်။ အရက်သောက်မိ၍ မိသားစုနေမကောင်းဖြစ်နေသည်။

အုန်းကြိုင်သည် ကြိမ်ဖန်များစွာတောင်းပန်နေသည်။

အောင်စိုးကြီးတာ မကျေညီလျှင် ၎င်းသားလေးအသက်သေဆုံးဖွယ် ရှိသည်။

ထို့ကြောင့် ဝေဒနာခံစားနေရတဲ့ကလေးကို ပျောက်ကင်းအောင်ပြုလုပ် ပေးရန် တောင်းဆိုနေသည်။

"ဒီတစ်ခါ ပထမဆုံးနှင့် နောက်ဆုံးအကြိမ်ပဲဖြစ်ပါစေ"

"စိတ်ချပါ. . . ဒီအချိန်ကစပြီး ငါအရက်မသောက်တော့ဘူး။ အဲဒီအတွက် ကတိပေးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com


အောင်စိုးကြီးသည် အုန်းကြိုင်ပေးတဲ့ကတိကိုလက်ခံပြီး ငှန်းအိမ်ကို လိုက်ရန်ပြောကြားလိုက်သည်။

ထိုစကားကြောင့် အုန်းကြိုင်တစ်ယောက် ပျော်ရွှင်တွေနှစ် သွားသည်။

စိတ်ထဲမှာ ကျေးဇူးတင်သလို နောက်ဘယ်လိုပုံစံဖြစ်ပါစေ အရက် သောက်တော့ဟု ပြတ်သားစွာဆုံးဖြတ်လိုက်သည်။

အုန်းကြိုင်အိမ်ကိုရောက်ရှိသွားသည်။

အိမ်တွင် နှစ်ဖက်မိဘများနှင့် လူနာလာမေးသူများနှင့် ပြည့်နေသည်။ အုန်းကြိုင်တို့ အံ့ဩစွာကြည့်နေသည်။

"ဟော့ကောင်. . . အုန်းကြိုင်၊ မင်းကိုဆရာပင့်ခိုင်းတာကြာပြီ။ ဘယ်မှာလဲ ဆရာ"

"ကျွန်တော် ဆရာပင့်လာပါတယ် အဖေ"

အောင်စိုးကြီးသည် ဘုရားစင်ရှေ့မှာထိုင်လိုက်သည်။

အားလုံးသည် အောင်စိုးကြီးကို သံသယများနှင့် ကြည့်နေကြသည်။

ဆရာမဟုတ်တဲ့ကောင်လေးက ဘယ်လိုလုပ်ပြီး ဆေးကုနိုင်ပါမလဲ။ ရွာမှာနာမည်ကြီးတာက နတ်ဆရာဦးစိုးခင်၊ ပရောဂဆရာဦးပေါက်တူး၊ ဗိန္ဓောဆရာ ဦးတွင်းတူးတို့က နာမည်ကြီးနေသည်။ ထိုဆရာသုံးယောက် သည် ရွာရဲ့လူများကို ဆေးကုသနေသူများဖြစ်သည်။

ယခုဘယ်လိုမှ ဆေးဆရာမဟုတ်တဲ့သူကို ဆရာအဖြစ်နှင့်ခေါ်လာသည်။

"ကိုအုန်းကြိုင် သောက်ရေတစ်ခွက်ပေးဗျာ"

"ကောင်းပါပြီ. . . အောင်စိုးကြီး"

ကိုအုန်းကြိုင်ပေးတဲ့ ရေခွက်ကိုယူပြီး ဘုရားစင်ရှေ့တွင်ကပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


ဂုဏ်တော်(၉)ပါးကို ရွတ်ဆိုနေသည်။

အသင့်ပါလာတဲ့ ဆေးပုလင်းလေးကို ထုတ်ယူလိုက်သည်။

အားလုံးသည် အောင်စိုးကြီးဘာလုပ်မလဲဆိုတာ ကြည့်နေကြသည်။

တကယ်တော့ အောင်စိုးကြီးကို ပြောဆိုပြီး အိမ်ပေါ်ကမောင်းချချင်ကြသည်။ ကြောက်ရွံ့နေ၍ မပြောရဲပေ။

ဘုရားစင်ရှေ့မှာ အတန်ကြာအောင်ထိုင်ပြီးမှ ရေမန်းကိုရှေ့မှာချလိုက်သည်။

"ကလေးကိုခေါ်လာခဲ့"

ကလေးသည် ကိုယ်အပူရှိန်ကြောင့် သွက်လက်ခြင်းမရှိ။

မိခင်ရဲ့လက်ပေါ်တွင် မှေးနေသည်။

အောင်စိုးကြီးသည် ကလေးကိုကြည့်နေသည်။

ပြီးမှမျက်လုံးလေးကို အသာမှိတ်လိုက်သည်။

"ဟော့ကောင်. . . မင်းဘာကြောင့်ဒီကလေးနဲ့ ဒီမိသားစုကို ဘာကြောင့် ဒုက္ခလာပေးနေတာလဲ။ မင်းအခုချက်ချင်းထွက်သွား. . . ငါဆေးတုတ် အကြောင်းမင်းသိတယ်။ ဒီအချိန်ကစပြီး ဘယ်တော့မှ ဒီအိမ်ကိုမလာနဲ့ ဒုက္ခပေးဖို့မကြိုးစားနဲ့။ ငါ့အကြောင်းမင်းသိတယ် မဟုတ်လား။ ထွက်သွား. . . မင်းအခုထွက်သွား. . . ကလေးဆီက ဝေဒနာတွေကိုပါယူသွား"

"ဝုန်း"

အောင်စိုးကြီးသည် လက်စွဲတော်တုတ်ကိုယူပြီး အိမ်နှင့်စောင့်ရိုက်သည်။ ရှင်းရဲ့လုပ်ရပ်ကို အားလုံးတုန်လှုပ်ကုန်ကြသည်။

ကလေးသည် အထိတ်အလန့်ထငိုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဘာသရဲမှမရှိ. . .

ဟန်ဆောင်ပြီး လုပ်ဆောင်လိုက်ခြင်းဖြစ်သည်။

အောင်စိုးကြီးသည် ရေမန်းကိုယူပြီးလက်လေးနှင့် တလေးတယ်ကို တောက်ပေးလိုက်သည်။

"ရေ. . . ဒီဆေးကိုတိုက်"

ပုလင်းထဲက ဆေးအနည်းငယ်ကိုယူပြီး တိုက်လိုက်သည်။

အောင်စိုးကြီးရဲ့ လုပ်ရပ်ကိုအံ့သြနေကြသည်။

တကယ်တော့ အောင်စိုးကြီးသည် အားလုံးအထင်ကြီးအောင် လုပ်လိုက်ခြင်းဖြစ်သည်။

အသာငြိမ်သက်နေတဲ့ကလေးသည် စတင်လှုပ်ရှားလာသည်။ ကလေးငယ်သည် ရေတောင်းသည်။

"မောင်အုန်းကြိုင် မြေးလေးရေတောင်းနေတယ်။ ရေခပ်ပေးလိုက် အုံး"

"ဒီရေတိုက်ရမှာ. . . ရော့တိုက်လိုက်"

"မကြာခင် ထမင်းတောင်းလိုက်မယ်. . . မကျွေးနဲ့အုံး. . . ဆန်ပြုတ်ကိုပဲတိုက်ထားအုံး. . . ငါးကြော်လေးဘာလေးနဲ့ပေါ့"

"ငါ့သားကို ချက်ခြင်းကောင်းအောင် ဆေးကုပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် အောင်စိုးကြီး"

"ကိစ္စမရှိပါဘူး ကိုအုန်းကြိုင်။ ဟိုဆရာမဟုတ်တဲ့သူတွေကိုသာ သွားခေါ်ရင် ခင်ဗျားသားအသက်စိုးရိမ်ရတယ်။ အဲ့ဒါကြောင့် လိုက်လာရ တာ"

"မြေးလေးကို အခုလိုကုရိုက်ကုသပေးတဲ့အတွက် အောင်စိုးကြီးကို

www.burmeseclassic.com

www.burmeseclassic.com


တွေ့ရှုတောင်ပါတယ်ကွယ်”

“ဟုတ်ပါတယ်။ ဒါနဲ့ စောစောကဘာကောင်လဲ”

ငင်းတို့သည် မြေးလေးကိုချစ်နေကြသည်။ ငင်းတို့အတွက် ထိုကလေးဟာ မြေးဦးလေးဖြစ်သည်။

ကလေးအပေါ် ဘယ်လိုအန္တရာယ်မျိုးကိုမှ ကျရောက်မခံနိုင်။ အုန်းကြိုင်ဆိုတဲ့အကောင်က တစ်ဦးတည်းသောသားပီပီ ဘယ်အရာကိုမှ လေးလေးနက်နက်မရှိ။

စိတ်ထင်ရာကို လုပ်တတ်သည်။

ငင်းကိုထိန်းနိုင်သူက ဖခင်။

ဖခင်သာမရှိတော့ရင် အုန်းကြိုင်ကို ထိန်းချုပ်နိုင်သူ ကမ္ဘာပေါ်မှာရှိ မယ်မထင်။

ဤမျှလောက်ဆိုးသွမ်းနေတဲ့ အုန်းကြိုင်ကို ယခုတစ်ယောက်ပေါ် ပေါက်လာသည်။ ထိုသူက အောင်စိုးကြီး

“ရွာမှာရှိတဲ့ ဆရာတွေက ရွာသားတွေကို ဒုက္ခပေးဖို့ကြိုးစားနေကြတယ်။ အဲဒါကို ကျွန်တော်က ဝင်ရောက်ကာကွယ်နေတော့ အဲဒီလူတွေက ကျွန်တော့်ကို မကျေနပ်ကြဘူး။ ဒါကိုသိကြမှာပါ”

“အဲဒါကို ဦးလေးတို့လည်း ကြားတယ်။ သူ့ရဲ့ကြီးဆိုတဲ့အကောင်က အောင်စိုးကြီးကို ဒုက္ခပေးမယ်တဲ့ ဦးလေးတို့တစ်ရွာလုံးက မင်းကို စိုးရိမ်နေကြတယ်။ ဆရာဦးစိုးခင်တို့က မင်းကိုဘာကြောင့် နာကြည်းနေတာလဲ”

“ဒါက ရှင်းပါတယ်။ ကျွန်တော်ရှိနေတော့ ရွာမှာသူလုပ်ချင်သလို လုပ်လို့မရဘူး။ သူတို့အတွက် ကျွန်တော်ဟာ ခလုတ်ကသင်းတစ်ခု

www.burmeseclassic.com

www.burmeseclassic.com 

ခံနေ တယ်ဗျာ”

“မောင်အောင်စိုးပြောတာ ဟုတ်တယ်။ ဆရာဦးစိုးခင်က ဒီလို တ်မျိုးမထားသင့်ဘူး”

“ဘာပဲဖြစ်ဖြစ် မောင်အောင်စိုးအနေနဲ့ အစစသတိထားပါလို့ ပြောချင်ပါတယ်”

“အခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်။ ကျွန်တော်ပြောလို့ တာက မကြာခင်မှာ ထူးခြားတဲ့သတင်းတစ်ခုကြားရမယ်”

“ဘာသတင်းများလဲ အောင်စိုးကြီး”

စိတ်ဝင်စားစွာမေးလာကြသည်။ မလေ့အရ စိတ်ဝင်စားစရာဆိုလျှင် ထက်ငါအရင် သိချင်ကြသည်။

အောင်စိုးကြီးသည် မေးခွန်းများကို ဖြေကြားချင်းမရှိ ရေနွေးကြမ်း ကို မှုတ်သောက်နေသည်။

အောင်စိုးကြီးသည် ဦးစိုးခင်နှင့်ပါတ်သတ်သမျှတွေကို အပြတ်ရှင်း သည်။ ရွာလူကြီးများသည် ရင်းလုပ်ရပ်များကို မသိပေ. . .

တစ်ချို့က ဦးစိုးခင်ဘက်ကနေ အောင်စိုးကြီးကို အပြစ်တင်နေကြ သည်။

အောင်စိုးကြီးကို သနားသူများရှိနေသည်။

ချစ်သူခင်လေးတစ်ယောက်ကတော့ အလွန်စိုးရိမ်နေသည်။

“မကြာခင်သိရမှာပါ။ ရွာသားတွေအတွက် အလွန်းအံ့သြစရာပါ။ စ်ခုပြောချင်တာ ဦးလေးတို့တွေ အချိန်မတော်ပဲ အပြင်မသွားကြပါနဲ့ ဆိုတာပဲ”

“ကျွန်တော့်အနောက်ကို ငါးယောက်လိုက်နေတယ်၊ အဆိုင်သူတွေ

www.burmeseclassic.com

www.burmeseclassic.com


ပါသွားမှာ စိုးရိမ်လို့ပြောတာပါ။ သချာတာတစ်ခုက သရဲကြီးဟာ ရွှာထိတ်ကို ရောက်နေပြီး။ မကြာခင် ကျွန်တော့်ကို ဒုက္ခပေးလိမ့်မယ် ကဲ. . . ကျွန်တော်ပြန်လိုက်အုံးမယ်''

စကားဆုံးသည်နှင့် ပြန်သွားသည်။

အားလုံးသည် အံသြစွာကြည့်နေကြသည်။

အောင်စိုးကြီးသည် ဘယ်လိုအစွမ်းများရှိနေသလည်း။ ရင်ဆိုင် လာမယ့်သူ။ အကောင်အရေအတွက်ကိုပါ ကြိုတင်သိနေသည်။

အားလုံးသည် မြင်ကွင်းမှပျောက်ကွယ်တဲ့အထိ အောင်စိုးကြီး ကြည့်နေကြပေတော့သည်. . .။

www.burmeseclassic.com

www.burmeseclassic.com


## အခန်း-(၂၅)

# ကြောင်မရှိတော့ ကြွက်သောင်းကျန်း

ကိုကစပြီး အောင်စိုးကြီးကို ရွာတွင်တွေ့ရှိရခြင်းမရှိပေ။

သူငယ်ချင်းမိတ်ဆွေများက အောင်စိုးကြီးကို မျှော်လင့်တောင်းတနေကြသည်။

ချစ်သူမခင်လေးထံ လာရောက်မေးကြသည်။

သူမကမသိဘူးဟူ၍သာ အလွယ်ပြောလိုက်သည်။

အောင်စိုးကြီးရွာက မပျောက်ခင်ညနေက မခင်လေးနှင့်တွေ့ဆုံးခဲ့သည်။ ၎င်းဘယ်ကိုသွားသည်ဆိုတာ မခင်လေးသိသည်ဟု ထင်မှတ်နေကြသည်။

ထင်မြင်ယူဆမှုများသည် မှန်သည်ဟု တွတ်ဆမိဆည်။

"ဘယ်သွားလဲမသိဘူးလေ"ဟု အလွယ်ပြောလိုက်သည်။

'ကြောင်'မရှိလို့ 'ကြွက်'သောင်းကျန်းသည်ဆိုတဲ့စကားပုံလိုဖြစ်နေသည်။

နတ်ဆရာဦးစိုးခင်သည် ရွာသားတွေကို အနုနည်းဖြင့်အနိုင်ကျင့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com


အောင်စိုးကြီးမကောင်းကြောင်းပြောဆိုပြီး ရွာသားများကို မဲဆွယ်နေသည်။

တစ်နေ့သောညဘက်တွင် မမြတ်အေးအပြင်းဖျားသည်။ တောင်စင်မရစကားများ ပြောသည်။ မမြတ်အေးသည် ဦးတင်အေး၏ ဒုတိယသမီးဖြစ်သည်။

ပရောဂဟုသတ်မှတ်ပြီး ဦးစိုးခင်ကိုပင့်ကြသည်။

ဦးစိုးခင်အတွက်အခွင့်အရေးကောင်းတစ်ခုရသွားသည်။

"မင်းတို့ရဲ့သမီးကို နှောက်ယှက်ထားတယ်"

"ဘယ်သူနှောက်ယှက်ထားတာလဲ ကယ်ပါအုံးဆရာရယ်"

"ဘယ်သူရှိမလဲ။ ကိုတင်အေးပေါ့"

"ရှင်. . ."

"ဘယ်လို"

အားလုံးအံ့သြကုန်ကြသည်။

"ဟုတ်တယ် ကိုတင်အေးဟာ မကျွတ်သေးဘူး။ သူနေတဲ့အပင်ကို ဟိုမကောင်းဆိုးဝါးကောင်က ခုတ်လှဲလိုက်လို့ အခုဒီအိမ်ပေါ်မှာရောက်နေပြီ"

ဦးစိုးခင်ပြောစကားသည် မိသားစုနှင့်ရောက်ရှိလာတဲ့ ညှိပရိတ်သတ်များကို တုန်လှုပ်ချောက်ခြားကုန်ကြသည်။

တကယ်တော့ ဦးစိုးခင်သည် မဟုတ်မှန်တာတွေကိုပြောဆိုပြီး ခြောက်လှန့်သည်။ ငွေကြေးများကို ရအောင်ယူတတ်သည်။

အားလုံးရှေ့မှာတော့ ဂရုဏာရှင်တစ်ယောက်လို ဝင့်ကြွားနေသည်။

ဦးစိုးခင်မည်သည့်အလုပ်ကိုမှ မလုပ်ပဲ သူဌေးတစ်ယောက်ကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com


ားသောက်နေနိုင်သည်။

"လုပ်ပါအုံးဆရာရယ် ကျွန်မတို့မိသားစုကို"

"စိတ်ချပါ ဘာမှမဖြစ်စေရဘူး။ ငါသူ့ကိုခေါ်သွားပြီး နေရာတစ်ခု ပေးလိုက်မယ်။ ကလေးမကိုလဲ ပျောက်အောင်ဆေးကုပေးမယ်"

"အားကိုးပါတယ် ဆရာရယ်"

"အားကိုးပါ ငါဟာ လူသားတွေကို ကယ်တင်ဖို့လူဖြစ်လာတာ။ ဘယ်လောက်ဆိုးသွမ်းတဲ့ရွာဖြစ်ပါစေ ငါရှိနေရင် အားလုံးငြိမ်းချမ်းသွားမယ်။ ကိုတင်အေးကလည်း သူ့လုပ်ရပ်မှားကြောင့်ခံရတာ"

တကယ်တော့ ဦးတင်အေးဟာ ဘာအမှားကိုမှ လုပ်တတ်သူမဟုတ် ဘယ်အရာကိုမှ ကြည့်သူမရှိ။

ဘုရားမှတစ်ပါး အားကိုးရာမရှိ။ ဘုရားကိုသာယုံကြည်သည်။ ဘုရားကြောင့် သူဘဝအေးချမ်းစွာနေထိုင်ရသည်ဟု ယုံကြည်သည်။

တစ်ချို့က ရရှိထားတဲ့ဒဏ်ရာကြောင့် မသေနိုင်။

ရက္ခစိုးကြောင့်သေရတာ။

အားလုံးအများများပြောဆိုနေကြသည်။ ဘယ်သူမှပြုစားတာ မဟုတ်။ ဒဏ်ရာကို ဂရုမစိုက်လို့ မေးခိုင်ပိုးအနားထဲဝင်ရောက်သွားသည်။

မေးခိုင်ပိုးကြောင့် သေရသည်။

ပိုက်ဆံပယူကောင်းအောင် သေဆုံးသူကို ရှေ့တန်းတင်ပြီးတောင်း နေကြသည်။ အလွန်ရိုးသားသူတွေက ၎င်းတို့တောင်းတာကို ကြည်ဖြူစွာ ပေးနေကြသည်။

"တစ်ယောက်ရှိသေးတယ်။ သူလဲမကြာခင် ဒုက္ခရောက်တော့ မယ်။ သူက ငါ့ကိုစိန်ခေါ်နေတယ် ငါကသနားလို့ မလုပ်တာကို အ

www.burmeseclassic.com

www.burmeseclassic.com



ထင်နေတယ်။ ကြာတော့ ငါလဲခွင့်မလွှတ်နိုင်တော့ဘူး။ အခုတော့ လွှတ်ပေးလိုက်ရပြီ"

"ဘယ်သူလဲဆရာ"

"မကောင်းဆိုးဝါးကောင်ပေါ့။ သူ့ကြောင့် ဒီရွာလေးဒုက္ခရောက်လိမ့်အုံးမယ်။ သူ့မိဘနဲ့ ဆရာတော်ကအလိုလိုက်ထားတော့ သူဆိုးသွမ်းတာပေါ့"

ဦးစိုးခင်သည် အောင်စိုးကြီးကိုပြောယုံတင်မကဘူး ရွာဦးကျောင်းဆရာတော်ကိုပါ အပြစ်တင်နေသည်။

ဆရာတော်သည် ဂရုဏာရှင်ဖြစ်သည်။ ဘယ်လိုလူကိုမှ ဒုက္ခပေးခြင်းမရှိ။ ထူးဆန်းတာက ဆရာတော်ကို ပြစ်မှားတဲ့သူတွေဟာ ချက်ခြင်းအပြစ်ပေးခံရတတ်သည်။

မနေ့တစ်နေ့ကမှ ရွာကိုရောက်ရှိလာပြီး ရွာသားတွေကို နှိပ်စက်နေတာတင်အားမရလို့ ဆရာတော်ကိုပါ စော်ကားနေသည်။

ဦးတင်အေးအိမ်ကိုရောက်ရှိနေသူများသည် ဦးစိုးခင်ရဲ့ပြောဆိုမှုကို စိုးရိမ်နေသည်။ ဆရာတော်ကိုအပြစ်ပြောလို့ ဒုက္ခရောက်တဲ့ဖြစ်ရပ်မျိုးရှိခဲ့သည်။

ဦးစိုးခင်သည် ဘယ်လိုအဖြစ်နှင့်ကြုံတွေ့ရမည်ဆိုတာကို စောင့်ကြည့်ရန် ဖြစ်သည်။

"ဆရာတော်က အောင်စိုးကြီးတစ်ယောက်တည်းကို မဟုတ်ဘဲ ဘယ်သူကိုမဆို ဒီအတိုင်းပါပဲ ဆရာဦးစိုးခင်"

"ကျုပ်ကတော့ အဲဒီလိုမထင်ဘူးဗျာ. . . အောင်စိုးကြီးရဲ့အပေါ် အားလုံးထက်ပိုတယ်လို့ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အမြင်ပြောရရင် ဒီထက်ပိုပြီးအခွင့်အရေးပေးသင့်တာ။ ဘယ်လို့လဲဆိုတော့ ဆရာတော်နဲ့ကျောင်းရဲ့ကိစ္စအားလုံးကို သူတစ်ယောက်ထဲပဲ လုပ်နေရတာ။ ဘယ်သူမှလုပ်ကြတာမဟုတ်ဘူး"

"ခင်ဗျားက အောင်စိုးကြီးဘက်က ပါနေပြန်ပြီ. . . လူလောကမှာ အမင်းကြာကြာမစားချင်တော့ဘူးထင်တယ်။ ကျုပ်အကြောင်း ခင်ဗျား သိရဲ့သားနဲ့"

"ခင်ဗျားလူတွေရဲ့အသက်ကို ကယ်တင်မယ့် ဆရာကောင်း တစ်ယောက်ဖြစ်ချင်ရင် အဲဒီစိတ်တွေကို ပြတ်သားစွာဖယ်ထုတ်ရမယ်။ ကျုပ် ကတော့ ခင်ဗျားပြောသလို ဒီအချိန်မှာ ထမင်းဆက်မစားချင်ပေမယ့် ခင်ဗျားရဲ့ အဖြစ်ဆိုးကို မုချတွေ့မြင်ရမှာတော့ သေချာတယ်ဗျာ" ထိုသို့ ပြောပြီးနောက် အဘဦးဉာဏ်ဦးသည် ထိုင်ရာက ထထွက် သွားသည်။

ဦးဉာဏ်ဦး ဘယ်လိုလူကိုမှ မဟုတ်တာပြောဆိုတတ်သူမဟုတ်။ သူအလုပ်ကိုတာ လုပ်တတ်သည်။ ဒုက္ခရောက်သူများကို တတ်နိုင်သလောက် ကူညီသည်။

မဟုတ်တာပြောဆိုသူများကို မကြိုက်။

အနိုင်ကျင့်သူတွေကို မညှာတာတတ်။ ယခုဦးစိုးခင်လုပ်ရပ်တွေကို မကြိုက်။ ဦးစိုးခင်ရွာကိုရောက်လာမှ သရဲတစ္ဆေဆို့တာကို ကြားဖူးသည်။ ရွာကိုခြောက်လှန့်နေသည်။

အမှန်ဘက်က ရပ်တည်နေသူများက ဦးစိုးခင်ရောက်ရှိလာတာ သရဲ တစ္ဆေမကောင်းဆိုးဝါးတွေ ပါပါလာတယ်ဟုပြောကြသည်။

ယခုတော့ ဦးစိုးခင်သည် မကျေနပ်တဲ့အကြည့်ဖြင့် ဦးဉာဏ်ဦးကို ကြည့်ပြီး ကျန်ရစ်ခဲ့ပေ၏။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း-(၂၆)
## သရဲနှင့်ရင်ဆိုင်

မည်းမည်းအရုပ်တစ်ခုသည် အမှောင်ထုကိုအံတုပြီး တရွေ့ရွေ့ လျှော လှုပ်လှမ်းနေသည်။

ပတ်ဝန်းကျင်သည် တိတ်ဆိတ်သည်ဟု မဆိုနိုင်ပေမယ့်. . .

လမ်းမများပေါ်တွင် လူသူသွားလာမှု ကင်းမဲ့နေသည်။

ထိုအချိန်တွင် သွက်လက်တဲ့အမူအယာတစ်ခု ထွက်ပေါ်လာပြီး ရှေ့မှာ ထွက်သွားတဲ့ အရိပ်နောက်ကိုလိုက်နေသည်။

ရှေ့ကသွားတဲ့အရိပ်သည် ဦးဉာဏ်ဦးဖြစ်သည်။

ဦးဉာဏ်ဦးအလုပ်ကိစ္စကားပြောပြီး နေထိုင်ရာအိမ်ကိုပြန်နေသည် အနောက်က လိုက်နေသူသည် သဲသဲကွဲကွဲမသိရ။

၎င်းသည် တစ္ဆေလော၊ လူလော ဘယ်သူမှမသိပေ။

ဦးဉာဏ်ဦးသည် ခြံကြီးတစ်ခြံရှေ့ကိုရောက်ရှိသွားသည်။ အပင်များ လွှမ်းမိုးမှုကြောင့် ပို၍မှောင်မိုက်နေသည်။

အရိပ်သည် တစ်ဖြည်းဖြည်းနီးကပ်သွားသည်။ အနောက်က အရာတစ်ခု လိုက်ပါလာသည်ဆိုတာ သတိထားမိသည်။ အနောက်မသို့ ကြောက်ရွံ့နေသည်။ တုန်လှုပ်နေသည်။

စိတ်ကိုထိန်းထားသည်။

www.burmeseclassic.com



"အမလေး"

လက်နှင့်ပခုံးကို လှမ်းဆွဲခြင်းခံလိုက်ရသည်။

ထိုအတွက်ကြောင့် အော်ဟစ်မိသည်။

အနောက်ကိုလှည့်ကြည့်လိုက်သလို ဖြစ်သွားသည်။ ၎င်းအရာနှင့် မျက်နှာချင်းဆိုင် အနေအထားဖြစ်သွားသည်။

ဦးညာဏ်ဦးကိုတစ်ခုခုလုပ်ရန် ကြံစည်နေသည်။ ရုတ်တရက်ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားသည်။

"ရော့"

"ဖျောင်း"

"အု"

ထိုအရာခေါင်းပေါ်ကို ပြင်းထန်တဲ့တုတ်တစ်ခု ကျရောက်သွားသည်။

ကိုင်ထားတာတွေ လွတ်ပြီးလဲကျသွားသည်။

ရုတ်တရက် ဘာလုပ်ရမှန်းမသိ အံ့ဩနေသည်။

တုတ်ကိုင်ထားသူသည် လဲကျသွားတဲ့ မည်းမည်းအကောင်ကြီးကို ထန်းလိုက်သည်။

"အဘညာဏ်ဦး သွားတော့"

ထိုသို့ပြောဆိုပြီး ထွက်သွားသည်။

ဦးညာဏ်ဦးသည် အသံပိုင်ရှင်ကိုမသိပေမယ့် အသံကိုကြားမူနေသည်။

အမှောင်ထုက လွှမ်းမိုးထားတာမို့ သဲကွဲစွာမြင်တွေ့ရခြင်းမရှိအောင် ဖြစ်နေသည်။

"ဟာ. . . ဟိုမှာရပ်နေတယ်"

လူအသံကြားလိုက်ရသည်။ မီးတုတ်များကြောင့် အမှောင်ထုကို ဖြိုခွင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးအနားကိုရောက်လာကြသည်။

"စောစောက ဘာဖြစ်တာလဲ. . . အဘဉာဏ်ဦး"

"အံ့သြစရာပဲ. . ငါ့ကိုဆွဲတဲ့ မည်းမည်းအရာကြီးကြောင့် အော်မိတာ"

"အခုဘယ်ရောက်သွားပြီလဲ. . . အဘဉာဏ်ဦး"

"မကြာပါဘူး. . . အနောက်က ဝါးလုံးပိုင်းနဲ့ငါ့ကိုဆွဲတဲ့အကောင်ကို ရိုက်လိုက်တယ်. . . ရိုက်ချက်က ပြင်းထန်တော့ လဲကျသွားတယ်"

ဦးဉာဏ်ဦးသည် ဖြစ်စဉ်ကိုပြောပြနေသည်။

ဝိုင်းပြောစကားများကို နားထောင်သူများ အလွန်အံ့သြနေကြသည်။

ဦးဉာဏ်ဦးကိုဆွဲသူသည် သရဲတစ္ဆေဟု သတ်မှတ်နေကြသည်။

"အလွန်ထူးဆန်းတယ်ဗျာ. . . ဒါနဲ့အဘဉာဏ်ဦးကို သွားတော့ လို့ပြောတော့ ဘယ်သူလဲ"

"မှောင်လွန်းလို့ မျက်နှာကိုတော့ သည်းသည်းကွဲကွဲမမြင်လိုက်ရဘူး။ အသံကိုပဲ ကြားလိုက်ရတယ်"

"ဒီအသံကို ရင်းရင်းနှီးနှီးကြားဖူးတယ်။ အောင်စိုးကြီးအသံနဲ့ တူတယ်"

"ဒါဆို ဖြစ်နိုင်တယ်။ ဘယ်ဘက်ကိုထွက်သွားလဲ အဘဉာဏ်ဦး"

"ရွာတောင်ပိုင်းဘက်ကို ထွက်သွားတာ တွေ့ရတယ်"

"လိုက်ကြမယ်"

"အန္တရာယ်များပါတယ်ကွယ်။ မကြာခင်သိရပါလိမ့်မယ်. . . အဲ့ လိုပဲ မျှော်လင့်တယ်. . . လာပြန်ကြမယ်"

ဦးဉာဏ်ဦးနှင့် ရွာသားများပြန်သွားကြသည်။

ရွာလေးသည် တိတ်ဆိတ်မှုက ပိုမိုသွားပေတော့သည်။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း-(၂၇)
## အိမ်ရှေ့က 'ဝ'များ

"ဟာ. . . ဟာ. . . ဒါငါ့ကိုစော်ကားတာပဲ။ ဘယ်ကောင်တွေလဲ"

ဦးစိုးခင်သည် ဒေါသများထွက်နေသည်။

ရွာရှိလူများက အိမ်ရှေ့မှာ အုံခဲနေကြသည်။

အကြောင်းက ဦးစိုးခင်နေအိမ်နှင့်ခြံစည်းရိုးများကို ထုံးဖြင့် "ဝ"လုံးများ ရေးဆွဲထားသည်။

ဇင်းသည် ဝလုံးကို အလွန်မုန်းတီးသည်။ ယခုပြုလုပ်မှုသည် စိန်ခေါ်သည်ဟု ထင်မှတ်နေသည်။

ဦးစိုးခင်သည် ခြံအတွင်းမှာ လူကိုက်တဲ့ အင်းခွေးကြီးနှစ်ကောင်ကို မွေးမြူထားသည်။ ခိုင်လုံတဲ့ ခြံစည်းရိုးဖြစ်နေ၍ မည်သူတစ်ဦးတစ်ယောက်မှ ဝင်နိုင်တဲ့ စွမ်းအားမရှိ။ ယခုဝင်ရောက်ပြီး ထိုသို့ပြုလုပ်သွားတာကို မကျေမနပ်ဖြစ်နေကျသည်။

"ဘယ်ဖြစ်လို့လဲ ဆရာကြီး"

"ဒီမှာလေကွာ. . . တွေ့နေတဲ့အတိုင်းပဲ။ ငါ့ကိုစော်ကားသွားတယ် ဒီကောင်တွေငါ့ကို ပညာလာစမ်းနေတယ်"

"အဲဒီလိုမှတ်မယ် မထင်ပါဘူး"

"သိပ်ဟုတ်တာပေါ့ကွယ်. . . မင်းတို့ကြည့်နေကျ မကြာခင် ဒီရွာမှာ ဒုက္ခရောက်တဲ့သူ တစ်ဦးပေါ်လာလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးခင်သည် ဒေါသများထွက်နေသည်။ ဆေးပြင်းလိပ်ကို မီးညှိပြီး ဖွာရှိုက်နေသည်။ ရွာသားများသည် ဦးစိုးခင်ကြိမ်းမောင်းတာထက် ဦးစိုးခင် အိမ်မှာရေးနွားတဲ့ ဝလုံးများကို စိတ်ဝင်စားနေကြသည်။ ဆရာတစ်ဆူက သတ်မှတ်ထားရသူအိမ်ကို ထိုကဲ့သို့ပြုလုပ်သွားသည်။ ဝလုံးရေးသွားသည့် အဓိပ္ပာယ်မှာ ဝလုံးမဟုတ်။ သုညဟုအဓိပ္ပာယ် ရှင်းအောင်ပြောရရင် သုညဆိုတာ ဘာမှမရှိတော့ဘူးဟု အဓိပ္ပာယ်ဖြစ်သည်။

ရွာသားများသည် ဦးစိုးခင်စကားကို ကြားလိုက်ရပြီးနောက် အသီးသီး ပြန်သွားကြနန်ကြသည်။

ဦးစိုးခင်ရဲ့ဖနီးကတော့ ကျယ်လောင်တဲ့အသံများဖြင့် နတ်ရုပ်များ ရှေ့မှာထိုင်ပြီး မကောင်းသောဆုများ တောင်းနေပေတော့သည်။

၎င်းဆုတောင်းသံကို အားလုံးသောရွာသားများကြားလိုက်သည်။

ရွာသားအချို့သည် ဦးစိုးခင်တို့ ဇနီးမောင်နှံအပေါ် ရွံမုန်းနေကြသည်။

"အလကားလူတွင်ကျယ် လာလုပ်နေတာပါကွာ"

"ငါတို့ရွာသားတွေ ဖြစ်မလား။ သူတို့ပဲဖြစ်မလားဆိုတာ စောင့်ကြည့်ရသေးတာပေါ့"

"အောင်စိုးကြီးကလည်းကွာ. . . ဒီလောက်ဆိုးသွမ်းတဲ့သူကို ဘာလို့ မဆုံးမတာလဲ"

"အချိန်စောင့်ကြည့်ပါအုံးကွာ"

တစ်ယောက်တစ်ပေါက်ပြောဆိုပြီး ပြန်သွားကြသည်။

ဦးစိုးခင်အိမ်ကိစ္စ တစ်ရွာလုံးလွှမ်းမိုးသွားသည်။ ဦးစိုးခင်အသွား အရှက်ရစေသည်။ ရွာရိုးလူကြီးလူငယ်များက တွေ့တိုင်းမေးနေကြပေတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com


အခန်း-(၂၈)

## ဆရာအိမ်ပေါ်က သရဲ

"ဟာ. . .သရဲ. . .သရဲ"

"ကယ်ပါအုံး လုပ်ကြပါအုံး"

ဆူညံတဲ့အသံများ ထွက်ပေါ်လာသည်။

ရွာသားများသည် မီးတုတ်များကို ဆုတ်ကိုင်ပြီး အသံလာရာကို ဦးတည်နေကြသည်။

တစ်အိမ်လုံးမီးများ လင်းထိန်နေသည်။

၎င်းအိမ်သည် တစ်ခြားအိမ်မဟုတ် ဆရာကြီးဦးစိုးခင်ရဲ့ အိမ်ဖြစ်သည်။

ဦးစိုးခင်ရဲ့ မိန်းမသည် ကျယ်လောင်တဲ့အသံဖြင့် အော်ဟစ်နေသည်။

ထိုအချိန်တွင် ဦးစိုးခင်က အိမ်ရှေ့တွင်ထိုင်နေသည်။

ရွာသားများသည် ဦးစိုးခင်အိမ်ကို ဝိုင်းထားသည်။ သရဲဆိုတာကို ရှာဖွေနေကြသည်။

သရဲ၊ တစ္ဆေ၊ နတ်တွေကိုနိုင်သည်ဟု ကြွေးကြော်ခဲ့တဲ့လူရဲ့အိမ်ကို ဆခုကဲ့သို့ တစ္ဆေတက်ရောက်တာဟာ အလွန်ထူးဆန်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရှိုးသားတဲ့ရွာသားများသည် ဘယ်လောက်ပင်မှုန်းတီးနေပါစေ အရေးကြုံရင် ကြည့်နေတတ်သူများမဟုတ်။

"ဘယ်မှာလဲ သရဲ၊ ဘယ်ကိုပြေးလဲ"

"ဟို ဟိုနောက်ဘေးဆောင်ကိုပြေးတယ်"

"ဟော့ကောင်တွေ နောက်ဘေးဆောင်ကိုဝိုင်းထားကြ"

"ငါတို့အောက်မှာ စောင့်မယ်၊ မင်းတို့အပေါ်ကရှာကြ၊ တွေ့ရင် အော်လိုက်"

ရွာသားများသည် နောက်ဘေးဆောင်ကိုဝင်ရောက်သွားကြသည်။

လက်ထဲမှာကိုင်ထားတဲ့ ဓါး၊ လှံတွေက လူတစ်ယောက်လောက်ကို စက္ကန့်ပိုင်းအတွင်း အမှုန့်ဖြစ်သွားနိုင်သည်။

ဦးစိုးခင်အိမ်သည် အဆောင်သုံးခုရှိသည်။

အိမ်မဆောင်၊ နောက်ဘေးဆောင်၊ ထမင်းစားဆောင်များဖြစ်သည်။

ရွာသားများသည် အဆောင်သုံးခုအနက် နောက်ဘေးဆောင်ကို ဝင်ရောက်ရှာဖွေနေသည်။ ၎င်းအဆောင်သည် စပါး၊ ဆန်၊ အခြားသော အတွင်းပစ္စည်းများ သိမ်းထားတဲ့နေရာဖြစ်သည်။ အဆောင်တစ်ခုလုံး ကုန်စင်အောင် ရှာဖွေနေကြသည်။

ဦးစိုးခင်ရဲ့ဇနီးသည် စိုးရိမ်စိတ်များစွာဖြင့်ငိုနေသည်။

ဦးစိုးခင်မျက်နှာသည် ရှက်လွန်းလို့ သေးငယ်နေသည်။

"အဘရေ သမီးတော်တို့ကို ဒီအတိုင်းပဲကြည့်နေတော့မှာလား"

"ဟဲ့ မကုလားမ မင်းနှယ်ကွာ၊ လူတွေကြားထဲ သတိထားစမ်းပါအုံး"

"ဟုတ်ပါတယ် အရီးလေးရာ၊ ကျုပ်တို့ရှိနေတာပဲ၊ ဘယ်လို အကောင်တွေရှိနေပါစေ ကျုပ်တို့ တာဝန်ယူပေးပါမယ်"

www.burmeseclassic.com

www.burmeseclassic.com


"ကျေးဇူးတင်ပါတယ် သားလေးရယ်"

ရွာလူငယ်လေးကိုအားကိုးတကြီး ကျေးဇူးတင်စကားပြောကြားသည်။

ရွာသားများသည် ဦးစိုးခင်အိမ်ရှေ့တွင် ရှုန်းရင်းဆန်ခတ်ဖြစ်နေကြသည်။

ဦးစိုးခင်သည် ရွာသားများကို ကျေးဇူးတင်စကားပြောနေပေမယ့် စိတ်ဓါတ်များကျဆင်းနေသည်။

ဤမျှလောက် မာန်ကြီးသူကိုခြောက်လှန့်ကာ ရိုးသားမှုမရှိဟု တွေးနေသည်။ ထိုကိစ္စတွင် တစ်ဦးတစ်ယောက်ရဲ့ ပယောဂပါနေရမည်ဟုတွေးရင်း လူများကြားတွင် စိတ်ပျက်စွာထိုင်နေပေတော့၏။

❦❦❦❦❦

www.burmeseclassic.com

 www.burmeseclassic.com

အခန်း-(၂၉)
## သရဲဖမ်းပွဲ

**ထို**အချိန်တွင် ထူးဆန်းတဲ့သတင်းတစ်ပုဒ် ကြားရပြန်သည်။ ရွာသားများလှုပ်လှုပ်ရှားရှား ဖြစ်ကုန်သည်။

"ကျေးရွာသားအပေါင်းတို့ ယနေ့ညနေသုံးနာရီအချိန်တွင် သရဲကြီးကို ဖမ်းဆီးပြီးရွာသူကြီးရှေ့မှောက်ကို အောင်စိုးကြီးကိုယ်တိုင်အပ်နှံပါမည်။ စိတ်ဝင်စားသူများ လာရောက်ကြည့်ရှုနိုင်ပါသည်။

"ဒူ. . . ဒူ. . . ဒူ"

ရွာဖော်ကိုညွန့်စိန်သည် ရွာရဲ့အကြောင်းများကို မောင်းနှင့်အတူအော်ဟစ်တတ်သည်။ ထိုသို့အော်ရန် ၎င်းကို တစ်နှစ်စပါးဆယ်တင်းနှင့်ငွေသားတစ်ရာပေးရသည်။

ရွာသားများသည် ကိုညွန့်စိန်ရဲ့အော်သံကြောင့် စိတ်များလှုပ်ရှားကုန်ကြသည်။ သရဲကြီးကိုဖမ်းပြီးလာမည်ဆို၍ ဘယ်ပုံစံနှင့်ဖမ်းလာမလဲ သိချင်ကြသည်။

သရဲကြီးဆိုတဲ့အကောင်သည် ဘယ်လိုလူမျိုးများဖမ်းဆီးမရ။ ၎င်းနှင့်မျက်နှာခြင်းဆိုင်တွေ့ဆုံသူများသည် အသက်ရှင်နိုင်သူမရှိ

www.burmeseclassic.com

www.burmeseclassic.com 

ဤမျှလောက် ကြောက်စရာကောင်းဘဲ့သရဲကြီးကို ဘယ်လိုနိုင်နင်းသလဲ။ လူတွေမြင်တွေ့ခွင့်မရှိ အကောင်ကြီးကိုယ်ပျောက်နိုင်တဲ့ရွှမ်းအားတွေလွှင့်စင်ကုန်ပြီလား။ အောင်စိုးကြီးကလည်း သရဲတစ္ဆေဖမ်းဆီးနိုင်တဲ့ စွမ်းအင်တွေ ဘယ်ကရလိုက်တာလဲ။

ကိုညွန့်စိန်ကြေငြာသလို သရဲကြီးကိုဖမ်းမိတယ်ဆိုရင် ရွာရဲ့အဆန်းဆုံး သူရဲကောင်းတစ်ဦးဖြစ် သတ်မှတ်ခံရမှာ သေချာသည်။

ဦးစိုးခင်အပါဝင် ရွာသူကြီးတချို့က သရဲကြီးကို အားကိုးနေကြသည်။

ငင်းကလည်း အားကိုးလောက်သည်။ သရဲကြီးကို တွေ့ချင်သူများကရွာမြောက်ပိုင်းရှိ လက်ပံပင်ကြီးအောက်မှာ ငှက်ပျော်ပွဲနှင့်တွေ့ခွင့်တောင်းသည်။ ပြီးမှလိုအပ်တာကို အကူအညီတောင်းပြောသည်။

သရဲကြီးက လက်ခံလျှင် ဘယ်လိုလူကိုမှ ညှာတာထောက်ထားခြင်းမရှိ ထင်းပုတ်ကြီးနှင့်ထုလိုက်သည်။

"ဟဲ့. . . မောင်ညွန့်စိန်။ ဘာတွေကြေငြာနေတာလဲ"

"အရီးလေးကလည်းတော်. . . အောင်စိုးကြီးက သရဲကြီးကိုဖမ်းပြီး လူကြီးအိမ်ကိုခေါ်လာမယ်။ စိတ်ဝင်စားသူများ လာရောက်ကြည့်နိုင်တယ်"

"ဟုတ်ရဲ့လား ဟယ်"

"ဟုတ်လို့နေမှာပေါ့. . . အရီးလေးကလဲ"

"မလွယ်တဲ့ကိစ္စပါလားကွယ်"

"ဘာပဲဖြစ်ဖြစ် ကျွန်မတို့ကတော့ သွားကြည့်မှာပဲ"

"ငါတို့လည်း လိုက်မယ်ဟယ်။ ခဏလောက်စောင့်ပါအုံး"

"စောစောသွားမှ နေရာရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ရွာရှိမိန်းမကြီးငယ်များသည် ထိုကိစ္စကိုအလွန်စိတ်ဝင်စားကြသည်။ နေရာရရန် စောစောစီးစီးသူကြီးအိမ်ကို သွားရောက်နေရာယူရန် ကြိုးစားနေကြသည်။

"စောကြီးရှိသေးတယ်. . . အလုပ်သိမ်းပြီလား ချစ်မြိုင်"

"သိမ်းပြီလေကွာ. . . အောင်စိုးကြီးက သရဲကြီးကိုဖမ်းလာမယ်လေ။ အဲဒါသွားကြည့်မလို့လေ"

"ဟေ. . . ဟုတ်လား။ ဒါဆိုငါလည်းလိုက်မယ်။ ဒီအကောင်ကြီးကို တွေ့ချင်နေတာ ကြာပြီ။ ဒီအကောင်ကြီးနဲ့ငါရန်ကြွေးရှိတယ်"

ထိုစကားပြောတဲ့ လူငယ်ပေါင်းများစွာရှိသည်။

သရဲကြီးသည် ရွာသားတွေကို ပြုတ်သားတဲ့ဒုက္ခပေးမှုများစွာရှိသည်။ ခံခဲ့ရတဲ့သူများက မကျေနပ်ချက်များဖြင့် သရဲကြီးကိုစောင့်ဆိုင်းနေကြရသည်။

"ဟဲ့. . . သား မောင်စိန်သောင်း။ အဖေကိုလိုက်ပို့ပေးစမ်းကွယ်။ အဖေ ဒီအကောင်ကြီးကို တွေ့ချင်လို့"

"အဖေက မထနိုင်ဘဲ ကျွန်တော်တို့က ဘယ်လိုလုပ်ပို့ရမှာလဲ"

"မင်းအစ်ကို အုန်းသန်းကိုသွားခေါ်။ ဒီအကောင်ကြီးကိုတွေ့ရရင် အဖေသေပျော်ပါပြီ။ ဒီအကောင်ကြီးကြောင့်အဖေဟာ ရှင်ရက်နဲ့ သေနေရတာ သူ့ကြောင့် ခံစားရတဲ့ဝေဒနာ သူ့ကိုပြန်ပေးလိုက်ချင်လို့။ ဒီအကောင်ကြီးကိုဖမ်းနိုင်တဲ့ အောင်စိုးကြီးအသက်ရာကျော်ရှည်ပါစေ"

ပြောရင်း မျက်ဝန်းအိမ်တွင် မျက်ရည်ကြည်ဥများ တွဲခိုနေသည်။ ၎င်းမျက်ရည်များသည် ဝမ်းသာလွန်းလို့ကျရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးနီသည် အိပ်ယာတွင်ဆယ့်ငါးနှစ်ကျော်လဲနေရသည်။ ထိုသို့ဖြစ်ရသည်မှာ သရဲကြီးကြောင့်ဖြစ်သည်။

သရဲကြီးသည် ဦးဘိုးနီရဲ့ခါးရိုးကို တင်ပုကြီးနှင့်ထုလိုက်သည်။ ဖြင်းဆန်တဲ့ ဒဏ်ရာနှင့်ခါးအရိုးကျိုးသွားသည်။

"လိုက်ပို့ပေးမယ် အဖေ။ စိတ်ကိုတာ တင်းထားပါ"

"ငါဆန္ဒက အကူအညီမရှိဘဲ သွားချင်တာမရလို့ပါကွယ်"

ဦးဘိုးနီသည် ဝမ်းသာစွာ ပြုံးလိုက်သည်။ စိန်သောင်းနှင့်အုန်းသန်းတို့သည် ဖခင်ဈာပနစ်ခေါ်ရန် ထမ်းဆင်ပေါ်ကိုတင်နေကြသည်။

ရွာသူကြီးအိမ်တွင် ရွာသားများနှင့်စည်ကားနေသလို တချို့ရွာသားများကရွာဦးထိပ်ကနေ စောင့်ကြိုနေကြသည်။

ရွာရှိလူကြီးများနှင့် တာဝန်ရှိသူများသည် သရဲကြီးကိုထားမယ့်နေရာကို ခြံတစ်ခုခတ်ထားသည်။ သရဲကြီးလမ်းကို ရှင်းလင်းနေသည်။ သရဲကြီးကို အယ်လိုပုံစံနှင့် ခေါ်လာမည်မသိပေမယ့် ရွာမှာတော့ အလုပ်ရှုပ်နေကြသည်။

♛♛♛♛♛

www.burmeseclassic.com

 www.burmeseclassic.com

အခန်း-(၁၀)

## သရဲငို

"မာ . . . ဟိုမှာလာနေပြီဟေ့"

"ဘယ်မှာလဲ"

"ဟိုမှာလေ လာနေတဲ့လှည်း မတွေ့ဘူးလား"

နွားလှည်းတစ်စီးသည် ဖုတစ်ထောင်းနှင့်ရွာကို ဦးတည်လာနေသည်။ လှည်းဦးထိပ်တွင် အကျီတစ်ထည်ကို အလံထောင်ထားသည်။

ရွာ၏ဓလေ့တစ်ခုမှာ ဘယ်လိုအရာပဲဖြစ်ဖြစ် အောင်မြင်မှုများရလျှင် ထိုကဲ့သို့ အလံထောင်လေ့ရှိသည်။

နွားလှည်းသည် ထောင်းထောင်းထနေတဲ့ လှည်းလမ်းမအတိုင်း ရွာကို ဦးတည်လာနေသည်။

ကြုံကြဲတောက်ပူနေတဲ့အချိန်ကို ဖြတ်သန်းပြီး ရွာကိုဦးတည်လာနေသည်။ လှည်းအနောက်တွင် သန်မာထွားကြိုင်းတဲ့အရာကြီးလိုက်ပါလာသည်။ ၎င်းအရာ၏ လက်နှစ်ဖက်ကိုကြိုးနှင့်တုတ်၍ လှည်းအနောက်မှာ ကြိုးနဲ့ချည်ပြီးဆွဲလာသည်။

နွားများပြေးလျှင် ထိုအရာပြေးလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com


တစ်ခါတစ်ရံ မြေပေါ်လဲကျသွားသည်။ လှည်းကိုရပ်ပေးခြင်းမရှိ။ ဆက်လက်မောင်းနေသည်။ ထိုအရာသည် နာကျင်လွန်း၍ လှည်းကိုရပ်ခိုင်းသော်ငြားလည်း ရပ်ပေးခြင်းမရှိ။

တစ်ခါတစ်ရံ အော်ဟစ်ငိုကြွေးနေသည်။

"ဟော့ကောင်ကြီး မြန်မြန်ထ။ မင်းအပြစ်မင်းခံရတာ။ ငါလုပ်တာနဲ့သေးတယ်"

အောင်စိုးကြီးပြောလိုက်သည်။

အောင်စိုးကြီးကို တောင်းပန်တဲ့မျက်လုံးများဖြင့် ကြည့်နေသည်။ ဘယ်လိုပင်ကြည့်ပေမယ့် ညှာတာမှု ကင်းမဲ့နေသည်။

အကောင်ကြီးသည် ညှာတာစရာကောင်းတဲ့အရာမဟုတ်။

တစ်ဖက်သားကို အသေသတ်ဖို့ ဝန်လေးသူမဟုတ်။

ခြေဖျားနှင့်ပွတ်တိုက်မိ၍ ရင်ဘတ်များဆုတ်ပြတ်နေသည်။ သွေးစက်များ နီရဲစွာ စို့ထွက်နေသည်။

နွားလှည်းလေးသည် ရွာနှင့်တဖြည်းဖြည်းနီးကပ်လာသည်။ ရွာသားများ အောင်စိုးကြီးကို ဝမ်းသာစွာ ကြိုဆိုနေကြသည်။ ပျော်ရွှင်နေကြသည်။ သရဲကြီးဆိုတဲ့အကောင်ကိုလည်း တွေ့မြင်ချင်စိတ်များ ပြင်းပြနေသည်။

သရဲကြီးသည် ဘယ်လိုပုံစံပါလိမ့်။

လူတွေနှင့်ဘယ်လို ကွာခြားပါလိမ့်ဟု တွေးနေမိသည်။

"အောင်စိုးကြီးကိုကြိုဆိုပါတယ်"

"အောင်စိုးကြီးကို ကြိုဆိုပါတယ်"

အော်ဟစ်ကြိုဆိုနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုန်ပေါက်နေကြသည်။ အောင်စိုးကြီးလည်း၊ ၎င်း၏လုပ်ရပ်တို့ ဝမ်းသာနေသည်။ ကြွေကွဲနေသူက လမ်းလျှောက်လိုက်ပါလာတဲ့ သရဲကြီးဖြစ်သည်။ သရဲကြီးသည် လက်ကိုတုတ်ချည်ထားတဲ့ ကြိုးကို ဖြုတ်နေပေမယ့် အောင်မြင်မှု မရရှိပေ။

သရဲကြီးသည် ရွာသားတွေကို မကြည့်ရဲဖြစ်နေသည်။ ခေါင်းကိုငုံ့ ထားသည်။ ရွာအတွင်းကို စတင်ဝင်ရောက်လာသည်။

ရွာသူကြီးနှင့် ရွာ၏နာယကက လူကြီးများအိမ်ရှေ့တွင် တန်းစီပြီးနေရာ ယူနေသည်။ ၎င်းတို့ရှေ့တွင် လူတစ်ရပ်လောက်မြင့်တဲ့ ခြံကြီးတစ်ခုကို ပတ်လည်ခတ်ထားသည်။ ခြံအတွင်းမှာ ထိတ်တုန်းနှစ်ခုနှင့် ငုတ်တစ်ခု ရိုက်ထားသည်။

"သရဲကြီးကို မီးရှို့သတ်မယ်"

"ဓားနဲ့ခုတ်မယ်"

"တုတ်နဲ့ရိုက်မယ်"

ရွာသားများသည် အော်ဟစ်နေကြသည်။

တချို့က မြေခဲများဖြင့် ပစ်ပေါက်နေကြသည်။

၎င်းတို့လုပ်ရပ်ကို ခုခံနိုင်ခြင်းမရှိ။ နွားလှည်းနှင့်ဆွဲထား၍ ပြုသမျှကို တာ ခံနေရသည်။

"ဟား. . ."

"ဟား. . ."

ဒေါသနှင့်အော်ဟစ်ပြီး ရုန်းကန်နေသည်။

နိုင်ခန့်တဲ့ ကြိုးဖြင့်တုတ်ချည်ထား၍ ရုန်းကန်နေပေမယ့် အောင်မြင်မှု မရှိ။ သရဲကြီးသည် လှည်းရှိရာကိုပြေးလိုက်နေသည်။ အောင်စိုးကြီး

www.burmeseclassic.com

www.burmeseclassic.com


နွားနှစ်ကောင်ကို အော်ဟစ်ရိုက်လိုက်ရာ အရှိန်နှင့်ပြေးနေသည်။

သရဲကြီးကို အပြင်းဆွဲသလိုဖြစ်သွားသည်။

"ဖုန်း"

မြေပေါ်ကို မှောက်လျက်လဲကျသွားသည်။

ပြေးနေတဲ့ အရှိန်ကြောင့် တရွတ်တိုက်လိုက်ပါလာသည်။

အောင်စိုးကြီးသည် သနားပေမယ့် ၎င်းရဲ့လုပ်ရပ်ကို မကျေနပ်ဒေါသ ထွက်ပြီး ထိုကဲ့သို့ပြုလုပ်ရခြင်းဖြစ်သည်။

အောင်စိုးကြီးသည် ခြံဝတွင် လှည်းကိုရပ်လိုက်သည်။

"ရွာသားများအပေါင်းတို့ သရဲကြီးကို အန္တရာယ်မပြုကြပါနဲ့။ ဒီအချိန်မှာ သူဟာ မာန်တွေချထားပြီးပါပြီ။ သရဲကြီးနဲ့ပတ်သက်ပြီး လုပ်စရာ အများအပြားရှိနေပါသေးတယ်"

အောင်စိုးကြီးစကားကို လက်ခံပြီး နေကြသည်။

"ဖော်ကြီးနဲ့သိန်းစိုး သရဲကြီးကိုခြံထဲက ငုတ်တိုင်မှာချည်ထား လိုက်"

ရွာသူကြီးစကားဖြစ်သည်။

နွားလှည်းအောက်မှာ ချည်ထားတဲ့ကြိုးကိုဖြုတ်ယူလိုက်သည်။ ၎င်းကို ရှေ့ကဆွဲခေါ်သည်။ ၎င်းကခြံထဲကိုမဝင်ချင် အနောက်ကို တွန့် ဆုတ် တွန့်ဆုတ် လုပ်နေသည်။

"ဟော့ကောင်ကြီး. . . ဝင်လေ. . . ဘာလုပ်နေတာလဲ"

ကျယ်လောင်တဲ့အမိန့် လေသံဖြစ်သည်။

အမိန့်ပေးသူမှာ အောင်စိုးကြီးဖြစ်သည်။ အောင်စိုးကြီးသည် တုတ်ကို တင်းကြပ်စွာ ဆုတ်ကိုင်ထားသည်။ သရဲကြီးသည် ခြံထဲကိုလိုက်ဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်စိုးကြီးသည် တုတ်ကိုကိုင်ပြီးလိုက်လာသည်။ သရဲကြီးသည် လွန်စွာ ထွားကြိုင်းပြီး သန်မာသည်။ လူတစ်ယောက်လောက်ကထော ခါးကိုကိုင်ပြီး ပစ်ထုတ်နိုင်သည်။

"ကျွန်တော်တို့ တစ်ရွာလုံး ကြောက်လန့်နေကြတဲ့ သရဲကြီးပဲ ဒါဟာ သူကိုင်တဲ့ တင်းပုတ်ကြီးပဲ။ လူတွေကို ဒီတင်းပုတ်နဲ့ထုတာတယ် ဒီတင်းပုတ်ကြီး အထုခံရတဲ့လူတွေ ရွာမှာရှိနေအုံးမှာပါ"

"ကျုပ်တို့ အထုခံရဖူးတယ်"

"သူ့ကို ကျုပ်တို့ပြန်ထုရရင် ကျေနပ်ပါပြီ"

"စိတ်ကိုထိန်းကြပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး သူမှာအပြစ်မရှိပါဘူး အဲဒီလို နောက်မှရှင်းပြမယ်။ သူဟာဘယ်သူဆိုတာ မျက်နှာကိုသေချာ ကြည့်ကြပါ။ သူဘယ်သူဆိုတာသိရပါမယ်"

သရဲကြီးမျက်နှာကို သေချာကြည့်နေကြသည်။ မျက်နှာဖုံးအထစ်များ ရှိနေသည်။ ရုတ်တရက်ကြည့်လျှင် အလွန်ကြောက်စရာကောင်းသည်။

မျက်လုံးနှစ်လုံးနီရဲနေသည်။ အသွားများက မည်းနက်နေသည်။

အားလုံးက ထိုအကောင်ကြီးကို သေချာကြည့်နေကြသည်။

"သူ့နာမည်က. . . စိုးဝင်းတဲ့။ သရဲကြီးစိုးဝင်းဆိုရင် မှန်ပါ လိမ့်မယ်"

"စိုးဝင်းကြီး ဘယ်လိုဖြစ်သွားတာလဲ"

"ကျွန်တော်တို့ရွာကို ခြောက်လှန့်ဒုက္ခပေးနေတာ စိုးဝင်းကြီး အပါအဝင် ငါးယောက်ပါ။ သူတို့ဟာ နတ်ဆရာစိုးခင်ရဲ့တပည့်တွေ. . . စိုးခင်နိုင်းသမျှ လုပ်နေသူတွေပဲ"

"ဟာ. . ."

www.burmeseclassic.com

www.burmeseclassic.com



အားလုံးအံ့ဩကုန်ကြသည်။

နားမလည်တဲ့အကြည့်များစွာဖြင့် ကြည့်နေကြသည်။ ရွာသားတချို့က ဦးစိုးခင်ကို ဆရာတစ်ဆူလိုသဘောထားနေကြသည်။ ယခုအောင်စိုးကြီး စကားက ဘယ်လိုလုပ်ပြီး ယုံရမှာလဲခက်နေကြသည်။

ဦးစိုးခင်လို ဆရာတစ်ယောက် ထိုကဲ့သို့အောက်တန်းကျတဲ့ လုပ်ရပ်မျိုး လုပ်မည်မဟုတ်။

အောင်စိုးကြီးက ဘာကြောင့် မဟုတ်တာတွေပြောနေတာလဲ. . .

"ဆရာဦးစိုးခင်ကို ဘာလို့မကောင်းတာပြောနေတာလဲ"

"မင်းမှာ ဘယ်လောက်အပြစ်ကြီးတယ်ထင်လဲ"

"ဟော့ကောင် အောင်စိုးကြီး. . . မင်းစကားပြင့်ပြောပါ။ မပြောရင် ဓားနဲ့ခုတ်ရလိမ့်မယ်။ အဲဒီတော့မှ ငါတို့ကို အပြစ်မပြောနဲ့"

ထိုလူများသည် ဦးစိုးခင်ရဲ့မွေးကျွေးထားသူများ ဖြစ်သည်။

ဦးစိုးခင်ကို လူသူတော်ကောင်းဟု ထင်မှတ်နေကြသည်။ အောင်စိုးကြီးသည် ၎င်းရဲ့လက်ဆွဲတော် ဝါးချင်းတုတ်ပိုင်းကို ကိုင်ပြီး ရပ်လိုက်သည်။

"စိတ်ကို ခေတ္တထိန်းသိမ်းထားကြပါ. . . ကျွန်တော်ဟာ လူတစ်ယောက်ကို ဘယ်တော့မှ သိက္ခာကျအောင်မလုပ်တတ်ပါဘူး။ သရဲကြီးဟာ စကားမပြောတတ်လို့ သူ့ကိုမေးလို့ရမှာမဟုတ်ပါဘူး။ ဦးစိုးခင်နိုင်းသမျှ လုပ်နေသူတွေကို ကျွန်တော်ပြပါမယ်။ ဦးစိုးခင်ဘယ်လိုလူဆိုတာ သိစေရပါမယ်။ သိန်းစိုးနဲ့ဖော်ကြီး ခေါင်းမိုးထဲက လူတွေကိုခေါ်ခဲ့"

"ခေါ်ခဲ့မယ်. . . ခေါ်ခဲ့မယ်"

သိန်းစိုးတို့လူစုရဲ့ အသံဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ဖော်ကြီးတို့လူစုထဲအကြည့်ရောက်သွားကြသည်။ အောင်စိုးကြီးပြောသလို တကယ်ဟုတ်လား... မဟုတ်လားဆိုတာ သိချင်နေကြသည်။

တကယ်တော့ သရဲကြီးသည်စကားမပြောတတ်။

၎င်းကို ထိုရွာတွင် မွေးဖွားသည်။ ရွာကပျောက်သွားသည်မှာ နှစ်ပေါင်းများစွာကြာပြီဖြစ်သည်။

ဖော်ကြီးတို့သည် ကြိုးတုပ်ထားတဲ့လူလေးယောက်ကို ခြံအတွင်းကို ခေါ်လာကြသည်။

"ခင်များတို့တွေ့နေရတဲ့ လူလေးယောက်ပဲ။ သူတို့ဟာ ဦးစိုးခင်ရဲ့ လုပ်ဖော်တွေပဲ"

ရွာသားများသည် ထိုလူလေးယောက်ကို ကြည့်နေသည်။ ၎င်းတို့သည် ရွာသားများမဟုတ်။ တခြားရွာက ဖြစ်နေကြသည်။

သရဲကြီးသည် အောင်စိုးကြီးကိုကြည့်ပြီး တဟီးဟီးနှင့်ငိုနေသည်။ သရဲကြီးကို သနားသူများထွက်ပေါ်လာသည်။ အောင်စိုးကြီးသည် ထိုလူလေးယောက်ထဲက စိုးတင်ဆိုသူကို မေးလိုက်သည်။

"ကျွန်တော်ဟာ ကိုစိုးခင်ရဲ့ညီ... စိုးတင်ပါ။ ကိုစိုးခင်အပါဝင် အားလုံးဟာ နန္ဒင်းကုန်းရွာကပါ။ ကိုစိုးခင်ဟာ လူမိုက်တစ်ယောက်ပါ။ ဒီရွာမှာ ဆရာတစ်ယောက်ဟန်ဆောင်နေပေမယ့် အခုထိဒီလုပ်ငန်းတွေကို လုပ်နေပါတယ်။ ကျွန်တော်တို့ကို သူခေါ်လာတာပါ။ ဒီရွာမှာ သရဲခြောက်တာ ရွာသားတွေကို အထိတ်တလန့်ဖြစ်အောင်လုပ်တာ ဓားပြတိုက်နေတာ သူခိုင်းလို့လုပ်တာပါ"

ဒီရွာကိုရောက်လာရတာ နန္ဒင်းကုန်းရွာသူကြီးရဲ့သားကို သတ်မှုနဲ့



ပုလိပ်တွေလိုက်ဖမ်းလို့ ထွက်ပြေးရင်း ဒီရွာကိုရောက်လာတာပါ။ အခုရွာ မိန်းမကလည်း ခေသူမဟုတ်ပါ။ သူ့ရဲ့ပထမယောက်ျားကိုသတ်တဲ့ လူသတ်သမားပါ။ ဒီရွာက ကိုမိန်ဆိုတဲ့လူကိုသတ်တာ။ အဲဒီမိန်းမပါ... ရွာကို ဒုက္ခအမျိုးမျိုးရောက်အောင် ကျွန်တော်တို့ကိုသူခိုင်းနေတာပါ။ အောင်စိုးကြီးဟာ လူတော်တစ်ယောက်ပါ။ ကျွန်တော်တို့ဟာ လူတွေကိုအလွယ်တကူ အနိုင်ယူနိုင်ပေမယ့် သူ့လိုတော့ ဘယ်လိုမှအနိုင်မရပါဘူး။ သူ့ရဲ့တုတ်ရိုက်ချက်က လျှင်မြန်တယ်။ သွက်လက်တယ်။ အဲဒီအတွက် လက်လျှော့လိုက်ရပါတယ်။ အခုလောက်ဆိုရင် ကိုစိုးခင်ဘာဆိုတာ သိလောက်ပြီထင်ပါတယ်"

စိုးတင်ရဲ့စကားကြောင့် ဘာမှမပြောနိုင်အောင် ဖြစ်ကုန်ကြသည်။ စိုးတင်နှင့်မိတ်ဆွေများသည် ရွာသားများရှေ့တွင် ထိုင်နေကြသည်။

စောစောက ဦးစိုးခင်ကို အားကိုးနေသူများ ဘာမှမပြောရဲသလို ရွာသားများက ၎င်းကိုဒေါသထွက်နေကြသည်။

"မောင်စိုးတင် မင်းပြောတာအမှန်တွေပဲလား"

"ကျွန်တော်ဟာ လူဆိုးလူမိုက်တစ်ယောက်ပါ။ လူလိမ်လူညာတစ်ယောက်မဟုတ်ပါဘူး။ လုပ်ရဲရင်ခံရဲပါတယ်... သူကြီး။ ကျွန်တော့်အစ်ကို စိုးခင်ကတော့ အဲဒီလိုခံရဲတဲ့လူမဟုတ်ဘူး။ တနည်းနည်းနဲ့ ထွက်ပြေးဖို့ပဲ ကြိုးစားနေသူပဲ"

စိုးတင်ရဲ့စကားကို အားလုံးအသိအမှတ်ပြုလိုက်ကြသည်။

ထိုအချိန်တွင် ရွာသားများ ရုတ်ရုတ်ဖြစ်ကုန်ကြသည်။

ရွာသားများကို တွန်းထိုးပြီး အမျိုးသမီးတစ်ယောက် စည်းဝိုင်းအတွင်းကို ပြေးဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com


ပုလိပ်တွေလိုက်ဖမ်းလို့ ထွက်ပြေးရင်း ဒီရွာကိုရောက်လာတာပါ။ အရင်သူ မိန်းမကလည်း ခေသူမဟုတ်ပါ။ သူ့ရဲ့ပထမယောက်ျားကိုသတ်တဲ့ လူသတ်သမားပါ။ ဒီရွာက ကိုမိန်ဆိုတဲ့လူကိုသတ်တာ။ အဲဒီမိန်းမပါ. . . ရွာကို ဒုက္ခအမျိုးမျိုးရောက်အောင် ကျွန်တော်တို့ကိုသူခိုင်းနေတာပါ။ အောင်စိုးကြီးဟာ လူတော်တစ်ယောက်ပါ။ ကျွန်တော်တို့ဟာ လူတွေကိုအလွယ်တကူ အနိုင်ယူနိုင်ပေမယ့် သူ့လိုတော့ ဘယ်လိုမှအနိုင်မရပါဘူး။ သူ့ရဲ့တုတ်ရိုက်ချက်က လျှင်မြန်တယ်။ သွက်လက်တယ်။ အဲဒီအတွက် လက်လျှော့လိုက်ရပါတယ်။ အခုလောက်ဆိုရင် ကိုစိုးခင်ဘာဆိုတာ သိလောက်ပြီထင်ပါတယ်"

စိုးတင်ရဲ့စကားကြောင့် ဘာမှမပြောနိုင်အောင် ဖြစ်ကုန်ကြသည်။ စိုးတင်နှင့်မိတ်ဆွေများသည် ရွာသားများရှေ့တွင် ထိုင်နေကြသည်။

စောစောက ဦးစိုးခင်ကို အားကိုးနေသူများ ဘာမှမပြောရဲသလို ရွာသားများက ရင်းကိုဒေါသထွက်နေကြသည်။

"မောင်စိုးတင် မင်းပြောတာအမှန်တွေပဲလား"

"ကျွန်တော်ဟာ လူဆိုးလူမိုက်တစ်ယောက်ပါ။ လူလိမ်လူညာတစ်ယောက်မဟုတ်ပါဘူး။ လုပ်ရဲရင်ခံရဲပါတယ်. . . သူကြီး။ ကျွန်တော့်အစ်ကို စိုးခင်ကတော့ အဲဒီလိုခံရဲတဲ့လူမဟုတ်ဘူး။ တနည်းနည်းနဲ့ ထွက်ပြေးဖို့ပဲ ကြိုးစားနေသူပဲ"

စိုးတင်ရဲ့စကားကို အားလုံးအသိအမှတ်ပြုလိုက်ကြသည်။

ထိုအချိန်တွင် ရွာသားများ ရုတ်ရုတ်ဖြစ်ကုန်ကြသည်။

ရွာသားများကို တွန်းထိုးပြီး အမျိုးသမီးတစ်ယောက် စည်းဝိုင်းအတွင်းကို ပြေးဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အမလေး. . . ဖြစ်ရလေ အစ်ကိုကြီးရယ်"

ပြောဆိုသံနှင့်အတူ သရဲကြီးကိုပြေးဖက်လိုက်သည်။

၎င်းမှာတခြားသူမဟုတ်။ ရွာမြောက်ပိုင်းက အပျိုကြီးမခင်စိန်ဖြစ်သည်။

"ဘယ်လိုဖြစ်တာလဲ အစ်ကိုကြီးရယ်။ ကိုယ်ရဲ့ရွာကိုမှ ဒုက္ခပေးရတယ်လို့. . . အဖေနဲ့အမေပေးခဲ့တဲ့ အသိတွေဘယ်ရောက်ကုန်ပြီလဲ"

သရဲကြီးသည် ညီမကိုကြည့်ပြီးငိုနေသည်။

လက်နှစ်ဖက်ကို တုတ်ထားတဲ့ကြိုးတွေက ဖြုတ်မရအောင်နိုင်နေသည်။

တကယ်တော့ သရဲကြီးနှင့်မခင်စိန်တို့မှာ မွေးချင်းမောင်နှမနှစ်ယောက်သာရှိသည်။ သရဲကြီးသည် အသက်သုံးဆယ်လောက်မှာ ရွာကထွက်သွားသည်။ မိသားစုများရှာဖွေသည်။ သတင်းအစမရ၍ သေပြီဟုထင်မှတ်နေကြသည်။ ယခုပြန်တွေ့ချိန်မှာ အသက်က လေးဆယ့်ငါးနှစ်ကျော်ပြီး မိဘများကလည်း လူ့လောကအပြင်ကိုရောက်သွားကြသည်။

ရွာသားများသည် ၎င်းတို့မောင်နှမအဖြစ်ကို သနားနေကြသည်။

ရွာသူကြီးသည် ဦးစိုးခင်ဖနီးမောင်နှံကို ခေါ်ခိုင်းလိုက်သည်။

သူကြီးခေါ်ခိုင်းတာနောက်ကျနေသည်။ အောင်စိုးကြီးက သရဲကြီးကို ဖမ်းတဲ့နေ့က ဦးစိုးခင်တို့ဖနီးမောင်နှံကို ဖမ်းထားတယ်၊ ၎င်းတို့ကိုဖမ်းသူမှာ ညီဖြစ်သူ ကိုစိုးတင်တို့အဖွဲ့ဖြစ်သည်။ ရွာသားများက ထိုလူတွေကို ဘယ်လိုလုပ်ဖမ်းသလဲဟု မေးကြသည်။

"ဒါက မခက်ပါဘူး. . . ကိုစိုးခင်ရဲ့မိန်းမ မကုလားမဟာ ရွာထိပ်လက်ပံပင်ကြီးမှာ သရဲကြီးကိုပွဲပေးပြီး ရွာသားတစ်ယောက်ကို တင်းပုတ်ကြီးနဲ့ ထုပေးရန် လာပြောတယ်။ အဲဒီအချိန်မှာ ကျွန်တော်ဟာ

www.burmeseclassic.com

www.burmeseclassic.com


အဲဒီအစင်ကြီးပေါ်မှာထိုင်ပြီး စောင့်နေတယ်။ ညနေအတော်မှောင်တော့ လက်ပံပင်ကြီးအောက်ကိုရောက်လာတော့ လက်ပံပင်ပေါ်က ခုန်ဆင်းပြီး ဒီတုတ်နဲ့အနောက်က ရိုက်လိုက်တယ်။ အားလုံးက ကြောက်လန့်နေတဲ့ ဒီအဓိကောင်ကြီးကို မနှိမ်နိုင်ရင် ဦးစိုးခင်နဲ့အပေါင်းပါတွေ ရွာကိုဒုက္ခအမျိုးမျိုးပေးနေမှာ။ အဲဒါကြောင့် အခုလို ပြတ်ပြတ်သားသား လုပ်လိုက်တာပဲ"

"အောင်စိုးကြီးလုပ်တာ မှန်တယ်"

ရှတ်တရက် ဘာပြောရမှန်းမသိအောင် ဖြစ်ကုန်သည်။

"စိုးတင့် . . . မင်းကိုအားကိုးမိတာ ငါ့သေတွင်းငါတူးသလိုပဲ။ မင်းကြောင့် ငါတို့ဒုက္ခရောက်ရတာ။ မင်းကိုအရင်သတ်ခဲ့ရင် အကောင်းသား"

"ကျွန်တော့်ကြောင့် ခင်ဗျားတို့မိသားစု သူဌေးလိုနေခဲ့ရတာ မေ့နေပြီလား။ ခင်ဗျားက ဆရာတစ်ဆူဆို ကျုပ်တို့က ခင်ဗျားတို့မိသားစုကို စိတ်နာရမှာဗျ"

"ဒီကောင် ငါလုပ်ရင်သေတော့မှာပဲ"

"ဒီမှာ ဦးစိုးခင် . . . သူတို့ဘဝမှာ ခင်ဗျားသတ်လို့မရတော့ဘူး"

အောင်စိုးကြီးစကားကြောင့် ဘာမှမပြောနိုင်အောင်ဖြစ်သွားကြသည်။

ရွာသားများသည် လက်ခုတ်တီးပြီး ထောက်ခံကြသည်။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com


အခန်း-(၃၁)

## သရဲပြေးတဲ့ညနေ

"ငါလုပ်ရပ်ကို ချီးကျူးတယ်ပေါ့. . . ဟုတ်လား လေးသီ"

"ချီးကျူးတာပေါ့ သရဲငိုကြီးရာ"

"ဘယ်လို သရဲငိုဟုတ်လား"

လေးသီသည် ပြုံးရွှင်တဲ့မျက်နှာလေးနှင့် ခေါင်းတစ်ချက်ညိတ်လိုက်သည်။ သရဲငိုဆိုတာ သူမက စတင်ခေါ်တာမဟုတ်။ ရွာလူကြီးများက ခေါ်ခြင်းဖြစ်သည်။ သရဲကြီးသည် ငိုပြီးတောင်းပန်၍ သရဲငိုဟုအမည်တွင်ခဲ့သည်။

အောင်စိုးကြီးသည် ပြုံးရွှင်တဲ့ မျက်နှာလေးနှင့် လေးသီကိုဖက်လိုက်သည်။ လေးသီသည် အလိုက်သင့် အောင်စိုးကြီးရင်ခွင့်ထဲကိုဝင်ရောက်သွားသည်။

ထိုအချိန်တွင် ဆူညံတဲ့အသံထွက်ပေါ်လာသည်။

"လိုက်ဟေ့. . . လိုက်ဟ"

"သရဲကြီးထွက်ပြေးပြီ"

သရဲကြီးသည် ၎င်းတို့နှစ်ယောက် ဘေးကထွက်ပြေးသည်။ ရွာသားများ အောင်စိုးကြီးတို့အနားကိုရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com


"လိုက်ပေါ့ လိုက်ဟာ"

"မလွှတ်စေနဲ့ မိအောင်ဖမ်းကြ"

"သရဲကြီးကို မိအောင်ဖမ်းကြ"

ပရလောကသားများကို စူးစမ်းရှာဖွေနေသော

မင်းပုည

www.burmeseclassic.com